ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (13-10-2014) (၇၉၉၂)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လျက်ရှိ

**အင်းလေး အောက်တိုဘာ ၁၂**

မူလရေပြင်အကျယ် ၁၀၀ စတုရန်းမိုင်ခန့်ရှိသော အင်းလေးကန်ကို ၂၀၁၀ ခုနှစ်တိုင်းထွာချက်အရ ရေပြင်အကျယ် ၂၄ စတုရန်းမိုင်နှင့် ကန်၏ ရေအနက်ဆုံးနေရာ၌ မိုးရာသီတွင် ၁၂ ပေ၊ နွေရာသီတွင် ခြောက်ပေခန့်သာရှိသောကြောင့် အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ယခင်ကထက် ယခုအခါ ပိုမိုအားသွန်ခွန်စိုက်ဆောင်ရွက်နေရပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမြတ်နိုးသူ အင်းလေးဒေသခံများထံမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻**

မျိုးဝင်းထွန်း(မုံရွာ)



တောင်တန်းများနှင့်အတူ ပန်းတင့်နေသော အင်းလေးကန် မြင်ကွင်း။

## ယနေ့ မာတိကာ

မိသားစုတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့ — စာမျက်နှာ - ၆

ဆိုင်ကယ်များတွင် ထိခိုက်စေနိုင်သည့် ဖောင်းကြွနံပါတ်ပြားများ စနစ်တကျ တပ်ဆင်သင့် — စာမျက်နှာ - ၉

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူ သိရှိရန် အသိပေးကြေညာချက် — စာမျက်နှာ - ၁၁

ဟန်တယ်လာအား ခေါ်ယူရန် အာဆင်နယ်နှင့်လီဗာပူး စိတ်ဝင်စားနေ — စာမျက်နှာ - ၁၃

# သင်္ဘောကြီးများတည်ဆောက်နိုင်ရန် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် ဗီယက်နမ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်

ဓာတ်ပုံ-မင်းသစ်၊
သတင်း-နေလင်း(သတင်းစဉ်)

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် နိုင်ငံပိုင်သင်္ဘောကျင်းလုပ်ငန်းတစ်ခု အဖြစ် ၁၉၇၀ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့ကာ အဓိက စီးပွားရေးလုပ်ငန်း အဖြစ် ယနေ့အချိန်ထိ ပြည်တွင်းပြည်ပမှ ရေယာဉ်များအားလက်ခံပြီး ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ တန်ချိန် ၂၀၀၀ ရှိ ရေယာဉ်များ တည်ဆောက်ပြင်ဆင်နိုင်သော လွန်းလမ်း ၁၀ လမ်းပါ လျှောလမ်းသုံး လွန်းကျင်းတစ်ခု၊ တန်ချိန် ၁၂၀၀၀ အထိ ရေယာဉ်ကြီးများ လွန်းတင်ပြင်ဆင်နိုင်သော ရေလုံသင်္ဘောကျင်းတစ်ခုဖြင့် အိန္ဒိယ၊ တရုတ်၊ စင်ကာပူနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများအား လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ပြီး ကမ်းရိုးတန်းသွားတန်ချိန် ၁၀၀၀ ရှိရေယာဉ်များကို တည်ဆောက်ပေးနိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာကာလအတွင်း ရေယာဉ် ၅၅ စင်း တည်ဆောက်ခဲ့ပြီး အစင်း ၈၀ ပြင်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒကြောင့် ပြည်ပမှနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည်လည်း နိုင်ငံတကာဈေးကွက်ဝင် သင်္ဘောကြီးများတည်ဆောက်နိုင်ရန် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry JSC ကုမ္ပဏီနှင့် ပူးပေါင်းပြီး Myanmar shipyards-Dong A Joint Venture Company Limited အဖြစ် ထူထောင်ပြီး ရေယာဉ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**




သင်္ဘောတစ်စင်း လွန်းတင်ပြင်ဆင်နေစဉ်။



ကြေးမုံစာတည်းရှုထောင့် ၁၃-၁၀-၂၀၁၄၊ တနင်္လာနေ့

# နှုတ်ထွက်စကား အလေးထား

ကမ္ဘာ့ရွာကြီးတွင် သတင်းအချက်အလက်နှင့်နည်းပညာများ တိုးတက်လာသကဲ့သို့ စကားအတတ်ပညာလည်း ကျယ်ဝန်းလာသည်။ အသိဉာဏ်မြင့်မားလာသောလောကဝယ် နှုတ်ထွက်ပြောစကားကို တည်ကြည်ဖြောင့်မတ်စွာဖြင့် မှန်ကန်စွာသုံးနှုန်းတတ်ဖို့လည်း လိုလာသည်။ စကားကို အပိုအလိုမရှိ ပြောတတ်ရပေမည်။

ယခုအခါ စကားပြောဆိုခြင်းအတတ်ပညာသင်တန်းမျိုးကို MRTV-4 တွင် အပတ်စဉ်မြင်တွေ့ကြားသိနေရပါသည်။ အဆိုပါသင်တန်းမျိုး ကျယ်ကျယ်ပြန့်ပြန့်မရှိသေးသော်လည်း နှုတ်မှုစကားဖြင့် လူမှုဘဝတိုးတက်စေရေးတွင် ထိုသင်တန်းမျိုးမှာ အမှန်တကယ်လိုအပ်ပါသည်။

စကားတစ်ခွန်းကြောင့်ပင် အောင်မြင်မှုရနိုင်၊ ကြီးပွားတိုးတက်နိုင်သလို စကားတစ်ခွန်းကြောင့်ပင် ဆုံးရှုံးနိုင်၊ ရန်အမုန်းပွားနိုင်သည်ကိုလည်း သတိပြုသင့်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားနိုင်သူ၏ နှုတ်ထွက်စကားသည် ကြားရသူအဖို့ချိုသာယဉ်ကျေး နှလုံးအေးစေနိုင်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနကြီးသူ၏ နှုတ်ထွက်စကားသည် ကြားရသူအဖို့ စိတ်နှလုံးမသာမယာ ဆင်းရဲဖွယ်အတိဖြစ်စေသည်။

မဆင်မခြင်ပြောဆိုမိသောစကားသည် လူအများမနှစ်သက်ဘဲ အမုန်းပွားရသည်။ ထို့ကြောင့် "တံတားအို၊ မှောင်ခို မလျှောက်နှင့်။ စကားဆို တောင်လိုမမောက်နှင့်။ တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်။ စကားဆို တောင်လိုမောက်က ညှိုးတတ်သည်"ဟု ညောင်ပင်သာ ဦးပုညက စပ်ဆိုထားခဲ့သည်။

မိမိပြောသောစကားအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှသာ စကားတစ်ခွန်းအပေါ်အများက လေးစားပေမည်။ အပိုအလိုမရှိ တိကျပြတ်သားဖို့လိုမည်။ ရိုးသားဖြောင့်မတ်သော စိတ်ရင်းစိတ်ထားရှိပါက နှုတ်ထွက်ပြောစကားလည်း မူလဗီဇအတိုင်း ရိုးဖြောင့်ပေမည်။

မှန်ကန်၍ အကျိုးရှိသောစကားကိုပင် အချိန်အခါကြည့်ပြောဆိုရသည်ဟု ဆိုထားသည်။ မမှန်ကန်သောစကားဆိုလျှင်ကား ဆိုဖွယ်ရာမရှိ။ မှန်ကန်သော၊ အကျိုးရှိသော စကားတို့ကိုသာ အချိန်အခါကြည့်၍ မေတ္တာနှင့်ယှဉ်ကာ နူးညံ့သိမ်မွေ့စွာ ပြောတတ်ရသည်။

မြင်တိုင်းမပြော၊ ပြောသင့်မှသာပြောရ၏။ မြင်တိုင်းပြော၊ သိတိုင်းပြောမိ၍ ဒုက္ခရောက်အသက်ပျောက်ခဲ့ရပုံနှင့်ပတ်သက်ပြီး နိပါတ်တော်တွင် ဤသို့ပြဆိုထားသည်။ ပုဏ္ဏားကြီးတစ်ဦးသည် သားသမီးမရှိသဖြင့် ကြက်တူရွေးနှစ်ကောင်မွေးထားသည်။ တစ်နေ့သောအခါ ပုဏ္ဏားကြီး မြို့တက်သောအချိန်တွင် ပုဏ္ဏေးမကြီးကဖောက်ပြန်ရာ မွေးထားသော ကြက်တူရွေးအငယ်က ထိုအဖြစ်ကိုပြောမိရာ ပုဏ္ဏေးမကြီးက လည်လိမ်၍ ပြာပုထဲနှစ်သတ်လိုက်သည်။ သိတိုင်းပြောမိသည့် အမှားတစ်ခုဖြစ်သည်။

သီလမရှိသူရှေ့တွင် သီလအကြောင်းပြောမိပါက နားခါးမည်။ ယုံကြည်မှုသဒ္ဓါတရားမရှိသူရှေ့တွင် ယုံကြည်မှုနှင့် စေတနာ၊ မေတ္တာအကြောင်း ပြောမိပါကလည်းနားခါးမည်။ နှမြောတွန့်တိုသောသူရှေ့တွင် ဒါနအကြောင်းပြောမိပါကလည်း နားဝင်မည်မဟုတ်။ မဆင်ခြင်သောစကားသည် အဆိပ်ဖြစ်စေသည်ကို သတိပြုသင့်သည်။

"စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်"ဟူ၍ ရှင်မဟာသီလဝံသက ဘုရင်မင်းခေါင်ထံ ဆက်သွင်းသော မေတ္တာစာတွင် ဖော်ပြထားသည်။ လူနှင့်ပတ်ဝန်းကျင်တွင် မပြောမဖြစ်ပြောရသောစကားများရှိသည်။ မိမိခံစားချက်ကို သိအောင်ပြောကြားသကဲ့သို့ သူတစ်ပါးစိတ်ခံစားချက်ကိုသိအောင် ပြောရသည်လည်းရှိသည်။

မြတ်ဗုဒ္ဓက လူတို့ပြောဆိုနေကြသော စကားအမျိုးမျိုးတို့ကို တူရာတူရာခွဲခြမ်းစိတ်ဖြာပြီး စကားခြောက်ခွန်းမှ လေးခွန်းကိုပယ်ကာ "ဟုတ်မှန်အကျိုးရှိ၊ သူနာလိုသော စကား"နှင့် "ဟုတ်မှန်အကျိုးရှိ၊ သူမနာလိုသော စကား"နှစ်မျိုးကိုသာ သုံးစွဲအပ်ကြောင်း ညွှန်ပြထားသည်။

သို့ဖြစ်ပေရာ လူ့ဘောင်လောကတွင် တစ်ဦးနှင့်တစ်ဦး အကြောင်းအမျိုးမျိုးဖြင့် ပြောဆိုကြရာဝယ် အဆိုပါစကားနှစ်မျိုးနှင့် သာယာနာပျော်ဖွယ် ပြောဆိုကြခြင်းဖြင့်သာ လောကကိုအလှဆင်သင့်ကြောင်း စေတနာကောင်းဖြင့် အကြံပြုအပ်ပါသည်။ ။

## ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြို့ Summit Parkview Hotel ၌ ယမန်နေ့ နံနက် ၉ နာရီတွင် အမေရိကန်နိုင်ငံ Hawail မြို့ရှိ Akamal University မှ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစမ်းစစ်ရေးကော်မရှင် အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ် ကျောင်းအုပ်ကြီး (ငြိမ်း) ဦးဝင်းသိမ်းအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ Ph.D in Educational Leadership ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ Akamal University, Hawail, USA မှ Secretary of Board-Dr James Ferrel နှင့် Vice President for Asia Program Professor DatoDr. Ben Lee တို့တက်ရောက်၍ အမှာစကားများပြောကြားကြသည်။ ထို့နောက် ဦးဝင်းသိမ်းအား ဂုဏ်ထူးဆောင် Ph.D ဘွဲ့ကို တာဝန်ရှိသူကပေးအပ်ချီးမြှင့်ခဲ့ပြီး**(ယာပုံ)** ဦးဝင်းသိမ်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ပြည်သူတို့၏ တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ကြီး၌ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ



**တောင်ကြီး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာခန်းမတို့၌ယှဉ်ပြိုင်ကြကြောင်း သိရသည်။**(ဓါတ်ပုံ)**

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အကပြိုင်ပွဲ၊ ကဗျာလွတ်(ငြိမ်း) အကပြိုင်ပွဲများကို မြို့တော်ခန်းမ၌လည်းကောင်း၊ အဆင့်မြင့်တန်းအဆိုပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ပထမတန်းအဆိုပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲ၊ အရေးပြိုင်ပွဲတို့ကို ပြည်နယ်အမျိုးသမီးရေးရာခန်းမ၌လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။ **ခွန်အာကာ(ပြန်/ဆက်)**




နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်
သီတင်းကျွတ်၊ တန်ဆောင်တိုင်
အထူးအရောင်းပွဲတော်
15% Off
Available at - ရန်ကုန် (၄၂၄) သိမ်ဖြူလမ်း၊ ယုဇနပလာဇာ၊ တော်ဝင်စင်တာ၊ ဂမုန်းပွင့်၊ နေပြည်တော်-Junction၊ မန္တလေး-(၂၆) ဘီလမ်း။

ပြည်တွင်းရေးရာ

# ချင်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ရုံးရှေ့၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က အမျိုးသား အမျိုးသမီးပြိုင်ပွဲများကို သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးကြပြီး ပြန်လည်ပန်းဝင်လာသူတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား မီနီမာရသွန်ပြိုင်ပွဲ တတိယဆုရ မောင်ဒုထန်(မတူပီမြို့နယ်)၊ ဒုတိယဆုရ မောင်မန်ကျမ်း (ဟားခါးမြို့နယ်)၊ ပထမဆုရ မောင်အောင်ဟုန်းထန် (ကန်ပက်လက်မြို့နယ်)တို့ကို ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် တတိယရရှိသော မလျှုံးထန်(ကန်ပက်လက်မြို့နယ်)၊ ဒုတိယဆုရ မနိုင်းစိမ်းပိုင်(ကန်ပက်လက်မြို့နယ်)နှင့်ပထမဆုရရှိသော မနိမ်းဟုန်း (ကန်ပက်လက်မြို့နယ်) တို့အား ငွေသားဆုနှင့်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူတို့က နှစ်သိမ့်ဆုရရှိကြသူများအား ငွေသားဆုများပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဗိုင်ဖောင်းတင်းနစ်ကွင်း၌ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံတင်းနစ်ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခိုင်ကမ်းအားကစားခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုမှ ပြိုင်ပွဲဝင်အသင်းသားများ၊ အားကစားဝါသနာရှင် ပရိသတ်များတက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ အားကစားရုံအတွင်း ဝင်ရောက်နေရာယူထားကြပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကရာ တေးဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ အားမှာကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကာ ပြန်လည်ထွက်ခွာသွားကြပြီး ချင်းတိုင်းရင်းသား ရိုးရာအကများ၊ ရိုးရာနပမ်းသရုပ်ပြနှင့် မြန်မာ့လက်ရွေးစင်ကရာတေးဒိုအားကစားသမားများဖြင့် သရုပ်ပြကြသည်။

သရုပ်ပြသပွဲများအပြီး ချင်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များဖြစ်ကြသော ဦးအုန်းကျော် (ဥက္ကဋ္ဌ Traithlon အဖွဲ့ချုပ်)က ငွေကျပ်သိန်း ၅၀၊ ဦးဇော်မိုးနိုင်က ငွေကျပ်သိန်း ၅၀၊ ဦးလှမြင့်နှင့် ဦးသောင်းစိန်တို့က ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းကြရာ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးနန်ဇမုန်က လက်ခံသည်။

နံနက်ပိုင်း ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ စည်သူထွန်း (နေပြည်တော်ကောင်စီနယ်မြေ)၊ ဒုတိယဆုရ လှမောင်ဦး (ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရ ဇော်မျိုးလင်း (ရခိုင်ပြည်နယ်)နှင့် ကျော်ဇင်ဖြိုး (မန္တလေးတိုင်းဒေသကြီး) အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသမီး ခတတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ မအေးအေးခိုင် (နေပြည်တော်ကောင်စီနယ်မြေ)၊ ဒုတိယဆုရ မသန္တာရန်အောင် (ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရ သက်မှုန်ကြယ်စင် (ပဲခူးတိုင်းဒေသကြီး)နှင့် ချစ်စန္ဒီကို (မကွေးတိုင်းဒေသကြီး)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးရုံးတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားကာ ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ခန်းမ၌ ကျင်းပသော (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့၏ မြန်မာကင်းထောက်အမျိုးသမီးနည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၂**

အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့၏ မြန်မာကင်းထောက်အမျိုးသမီး နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (အလုံ)တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကင်းထောက်အမျိုးသမီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကမ္ဘာ့ကင်းထောက် အလံများကိုစိုက်ထူကာ အထက-၄(အလုံ)မှ ကင်းထောက်အမျိုးသမီးများက မြန်မာကင်းထောက်သီချင်း သီဆိုကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ၊ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့(ယာယီ)ကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့ ဖွံ့ဖြိုးမှု လုပ်ငန်းတာဝန်ခံ Ms.Karen Chatto တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ယင်းနောက် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့(ယာယီ)အတွက် အလှူရှင်များက အလှူငွေများကို ကင်းထောက်ချုပ် ဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ် ဒေါ်စောဥမ္မာတို့ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါမြန်မာကင်းထောက်အမျိုးသမီးနည်းပြသင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ကာ သင်တန်းသို့ အခြေခံပညာဦးစီးဌာန အမှတ်(၁)၊ (၂)၊ (၃)တို့မှ အထက်တန်းနှင့် အလယ်တန်းပြဆရာမ ၅၆ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြအဖြစ် အာရှ-ပစိဖိတ်ဒေသ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ သြစတြေးလျနိုင်ငံမှ လေးဦး၊ ဂျပန်နိုင်ငံမှ ခုနစ်ဦးတို့ သင်ကြားပို့ချမည်ဟု သိရသည်။ **(ဦးလတ်)**

**✱ အင်းလေးကန်မှ**

"သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာတာကြောင့် အင်းလေးကန် တဖြည်းဖြည်း တိမ်ကောလာရတဲ့ အခြေအနေမှာ ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်တွေကလည်း အင်းလေးကန်ရဲ့ အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံမှာ မိုးရွာသွန်းမှုနည်းပါးခဲ့သလို ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံမှာ နှစ် ၅၀ အတွင်းစံချိန်တင်ပူပြင်းခဲ့ပါတယ်။ ဒါ့အပြင် မုတ်သုံလေနောက်ကျတာတွေ၊ မိုးရွာသွန်းမှုနည်းပါးတာတွေကြောင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ ရေခန်းခြောက်ရှားပါးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီအခြေအနေမှာ အင်းလေးကန်ရေထိန်းထားမှုဟာ အနည်းဆုံးဖြစ်ခဲ့ပြီး ရေပြင်ပမာဏ အလျော့နည်းဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်"ဟု မုံရွာဒေသခံ အင်းသားရဲ့ အင်းလေးစာအုပ်ပြုစုသူ ဆရာမောင်မောင်ချစ်ဦး(မုံရွာ)က ပြောပြသည်။

အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ခေတ်အဆက်ဆက်ကပင် ဆောင်ရွက်ခဲ့ရာ ၁၉၃၇ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ မြေယာထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်း၍ မြေဆီလွှာတိုက်စားမှုများ ကာကွယ်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ခဲ့သလို ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အတွင်း မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများအား ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၁၉၅၁ခုနှစ်တွင် ရှမ်းပြည်နယ်မြေကာကွယ်ပြုစုရေး အက်ဥပဒေကို ထုတ်ပြန်ကာ ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ ရေဝေရေလဲထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ဂေဟစနစ်တည်ငြိမ်စေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သီးနှံသစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝင်ငွေတိုးအခွင့်အလမ်းဖော်ထုတ်ရေးစီမံကိန်းများကို FAO၊ U NDP နှင့် ဂျပန်နိုင်ငံ Karamosia အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ ■

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



နိုင်ငံတကာ

# စွမ်းအင်ကဏ္ဍ အဂတိလိုက်စားမှုကြောင့် တန်ဇန်းနီးယားသို့ အလှူငွေများ ရပ်ဆိုင်းထား

**ဒါအိစလန် အောက်တိုဘာ ၁၂**

တန်ဇန်းနီးယားနိုင်ငံသည် ၎င်း၏ စွမ်းအင်ကဏ္ဍတွင် အဂတိလိုက်စားမှုများ ရှိသည်ဟု စွပ်စွဲချက်အား စုံစမ်းစစ်ဆေး၍ တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာကာ သင့်လျော်သော အရေးယူမှုများ ပြုလုပ်မပြီးစီးမီအထိ နိုင်ငံတကာအလှူရှင် ၁၂ဦးပါအုပ်စုက ၎င်းနိုင်ငံကို ဘဏ္ဍာငွေထောက်ပံ့ခြင်းအား ရပ်ဆိုင်းထားမည်ဟု ခေါင်းဆောင်အလှူရှင်က စနေနေ့တွင် ပြောကြားသည်။

တန်ဇန်းနီးယားသည် ကြီးမားသော သဘာဝဓာတ်ငွေ့သိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော်လည်း ၎င်း၏ စွမ်းအင်လုပ်ငန်းတွင် အတိတ်က အဂတိလိုက်စားမှုရှိခဲ့သည်ဟု စွပ်စွဲချက်က ကပ်၍လိုက်ပါလာခဲ့သည်။

### တံစိုးလက်ဆောင်ပေးရ

တန်ဇန်းနီးယားနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ကုန်ကျစရိတ်ကြီးမားရသည့် အဓိကအကြောင်းရင်းများအနက်မှ တစ်ခုသည် သက်ဆိုင်သူများသို့ တံစိုးလက်ဆောင်ပေးရခြင်းဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်များက ကာလအတန်ကြာကပင် ပြောကြားခဲ့သည်။

ပြဿနာပေါ်ပေါက်လျက်ရှိသော စွမ်းအင်နှင့် ပတ်သက်၍ လက်ဆောင်ပဏ္ဏာများရယူခဲ့ကြသည်ဟူသော စွပ်စွဲချက်မှာ မဟုတ်မမှန်ကြောင်း အစိုးရက ငြင်းဆိုသည်။ အလားတူ စွပ်စွဲချက်အားလုံးကို စုံစမ်းစစ်ဆေးရာတွင် မည်သည့်မှားယွင်းမှုမျှ မတွေ့ရှိကြောင်း ပြောသည်။

ဖင်လန်၊ ဂျာမနီ၊ ဗြိတိန်၊ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ ဥရောပကော်မရှင်၊ အိုင်ယာလန်၊ ကနေဒါ၊ ဂျပန်၊ ကမ္ဘာ့ဘဏ်နှင့် အာဖရိကဖွံ့ဖြိုးရေးဘဏ်တို့ပါဝင်သည့် အလှူရှင်အုပ်စုက ကတိကဝတ်ပြုထားသော အမေရိကန်ဒေါ်လာ ၅၅၈သန်းအနက်မှ ယခုအခါ ၆၉ သန်း ပေးအပ်ပြီးဖြစ်ကြောင်း အလှူရှင်အုပ်စုအကြီးအကဲ ကာတီမန်နာက တန်ဇန်းနီးယားရှိ ဖင်လန်သံရုံးတွင် ပြောကြားခဲ့သည်။

### ဆုံးဖြတ်မည်

ယခုအချိန်တွင် ၎င်းတို့စောင့်မျှော်နေသည်မှာ စီအေဂျီ(ကြီးကြပ်ရေးနှင့် စာရင်းစစ်ချုပ်) ၏အစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များနှင့် အစိုးရ၏ အရေးယူမှုဖြစ်ကြောင်း၊ ယင်းအချက်များကို သိရှိရပြီးမှ ရန်ပုံငွေထပ်မံပေးရေးကို ၎င်းတို့က ဆုံးဖြတ်မည်ဖြစ်ကြောင်း မန်နာက ရိုက်တာသတင်းဌာနသို့ပြောသည်။

အလွဲသုံးစားမှုပြုလုပ်ကြောင်း စွပ်စွဲချက်များကို စီအေဂျီနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့တို့က စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် မီဇင်ကိုမင်ဒါက ပါလီမန်၌ မေလတွင် ကြေညာခဲ့သည်။

### စွပ်စွဲ

အစိုးရပိုင် စွမ်းအင်ကုမ္ပဏီနှင့် လွတ်လပ်သည့် စွမ်းအင်ထုတ်လုပ်သော ကုမ္ပဏီ အိုင်ပီတီအဲလ်တို့ ပူးတွဲထိန်းချုပ်ထားသည့် ဘဏ်ငွေစာရင်းမှ အနည်းဆုံး ဒေါ်လာ ၁၂၂ သန်းကို အိုင်ပီတီအဲလ်ပိုင်ရှင် ပန်အာဖရိကပါဝါကုမ္ပဏီ(ပီအေပီ)သို့ အစိုးရထိပ်တန်းအရာရှိများက လိမ်လည်၍ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု အတိုက်အခံလွှတ်တော်အမတ်များက စွပ်စွဲကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ပီအေပီက တရားဝင်လွှဲပြောင်းခြင်း ဖြစ်ကြောင်း တုံ့ပြန်သည်။

အဆိုပါစွပ်စွဲချက်ကို စာရင်းစစ်က စုံစမ်းစစ်ဆေးရန် ပါလီမန်ပြည်သူ့ငွေစာရင်းကော်မတီက ယခင်ကတည်းကပင် တောင်းဆိုခဲ့ပြီးဖြစ်သည်။

၎င်းဘဏ်ငွေစာရင်းကို ၄၅ရက်အတွင်း စာရင်းစစ်ဆေးမှုပြီးစီးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း စီအေဂျီက မေလတွင် ပြောကြားခဲ့သည်။ သို့သော် တွေ့ရှိချက်များကို လူသိရှင်ကြား ထုတ်ပြန်မည်မဟုတ်ဟုဆိုသည်။

အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ပီစီစီဘီ)ကလည်း စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ဆဲဖြစ်သည်။

**ရိုက်တာ။**

# ယူကရိန်းနယ်စပ်အနီးရှိ ရုရှားတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာရန် သမ္မတပူတင် အမိန့်ပေး

**မော်စကို အောက်တိုဘာ ၁၂**

ယူကရိန်းနိုင်ငံ နယ်စပ်အနီး၌ တပ်စွဲထားသော ထောင်ပေါင်းများစွာသော ရုရှားတပ်ဖွဲ့ဝင်များအား မူလအခြေစိုက်စခန်းများသို့ ပြန်လည်ဆုတ်ခွာရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က အမိန့်ပေးခဲ့ကြောင်း ရုရှားသတင်းဌာနက အောက်တိုဘာ ၁၂ရက်တွင် ဖော်ပြသည်။

ရော့စ်တော့ခ်ဒေသတွင် စစ်ရေးလေ့ကျင့်မှု လုပ်ဆောင်နေသည့် ရုရှားတပ်ဖွဲ့ဝင်ဦးရေ ၁၇၆၀၀ အား ပြန်လည်ဆုတ်ခွာစေခဲ့ကြောင်း ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရုရှားသမ္မတ၏ တပ်ရုပ်သိမ်းရေး အမိန့်မထုတ်ပြန်မီကပင် ရုရှားက ၎င်း၏ တပ်ဖွဲ့များအား ဆုတ်ခွာမည်ဟု ကြေညာခဲ့သော်လည်း အမှန်တကယ်လုပ်ဆောင်ခဲ့ခြင်း မရှိကြောင်း နေတိုးတပ်ဖွဲ့နှင့် အမေရိကန်တို့က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများအား စစ်လက်နက်ကိရိယာများနှင့် တပ်ဖွဲ့များ စေလွှတ်ထောက်ပံ့နေကြောင်း စွပ်စွဲပြောကြားမှုရှိသော်လည်း ၎င်းစွပ်စွဲချက်များအား ရုရှားက ငြင်းဆိုခဲ့သည်။

အောက်တိုဘာ ၁၇ ရက်တွင် ရုရှားသမ္မတ ပူတင်နှင့်ယူကရိန်း သမ္မတ ပီထရို ပိုရိုရှန်ကိုတို့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားပြီးနောက်တွင် အဆိုပါ တပ်ဆုတ်ခွာရေး အမိန့်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုနှစ်ဧပြီလကတည်းကပင် ယူကရိန်းနိုင်ငံ ဒွန်းတက်စ်နှင့် လူဟန့်ဒေသများ၌ ယူကရိန်းအစိုးရတပ်ဖွဲ့များနှင့် ရုရှားလိုလားသော သူပုန်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ ယင်းလက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေ ၃၅၀၀ ကျော်ရှိပြီဖြစ်သည်။

ယူကရိန်းအစိုးရနှင့် ခွဲထွက်ရေးသမားများသည် အတိုက်အခိုက်ရပ်စဲရေးကို စက်တင်ဘာ ၅ရက်တွင် သဘောတူညီခဲ့ကြသော်လည်း ဒွန်းတက်စ်ဒေသဝန်းကျင်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားဆဲရှိသည်။ **ဘီဘီစီ။**



ယူကရိန်းနိုင်ငံနယ်စပ်အနီးမှ ရုရှားတင့်ကားတပ်ဖွဲ့အား တွေ့ရစဉ်။

# စစ်ဒဏ်သင့်ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေး ဒေါ်လာ ၂၁၂ သန်း ထောက်ပံ့ရန် အမေရိကန်ကတိပြု

**ကိုင်ရို အောက်တိုဘာ ၁၂**

ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးအတွက် အောက်တိုဘာ ၁၂ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသော အလှူရှင်နိုင်ငံများ၏ အစည်းအဝေးတွင် အမေရိကန်က ဒေါ်လာ ၂၁၂ သန်းကို ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

### တောင်းခံ

ယခုနှစ်အတွင်း ဖြစ်ပွားသော ရက် ၅၀ ကြာ ဟားမားစ်နှင့် အစ္စရေးတို့၏ ဂါဇာစစ်ပွဲ အပြီးတွင် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ဂါဇာဒေသပြန်လည် တည်ဆောက်ရေးအတွက် အကူအညီအဖြစ် အမေရိကန် ဒေါ်လာ လေးဘီလီယံ (ပေါင်ငွေ ၂ ဒသမ ၅ ဘီလီယံ) တောင်းခံခဲ့သည်။

ရက်သတ္တပတ် ခုနစ်ပတ်အကြာဖြစ်ပွားသော ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုး ဦးရေ ၁၀၀၀၀၀ ခန့်မှာ ၎င်းတို့၏ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဂါဇာဒေသအတွင်းရှိ မြောက်မြားစွာသော အခြေခံအဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် အဆုံးသတ်ခဲ့သော ဂါဇာစစ်ပွဲတွင် အရပ်သားများ အများစုပါဝင်သည့် ပါလက်စတိုင်းလူမျိုး ၂၁၀၀ ကျော် သေဆုံးခဲ့ပြီး အစ္စရေးလူမျိုး ၆၆ဦး သေဆုံးကာ ယင်းအထဲမှ ခုနစ်ဦးမှာ အရပ် သားများဖြစ်သည်။

အောက်တိုဘာ ၁၂ ရက်တွင် ကိုင်ရိုမြို့၌ ကျင်းပသော အလှူရှင်နိုင်ငံများ အစည်းအဝေးသို့ နိုင်ငံပေါင်း ဒါဇင်နှင့်ချီသည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ယင်းတို့မှာ ပင်လယ်ကွေ့ ဒေသနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြပြီး အဆိုပါ အစည်းအဝေးမှ ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးအတွက် ရန်ပုံငွေ ထည့်ဝင်ကြရန် ကတိပြုကြလိမ့်မည်ဟု မျှော်လင့်ရသည်။

**ဘီဘီစီ။**



အိန္ဒိယနိုင်ငံအရှေ့ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ်တိုက်ခတ်စဉ်။

# အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ်တိုက်ခတ်၊ သုံးဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၂**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းဒေသတွင် အောက်တိုဘာ ၁၂ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ်တိုက်ခတ်ရာ အပျက်အစီးများ ဖြစ်ပေါ်ပြီး လူပေါင်း ၃၀၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ကယ်တင်ပေးရကြောင်း ဒေသဆိုင်ရာသတင်းတွင် ဖော်ပြသည်။

လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၇ မိုင်(ကီလိုမီတာ ၂၀၀)နှုန်း တိုက်ခတ်သဖြင့် အလွန်ပြင်းထန်သော အဆင့်ရှိကြောင်း၊ ယင်းကမ်းရိုးတန်းနှင့်အနီးရှိ ဗီဆာခါမက်မြို့ကို ဖြတ်ကျော်တိုက်ခတ်သွားကြောင်း သတင်းတွင် ပါရှိသည်။

အင်ဒရာပရာဒေ့ရှ်နှင့် ဩရိဿပြည်နယ်တို့တွင် ယင်းမုန်တိုင်းကြောင့် သစ်ပင်များ အမြစ်မှကျွတ်ထွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခြင်းများ ဖြစ်ပေါ်သည်။

အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လူသုံးဦးသေဆုံးသည်ဟု ကနဦးသတင်းအရ သိရှိရသည်။ မြေနိမ့်ပိုင်းဒေသတွင် နေထိုင်သူများ မုန်တိုင်းတိုက်ခတ်မှုကြောင့် နှစ်မီတာကျော်ခန့် ရေနစ်မြုပ်မှုဒဏ်ကို ခံစားကြရသဖြင့် ပြည်နယ်နှစ်ခုအတွင်း၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်လက်ခံထားရသည်။ ယင်းနေရာများသို့ သဘာဝဘေးန္တရာယ် ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်လျက်ရှိသည်။ **ပီတီအိုင်။**

## ပြည်တွင်း၊ ပြည်ပရေးရာ

# ဟောင်ကောင်ဆန္ဒပြမှုသည် တရုတ်ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်ကိုပြောင်းလဲနိုင်ဖွယ်မရှိ

**ဟောင်ကောင် အောက်တိုဘာ ၁၂**

ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန်သည် အခက်အခဲ အကျပ်အတည်းကြားတွင် ရောက်ရှိနေသော်လည်း ရာထူးမှအနားယူရန် အစီအစဉ်မရှိကြောင်း သိရသည်။

သူ့အား ရာထူးမှရပ်စဲရန် တောင်းဆိုနေသော ဒီမိုကရေစီလှုပ်ရှားမှုသည် ယမန်နေ့များထက် ဆိုးရွားလာပြီး ထိန်းချုပ်ရန် ခက်ခဲကြောင်း ၎င်းကဆိုသည်။

အာရှ၏စီးပွားရေးအချက်အချာကျသော နေရာများကို ပိတ်ဆို့ထားမှုသည် အချိန်အားဖြင့် တတိယသီတင်းပတ်ထဲသို့ ဝင်လာပြီဖြစ်ကြောင်းနှင့် ယင်းပိတ်ဆို့ထားမှုသည် အကန့်အသတ်မရှိ ပိတ်ဆို့ထားရန်မဖြစ်နိုင်ကြောင်း ဆက်လက်ပြောကြားသည်။

သူ၏အစိုးရသည် ဆန္ဒပြခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်းနှင့် ဆန္ဒပြလူစုလူဝေးကို အင်အားသုံးပြီး လူစုခွဲရန်အစီအစဉ်မရှိကြောင်း ဒေသတွင်း ရုပ်မြင်သံကြားအစီအစဉ်တစ်ခုနှင့် အင်တာဗျူးတွင် စီဝိုင်လျန်က ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးမှူးရွေးချယ်တင်မြှောက်ရေးကော်မတီက တင်သွင်းသောသူများသာလျှင် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်ဟု ပေကျင်းက ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်သားများနှင့် ယာဉ်မောင်းသူများက ဒီမိုကရေစီအရေး ဆန္ဒပြနေကြသည့် ကျောင်းသားများအား ၎င်းတို့၏ ဒီမိုကရေစီအရေးလှုပ်ရှားမှုသည် လူမှုစီးပွားကို ထိခိုက်စေသောကြောင့် လှုပ်ရှားမှုကို အဆုံးသတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

**ရိုက်တာ။**

■



လမ်းမပေါ်တွင် ယာယီရွက်ဖျင်တဲများထိုးကာ ဆန္ဒပြနေသူများကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကျောင်းခြောက်ကျောင်း မီးရှို့ခံရ

**ဗန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းနိုင်ငံတောင်ပိုင်း ပတာနီပြည်နယ်ရှိ ကျောင်းခြောက်ကျောင်းကို တနင်္ဂနွေနေ့နံနက်ပိုင်းက မီးတင်ရှို့ခြင်းခံခဲ့ရသည်။ ယင်းဖြစ်ရပ်သည် အစိုးရကိုဆန့်ကျင်သော သောင်းကျန်းသူများ၏ လုပ်ရပ်ဖြစ်ကြောင်း ဒေသခံမီဒီယာများက ပြောကြားသည်။

သောင်ယန်ဒန်ခရိုင်ရှိ ကျောင်းငါးကျောင်းကို နံနက် ၂ နာရီခွဲတွင် မီးတင်ရှို့ခဲ့ပြီး မရိုခရိုင်ရှိ ကျောင်းတစ်ကျောင်းကို နံနက် ၅ နာရီတွင် မီးတင်ရှို့ခဲ့သည်။ အဆောက်အအုံများ ပျက်စီးခဲ့သော်လည်း လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

မီးရှို့သူများသည် ကျောင်းကိုမီးမရှို့မီ ကျောင်းလုံခြုံရေးတာဝန်ရှိသူများ၏ လက်နှင့်ခြေထောက်ကို ကြိုးဖြင့်တုတ်ခဲ့သော်လည်း ကျောင်းဝန်ထမ်းများ ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း ပတာနီပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဆွမ်ဖိုချာ ဆူဝမ်နာရတ်၏ ပြောကြားချက်ကို ကိုးကား၍ ဗန်ကောက်ပို့(စ်)သတင်းစာက ပြောကြားသည်။

**ဆင်ဟွာ။**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့

**International Day for Disaster Reduction**

သဘာဝဘေးဒဏ်ခံဖို့ သက်ကြီးများနှင့် လက်တွဲစို့

“Resilience is for Life”

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့

# ယူရီးယားစာတ်မြေဩဇာစာတ်လျှော့ဇုန်သို့ ထည့်သွင်းခြင်း စမ်းသပ်ကွက်တွေ့ရှိချက်များအား တောင်သူများသို့ ရှင်းလင်းဆွေးနွေး

**ညောင်တုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ စိုက်ပျိုးပညာပေးစခန်း၌ ယူရီးယားဓာတ်မြေဩဇာဓာတ်လျှော့ဇုန်သို့ ထည့်သွင်းခြင်းအား စမ်းသပ်ကွက်တွင် တွေ့ရှိချက်များ ကျေးရွာတောင်သူများအား ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

မိုးစပါးပုလဲသွယ်စပ်မျိုးစပါးတွင် ယူရီးယားဓာတ်မြေဩဇာဓါတ်လျှော့ဇုန်သို့ ထည့်သွင်းခြင်းစမ်းသပ်ကွက်များကို ဆားမလောက်ကျေးရွာအုပ်စု တောင်သူ ဦးကျင်လှိုင်၏ လယ်မြေ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဓာတ်မြေဩဇာ ဖွံ့ဖြိုးတိုးတက်မှုဌာန (IFDC)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စမ်းသပ်ကွက်ရိတ်သိမ်းချိန်တွင် (IFDC)တာဝန်ခံက တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဓာတ်လျှော့ဇုန်သို့ ထည့်သွင်းခြင်း နည်းစနစ်များ၊ ယူရီးယားအလေအလွင့်နှင့် မြေတွင်းဆုံးရှုံးမှု၊ ယူရီးယားခဲထည့်သွင်းနည်းများနှင့် ရရှိခံစားရမည့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်ကွက်များအား ကွင်းဆင်းကြည့်ရှု၍ တောင်သူများ၏ သဘောထားမှတ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော် (ညောင်တုန်း)**



# သီတင်းကျွတ်အထူးဈေးရောင်းပွဲတွင် နန်းမြို့သူ ဖက်ရှင်ရှိုးပြပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့်(၃၄)လမ်းထောင့် ရတနာပုံစူပါစင်တာတွင် အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ SKY WALK Shooping Mail သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်နှင့် နန်းမြို့သူဖက်ရှင်ရှိုးပွဲပြပွဲကျင်းပရာ ပြပွဲတွင် လှယဉ်ကျေးမယ်များက ပိုးထည်၊ ချည်ထည်ဖက်ရှင်ဒီဇိုင်းစုံဝတ်ဆင်၍ စင်မြင့်ထက်၌ ဖက်ရှင်ရှိုးပြသကြပြီး လာရောက်ကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။ ဖက်ရှင်ရှိုးပွဲလာပရိသတ်များအား တေးသံရှင် ဟဲလေး၊ ချစ်ဇွဲသာနှင့်အဖွဲ့၊ Bee Poison Dancer Group တို့ကလည်း ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ကျိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးရဲမြင့် ၏

ရွှေသမင် ကျိုးပေါင်းရောဂါ

အမှတ်တံဆိပ်




သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။

(သောက်ဆေး) ၀၅၁၄ (YR) ၀၀၅၃၈၃ (လိမ်းဆေး) ၀၀၆၄၆၇ (၀၁၁၅) (ကြပ်ထုပ်ဆေး) ၀၂၁၄ (YR) ၀၀၈၇၀၁

ပင်ရင်း – အမှတ် (၇၆) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။ ဖြန့်ချိရေး – အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၆၃၆

မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004





အကြောင်းကြောင်းကြောင့် ကလေးရရန် အခက်အခဲရှိနေပါသလား...?



သင့်ရဲ့မီးယပ်ဆိုင်ရာရောဂါများကို ခွဲစိတ်ဖို့ စိုးရိမ်ကြောင့်ကြနေပါသလား...?



ဗဓမွေးဖွားဖီအချိန်ကပင် သင့် ရင်သွေးလေးရဲ့ကျန်းမာရေး အခြေအနေကိုသိချင်ပါသလား...?

သင့်၏အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးများကိုယ်တိုင် မှန်ပြောင်းအသုံးပြု၍ အောက်တိုဘာလ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၁၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : enquiry.phih@spa-mm.com

# မိသားစုတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့

(ရာမည-သွေးမွန်)

မိမိတို့နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ စနစ်တကျကူးပြောင်းနိုင်ရေး အဆင့်ဆင့်ပြုပြင်ပြောင်းလဲမှုများကို ဒီမိုကရေစီအစိုးရသစ်ကာလတွင် ဖန်တီးဖော်ဆောင်လျက်ရှိသည်။ ဤအခြေအနေတွင် မိမိတို့နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းသော အခြေခံလူတန်းစား တောင်သူလယ်သမားအများစုသည် မိရိုးဖလာ လက်မှုလယ်ယာကိုသာ အားထားလုပ်ကိုင်လျက်ရှိကြောင်း တွေ့မြင်ကြားသိနေရဆဲဖြစ်သည်။ အပြောင်းအလဲကို မသိ၍သော်လည်းကောင်း၊ မလုပ်လို၍သော်လည်းကောင်း ယူဆစရာဖြစ်နေသည်။

လူ့သမိုင်းသည် အချိန်ကာလနှင့်ယှဉ်၍ အစဉ်သဖြင့် ပြောင်းလဲနေသည်။ ၂၀၁၄ ခုနှစ်တွင် သန်း ၆၀၀၀၊ ၂၀၁၁ ခုနှစ်တွင် သန်း ၇၀၀၀(ခုနစ်ဘီလီယံ)ရှိရာ နေ့စဉ်လူဦးရေ သန်း ၈၅၀ ခန့်သည် အာဟာရပြည့်ဝလောက်ငမှုမရှိ၍ အစာရေစာဖူလုံရေး ဆောင်ရွက်ကြရသူတို့အဖို့ ခေါင်းခဲစရာဖြစ်နေသည်။ တစ်နှစ်လျှင် လူဦးရေတိုးနှုန်း ၇၈ သန်းခန့်ဟု ပညာရှင်များက တွက်ဆထားကြသည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး တရုတ်နိုင်ငံသည် မည်သို့သောစီမံချက်များ ချမှတ်စေကာမူ နှစ်စဉ် ၁၅ သန်းခန့် တိုးတက်လျက်ရှိကြောင်း သိရသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံကျော်၊ ၁၀ ဘီလီယံအထိ တိုးမြင့်လာနိုင်ကြောင်း တွက်ချက်ထားသည်။ စားရေရိက္ခာ ဖူလုံမှုမရှိဘဲ လူနေမှုဘဝကို မည်သို့မျှ ထူထောင်နိုင်မည်မဟုတ်ချေ။

သို့ဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်တွင် ၂၀၂၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး ရည်မှန်းချက်သတ်မှတ်ပြီး အာဆီယံနိုင်ငံများ လက်တွဲညီစွာ ကြိုးပမ်းအကောင်အထည်ဖော်ကြမည် ဖြစ်သည်။ အလားတူပင် အာဆီယံနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အရဆောင်ရွက်လျက်ရှိရာ အာဆီယံစားနပ်ရိက္ခာဖူလုံမှုဘုတ်အဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက်စီမံကိန်းနှင့် အာဆီယံနှင့် အပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တစ်ဖက်တစ်လမ်းက ပါဝင်တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတက ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ဧည့်နိုင်ငံများသို့ မိတ်ဆက်၍ ဈေးကွက်ရှာဖွေမြှင့်တင်ပေးနိုင်သော အခွင့်အလမ်းများ ရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံတော်၏ တော၊ တောင်၊ ရေ၊ မြေသယံဇာတပေါကြွယ်ဝမှု၊ လယ်ယာသားငါး၊ သစ်တောကဏ္ဍများ၏ စီးပွားရေးအလားအလာရှိမှုများကို မျက်မြင်ထုတ်ဖော်ပြသကာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်စေခြင်းဖြင့် ပြည်သူများနှင့် နိုင်ငံအကျိုးစီးပွားကို မြင့်မားစေနိုင်မည်လည်း ဖြစ်သည်။

အစည်းအဝေးရလဒ်များအဖြစ် ပိုးသတ်ဆေး ၇၃ မျိုးအတွက် အမြင့်ဆုံးဓာတ်ကြွင်း အာနိသင်သတ်မှတ်ချက် (MRL)၊ အာဆီယံဒေသဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်အတွက် လမ်းညွှန်ချက်၊ ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းသည့် ပစ္စည်းများ (BCA)၊ အသုံးပြုမှုနှင့် ကုန်သွယ်မှုနည်းဥပဒေများဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ အာဆီယံစံသတ်မှတ်ချက်များ၊ အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနည်းဗျူဟာလုပ်ငန်း အစီအစဉ် ၂၀၁၄-၂၀၁၇၊ တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ဆေးထုတ်လုပ်သူများ လိုက်နာရမည့်နည်းလမ်းကောင်းများ (GMP)အတွက် အာဆီယံလမ်းညွှန်ချက်များ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAHP)အတွက် နည်းဗျူဟာအစီအစဉ်များ၊ ကောင်းမွန်သော ရေလုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများအတွက် အာဆီယံလမ်းညွှန်ချက်များ၊ အခြားအရေးကြီးသီးနှံများဖြစ်သည့် ကိုကိုး၊ သစ်ကပ်မှို (Oyster



Mushrooms)၊ မြေပဲ၊ သကြားပန်းသီး၊ ကန်စွန်းဥ၊ မန်ကျည်းချိုနှင့် လက်ဖက်ကဲ့သို့သော သီးနှံများစိုက်ပျိုးထုတ်လုပ်ရေး အလေ့အကျင့်ကောင်းများအတွက် အာဆီယံလမ်းညွှန်ချက်များကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ထို့ထက်မက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ မိသားစု လယ်ယာလုပ်ငန်းနှစ်"အဖြစ် သတ်မှတ်ပြီး "မိသားစုတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့"ဟူသော ဆောင်ပုဒ်ချမှတ်ပေးထားသည်ကို သတိမူကြဖို့ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ လယ်ယာကဏ္ဍတွင် အဓိကအင်အားစု ၈၀ ရာခိုင်နှုန်းကျော်ပါဝင်နေကြသည့် လုပ်ကွက်ငယ်များကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ဤသို့လျှင် နိုင်ငံ့ဦးဆောင်သူတို့၏ တာဝန်သိစိတ်ဖြင့် ကြိုးပမ်းနေမှုကို အများပြည်သူသိရှိနိုင်ကြလိမ့်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးသို့ ပြောကြားသည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ရေဒီယိုမိန့်ခွန်းတွင် "ကျွန်တော်တို့နိုင်ငံရဲ့ ရေ၊ မြေ အနေအထားများဟာ လယ်ယာကဏ္ဍအတွက် သဘာဝကပေးထားတဲ့ အားသာချက်တွေပဲဖြစ်ပါတယ်၊ ရိုးရာနည်းစနစ်နဲ့ စိုက်ပျိုးရေးစနစ်များကနေ လုပ်သားအင်အားနည်းနည်းသာသုံးရတဲ့ အရင်းအနှီးနည်းပြီး အကျိုးအမြတ်များတဲ့ အရည်အသွေးမြင့် လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မှုဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် များစွာ အရေးပါတဲ့ကိစ္စများဖြစ်တဲ့အတွက် လယ်ယာကဏ္ဍကိုလည်း ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာကဏ္ဍတစ်ရပ်အဖြစ် ရှုမြင်အကောင်အထည်ဖော်လျက်ရှိပါတယ်"ဟူ၍ ပြောကြားခဲ့သည်။

မိမိတို့တောင်သူများအတွက် လယ်ယာကဏ္ဍပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ကနဦးအနေဖြင့် တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်အတွက် ရေရရှိရေးကို မြေပေါ်၊ မြေအောက်ဆည်ရေတို့ဖြင့် ရယူစေကာ ဆောင်ရွက်ပေးသကဲ့သို့ ကူးပြောင်းနိုင်ရန်ကိုလည်း ငွေရင်းမရှိသောပြဿနာအတွက် သမဝါယမငွေစုငွေချေးလမ်းကြောင်းမှလည်းကောင်း၊ အရစ်ကျပေးချေမှုကလည်းကောင်း ဖြစ်နိုင်ခြေရှိသမျှ လက်လှမ်းတမီဖြစ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုက်သင့်သော အကျိုးအမြတ်ရရှိရေးအတွက် အလေအလွင့်နည်းပါးဖို့လည်း လိုသည်။ သို့ဖြင့် မရှိမဖြစ် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များသုံးကြဖို့ လိုအပ်ပါသည်။ သို့မှလည်း အချိန်တိုအတွင်း အလုပ်ဖြစ်နိုင်မည်ဖြစ်သည်။ ကွင်းဆက်အကျိုးများကိုလည်း ခံစားရမည်ဖြစ်သည်။

သို့ဖြစ်ရာ "အရှုံးနှင့်ရင်ဆိုင်ရသော်" ဟူသောအတွေး၊ အားငယ်စိတ်မမွေးကြဘဲ "နောင်ရိုးနှလုံး" ဖြင့်ဟူ၍ မိမိဆိုနေရခြင်းဖြစ်သည်။ မယုံမရဲစိတ်ကို ပယ်ဖျောက်နိုင်ကြဖို့လိုသည်ဟု မိမိမြင်ပါသည်။ မိမိတို့တောင်သူများတွင် နှစ်ပရိစ္ဆေဒများစွာ ရိုးတွင်းခြင်ဆီသို့တိုင် စွဲနေသော မိရိုးဖလာလယ်ယာလုပ်ငန်းခွင်ကို ဖျောက်ဖျက်နိုင်မှု မရှိကြသေးကြောင်း တစ်နေ့က ဖတ်လိုက်ရသော နယ်သတင်းတစ်ပုဒ်က ဖော်ပြနေပါသည်။ ထိုသတင်းတွင် လယ်သမားများက စပ်မျိုးစပါးတို့၏ မူလပကတိရုပ်သွင်ဖြစ်သော မျိုးစေ့ချန်မရသောအဖြစ်ကို အပြစ်ဆိုထောက်ပြအဓိကထားပြောသည်။ စပ်မျိုးစပါးတို့၏ "မျိုးစေ့ (Seed) " နှင့် "သီးနှံစေ့ (Grain)" တို့ကို ခွဲခွဲခြားခြားမမြင်သောကြောင့်လည်း မိရိုးဖလာနွံမှ ရုန်းမထွက်နိုင်ကြသေးဟု မိမိဆိုခဲ့ခြင်းဖြစ်သည်။

"မျိုးစေ့ (Seed) "သည် စိုက်ပျိုးရန်ရည်ရွယ်၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ စားသုံးရန်မဟုတ်။ ထို့ကြောင့်လည်း စိုက်ပျိုးရေးအတွက်သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းမီရပါမည်။ မူလမျိုးရိုးဗီဇရုပ်သွင်ပြင်များ ထပ်တူညီမျှတူရမည်။ စနစ်တကျထိန်းသိမ်းထုတ်လုပ်ရရှိသော မျိုးစေ့ဖြစ်ရပါမည်။ စားရန်၊ ရောင်းရန်စပါးထဲမှ ခွဲထုတ်ချန်ထားခြင်းမျိုးမဟုတ်၊ ဤသည်ကို သတိပြုပါ။

"သီးနှံစေ့ (Grain)" သည် မူလကပင် စားသုံးရန်ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်သောစပါး "သီးနှံစေ့"ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရန် မူလအရည်အသွေးကျဆင်းပါမည်။ ဤသည်ကို မျိုးစေ့အဖြစ်စိုက်ပျိုးမည်ဆိုပါက အပင်တော့ ပေါက်မည်။ အထွက်နှုန်းမကောင်းနိုင်။ အထွက်နှုန်းဧကန်မုချလျော့မည်။ စားသုံးရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်၍ စားကောင်းပါမည်။ စားသုံးသောသီးနှံစေ့အရည်အသွေးပြည့်မီပါမည်။ (ဤသည်မှာ စိုက်ပျိုးရေးပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားသော "စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း" စာတမ်းပါ စာကို မိမိနားလည်သလို အများနားလည်အောင် ထပ်ဆင့်ကာ လွယ်ကူမည့်ဝေါဟာရဖြင့် ပြန်လည်ပြောကြားခြင်းဖြစ်ပါသည်။)

မျိုးစပါးမဝယ်လိုပါက ဤမျှအထွက်တိုးစေသော ရလဒ်များ မရနိုင်ပါ။ မိမိစိုက်ခင်းမှ ထွက်ရှိသော စပါးကိုပင် မျိုးစပါးအဖြစ် ပြန်လည်သုံးစွဲလိုပါက စပ်မျိုးစပါးကဲ့သို့ အထွက်နှုန်းမရနိုင်ပါ။ "စပ်မျိုးစပါးကိုသာ စိုက်ထားခြင်းဖြစ်၍ ထွက်ရှိလာသောစပါးသည် စပ်မျိုးစပါးသာ"ဟု အထင်ရောက်နေသူများလည်း ရှိနေပါသည်။ မဟုတ်ပါ။ သားသမီးသည် မိဘနှင့် အရည်အသွေး၊ စံချိန်စံညွှန်းထပ်တူညီမျှ မဖြစ်နိုင်ပါ။

မိမိတို့၏တောင်သူတို့မှာ သည်လယ်မှာစိုက်၊ ထွက်လာသည့်စပါးထဲက ဘယ်ရွေ့ဘယ်မျှကို မျိုးစပါးချန်။ ကျန်တာစား။ ရောင်း။ နောက်ထပ်စိုက်တော့မည်ဆိုက ချန်ထားသောစပါးကို မျိုးစပါးလုပ်၊ စိုက်။ မျိုးစပါးအတွက် ငွေထပ်ကုန်စရာမလို။ ဤသို့ကျင့်သုံးလာသည်မှာ ကမ္ဘာဆွေးတိုင်ဖြစ်ပါသည်။ ထို့ကြောင့် "မျိုးစပါးဝယ်ရမည်" ဆိုသည်ကို ဘဝင်မကျ။ လက်မခံလို။ ယင်းသို့သော လိုအပ်ချက်ကို စပ်မျိုးစပါး၏ အထွက်နှုန်းကောင်းခြင်းက ကယ်တင်နိုင်ဖို့လိုပါသည်။ မူလအထွက်နှုန်းထက် နှစ်ဆမက သုံးဆသို့ပင်ရောက်နေသော်လည်း "မျိုးစပါးဝယ်ရတယ်"ဟူသော အမည်းစက်ကို မချေဖျက်လိုကြပါ။ ထို့ကြောင့်လည်း ဖောင်ဖျက်ရန် စိတ်ခွန်အားပါးလျားမပျက်ရှိချေသည်ဟု မိမိထင်မြင်မိပါသည်။

သို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ကျားကုတ်ကျားခဲ၊ မဆုတ်မနစ်ချီတက်ကြမည့် မိမိတို့တောင်သူများ လုံ့လဝီရိယဖြင့် သိပ္ပံနည်းကျစပါးစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျော်လွှားနိုင်သကဲ့သို့ စပ်မျိုးစပါး၏ မူလပကတိရုပ်သွင်ပြင်မှာ စားသုံးရန်မဟုတ်။ စိုက်ပျိုးရန်ဖြစ်သည်ကို ဤမျှဖြင့် သဘောပေါက်နားလည်လိမ့်မည်ဟု မှတ်ယူရေးသားလိုက်ရပါသည်။ ။

မြန်မာပြည်တွင် ပထမဆုံး တင်သွင်းသော Since 1996
Home Distribution Group
ISO-9001:2008 Cert.No. 683916
100% ရေစိမ်ခံ ကြမ်းခင်းများ။
Ready Made Floor (ပါကေးအစားထိုး ကြမ်းခင်းများ)။
GRADE A, B, C, D အစစ်များသာရောင်းပါသည်။
ဈေးနှုန်း အနိမ့်ဆုံး ↔ အမြင့်ဆုံး ထိရှိပါသည်။
Grade နှင့် Quality စစ်မှန်မှုကို 'အခမဲ့' စက်ဖြင့် လက်တွေ့ စစ်ဆေးပေးပါသည်။
★★★ Hotel, Condo, Project ,...
Home အတုအပ သတိထားနော်
No. F 2-6၊ ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊(ဖ.ဆ.ပ.လ ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Yangon - 09 730 84840, 09 73084841 Naypyitaw - 09 730 84844, 09 492 05733

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားစီးလုံးငှားသည်။
Ph: 209077, 09-731 67000
209388, 09-731 68000

Modern Myanmar Travels
တောင်ကြီး မီးပုံးပျံပွဲ
ပြင်ဦးလွင် Nov 4
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင်
Hotel/Guest House စီစဉ်ပေးသည်
09-450047016, 09-253540004

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
■နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
●အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ●ရေးနည်း(Pre., Vol:1,2,3)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■392468 09517184

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
Saloon, Van

The Sky Travels
ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
09-259131477, 256541414, 5004894

# ပြည်သူ့အသံ ပြည်သူ့အကြံ

ခင်မောင်ထွေး

ပစ္စုပ္ပန်မြန်မာနိုင်ငံသည် ပြည်သူများလိုလားတောင့်တနေသော ဒီမိုကရေစီစနစ်နှင့်အညီ အနာဂတ်လှုဘောင်သစ်ဆီသို့ အရှိန်အဟုန်ဖြင့်ရွေ့လျားနေသည်။ အောက်ခြေ ရပ်ကွက်/ကျေးရွာအဆင့်မှသည် ဒေသန္တရဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမြင့်ဆုံးနိုင်ငံ့ဦးသျှောင် နိုင်ငံတော်သမ္မတအထိ ပြည်သူကသာ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပေးလျက်ရှိသည်။

ယခုတစ်ဖန် နိုင်ငံ၏အချက်အချာကျသည့် စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင်လည်း အဓိကအရေးပါလျက်ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲအဆင့်ဆင့်ကို ဒီမိုကရေစီစနစ်နှင့်အညီ မြို့တော်သူ မြို့တော်သားများက ရွေးကောက်တင်မြှောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်ကိုယ်စားလှယ်လေးဦး၊ ခရိုင်စည်ပင်သာယာရေးကော်မတီအတွက် တစ်ခရိုင်လျှင် သုံးဦးနှုန်းဖြင့် ကိုယ်စားလှယ် ၁၂ ဦးနှင့် မြို့နယ် ၃၂ မြို့နယ် စည်ပင်သာယာရေးကော်မတီအတွက် တစ်မြို့နယ်လျှင် သုံးဦးနှုန်းဖြင့် ကိုယ်စားလှယ် ၉၆ ဦး စုစုပေါင်းကိုယ်စားလှယ် ၁၁၂ ဦးတို့ကို ပြည်သူများက လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ကြရပေတော့မည်။

ပြည်သူများက နှစ်ပေါင်း ၆၀ ကျော်နောက်ပိုင်း ပထမဆုံးအကြိမ် ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခွင့်ရရှိခဲ့ခြင်းလည်းဖြစ်သည်။ ရွေးချယ်ယှဉ်ပြိုင်လိုသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် အောက်တိုဘာ ၇ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့တော် ကော်မရှင်သို့တင်သွင်း၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းများကို အောက်တိုဘာ ၂၀ ရက်တွင် ကြေညာပေးသွားမည်ဖြစ်သည်။ ရွေးကောက်တင်မြှောက်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အနိုင်ရကိုယ်စားလှယ်များကို ၄၈ နာရီအတွင်း ကြေညာပေးသွားမည်ဟု ကနဦးသိရသည်။

ထို့ကြောင့် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ဒီမိုကရေစီစနစ်၏ အသီးအပွင့်တစ်ရပ်ဖြစ်သော မကြာမီကျင်းပတော့မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ပြည်သူအချို့၏ထင်မြင်ယူဆချက် ပြည်သူ့အသံများ၊ ပြည်သူတို့၏အကြံပြုချက်များကို ရွေးချယ်တင်ပြလိုက်ရပါသည်။

ဒီမိုကရေစီခေတ်မှာ တရားစီရင်ရေး၊ ဥပဒေပြုရေးကို ပြည်သူတွေကိုယ်စားပြုတာက ပိုကောင်းတာပေါ့၊ အထက်လူကြီးတွေ ကြိုက်လို့ခန့်ထားတာထက် ပြည်သူတွေကိုယ်တိုင် ရွေးချယ်ရတာက ပိုကောင်းတာပေါ့ဗျာ။

**ဦးဘရှိန်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ဒီမိုကရေစီစနစ်နဲ့အညီ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ခွင့်ရတဲ့ အုပ်ချုပ်မှုတစ်ရပ်ကို ကနဦးဖွင့်လှစ်နိုင်တဲ့အတွက် ကြိုဆိုပါတယ်။ ပြည်သူတွေအပိုင်းကလည်း ကိုယ့်မြို့ကိုယ့်ရွာ သန့်ရှင်းသာယာလှပဖွံ့ဖြိုးစေဖို့ အရည်အချင်းရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို စနစ်တကျ ရွေးချယ်နိုင်ဖို့တော့လိုတယ်။ ဒါကြောင့် ကိုယ့်မဲတစ်ပြားကို အသဲကြားထဲက ထွက်လာသလောက် တန်ဖိုးထားစေချင်ပါတယ်။ နှစ်ပေါင်းအတန်ကြာပျောက်နေတဲ့ စနစ်တစ်ခုကို ပြန်လည်အသက်သွင်းတာဖြစ်လို့ အခက်အခဲတွေရှိကောင်းရှိနိုင်ပေမယ့် အနာဂတ်ကိုပါ တွက်ချက်ပြီး ပီပီပြင်ပြင် စနစ်တကျနဲ့ အကောင်အထည်ဖော်ဆောင်ရွက်စေချင်ပါတယ်။

**ဦးရဲထွန်း**
**မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း**
**အထွေထွေအတွင်းရေးမှူး**

ပြည်သူတွေထဲက စိတ်ဝင်စားသူတွေဝင်ပြီး အရွေးခံနိုင်တာပေါ့လေ။ တကယ်တမ်း ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေအနေနဲ့လည်း မရခင်က ဘာလုပ်မယ်၊ ညာလုပ်မယ် စိတ်ကူးထားပြီး ရတဲ့အခါမှာလည်း တကယ်ဖြစ်မြောက်အောင်လုပ်ဖို့လိုပါတယ်။ နေရာရဖို့သာ ဝင်အရွေးမခံဘဲ ပြည်သူတွေအတွက် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်အောင် ရည်ရွယ်ပြီး အရွေးခံစေချင်ပါတယ်။ ပြည်သူကတင်မြှောက်တဲ့ ကိုယ်စားလှယ်တွေပါဝင်လာတော့ ပိုကောင်းတာပေါ့၊ ပြည်သူ့အသံကို အမြဲနားထောင်ပြီး အဆင်ပြေအောင် လိုက်လျောညီထွေ လုပ်ပေးရမှာပေါ့။ တစ်ဖက်ကလည်း ဌာနကခန့်တဲ့ ကော်မတီဝင်တွေ ဝန်ထမ်းတွေကလည်းရှိတော့ လိုအပ်တဲ့ ဟာနေတဲ့ ကွက်လပ်တွေကို ပိုပြီးဖြည့်ဆည်းနိုင်တာပေါ့။ အလျဉ်းသင့်လို့ ပြောရရင် နိုင်ငံတကာမှာ လမ်းကိုပြင်စရာမလိုဘဲ ကောင်းအောင်လုပ်ပေးထားတယ်။ အမှိုက်ဆိုလည်း နံနံစော်စော်တွေနဲ့ လူတွေမြင်အောင် သယ်သွားတာမတွေ့ရဘူး။ ဒီမှာကများသောအားဖြင့် နေ့ခင်းဘက်မှာလုပ်နေတယ်။ လမ်းကိုတတ်နိုင်သမျှ ညပိုင်းမှာပဲပြင်စေချင်တယ်။ အဲဒီလို စနစ်လေးတွေ ကွာဟချက်တွေ ရှိနေတယ်။

**ဦးမြတ်သင်းအောင်**
**လှိုင်သာယာစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ**

ပြည်သူတွေထဲက ကိုယ်စားလှယ်တွေရွေးလိုက်ရင် ဝန်ထမ်းတွေကို စည်းကမ်းတကျရှိအောင် အဘက်ဘက်ကနေ ကြပ်မတ်ပေးနိုင်တဲ့ အခြေအနေလေးတစ်ခုရောက်လာမယ်။ ဝန်ထမ်းတွေအနေနဲ့လည်း ကိုယ်စားလှယ်တွေကတင်ပြတာ မလုပ်လို့မရတော့ဘူး။ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့ ထိန်းကျောင်းပေးတဲ့သဘောလည်း ဖြစ်တာပေါ့။ ဒါက အင်မတန်ကောင်းတဲ့ စနစ်တစ်ခုပါ။ ရှိသင့်တာကြာပါပြီ။ အကြံပြုချင်တာကတော့ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေအနေနဲ့လည်း အမျိုးသားရေးအသွင်နဲ့ စေတနာထားပြီး အင်တိုက်အားတိုက် ပိုပြီးလုပ်စေချင်တယ်။ အရွေးခံရပြီးရောသဘော မဖြစ်စေချင်ဘူး။

**ဦးကျော်နိုင်**
**MMM ဆောက်လုပ်ရေးကုမ္ပဏီ၊ ဒါရိုက်တာအဖွဲ့ဝင်**
**(ပြည်ပရေးရာတာဝန်ခံ)**

လွတ်လပ်ရေးရပြီးစက ကျင်းပခဲ့တဲ့ မြူနီစီပါယ်ရွေးကောက်ပွဲတွေကို ကျောင်းသား အရွယ်မှာ ကြုံခဲ့ဖူးတယ်။ အဲဒီခေတ်ကတော့ ပါတီတွေက ဝင်ပြိုင်ကြတာပေါ့။ ကိုယ်စားလှယ်လောင်းတွေကလည်း လူထုကြားထဲဆင်းပြီး မဲဆွယ်ကြတာပေါ့။ အခု စည်ပင်ရွေးကောက်ပွဲမှာ ပြည်သူ့ကိုယ်စားလှယ်တွေလည်း ပြည်သူကြားထဲရောက်အောင် သွားဖို့လိုတယ်။ ကိုယ့်မြို့နယ်အတွက် ရွေးချယ်မယ့် ကိုယ်စားလှယ်လောင်းက မောင်ဖြူလား၊ မောင်မည်းလားမသိရင် ဘယ်လိုလုပ်မဲဆန္ဒပေးရမလဲ။ လက်ရှိစနစ်က ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်းတွေ၊ သူတို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို ပြည်သူတွေ ဂဃနဏသိအောင် ဘယ်လိုစီစဉ်ထားလဲ မသိသေးဘူး။

**ဦးချစ်ဖေ**
**အငြိမ်းစား ဝန်ထမ်း၊ သုဝဏ္ဏမြို့၊ ကမာကြည်လမ်း**

မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းတွေကို အရင်က အုပ်ချုပ်ရေးမှူးတစ်ယောက်ထဲက လုပ်နေတာထက်စာရင် အခုပြည်သူက ရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေပါဝင်လာတော့ ပိုကောင်းတာပေါ့။ ဝန်ထမ်းကတော့ ဝန်ထမ်းစိတ်ပဲထားတော့ ပြည်သူနဲ့ သဟဇာတမဖြစ်ဘူးလေ။ တစ်ခုအကြံပြုချင်တာက ရွေးကောက်ပွဲက ထင်သာမြင်သာရှိဖို့တော့လိုတယ်။ နောက်ပိုင်းမှာ မြို့တော်ဝန်ရွေးကောက်ပွဲအထိကျင်းပပေးရင် ပိုပြီး ဒီမိုကရေစီနည်းလမ်းကျတာပေါ့၊

**ကိုကျော်ဇင်မြင့်**
**သယ်န်းကျွန်းမြို့နယ် (၈)ရပ်ကွက်**

# ယခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် တိုးချဲ့ပါဝင်လာသည့် မြန်မာမှုဘာသာရပ်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၏ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများရွေးချယ်ခွင့်ရှိသည့် ဘာသာရပ်များတွင် မြန်မာမှုဘာသာရပ်တိုးလာကြောင်း သိရသည်။ မြန်မာမှုဘာသာရပ်ကို ဒဂုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် အဝေးသင်တက္ကသိုလ်တို့၌ သင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်အနေဖြင့် ထူးချွန်ကျောင်းသားများအား လက်ခံသည့် ဘာသာရပ်တစ်ခုအနေဖြင့် ယခုနှစ်ဝင်ခွင့် ရွေးချယ်ရေးတွင် တိုးချဲ့ပါဝင်လာခြင်းဖြစ်သည်။

မြန်မာမှုဘာသာရပ်နှင့်ပတ်သက်၍ ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာစာနှင့် အင်္ဂလိပ်စာ အနိမ့်ဆုံးရမှတ် ၆၅ မှတ်ဖြစ်ရမည်။ စုစုပေါင်း အနိမ့် ဆုံးရမှတ် ၄၃၀ ရှိရမည်ဟု သိရသည်။

မြန်မာမှုဘာသာရပ်နှင့် ပတ်သက်ပြီး ဝိဇ္ဇာချွန်ဆုကိုလည်း ချီးမြှင့်မည်ဖြစ်ပြီး မြန်မာစာဂုဏ်ထူးရမှတ် ၇၅ မှတ်နှင့် စုစုပေါင်းရမှတ် ၄၇၀ ရရှိသည့် ကျောင်းသားကျောင်းသူများအနေဖြင့် ဝိဇ္ဇာချွန်ဆုကိုရရှိမည် ဖြစ်ပေသည်။

“ဒီ မြန်မာမှုဘာသာရပ်က အင်္ဂလိပ်လိုအခေါ်အားဖြင့် Myanmar Studies ဖြစ်ပါတယ်။ Myanmar Studies လိုဟာမျိုး နိုင်ငံတကာတက္ကသိုလ်တွေမှာ လေ့လာတာလည်း တော်တော်ထွန်းကားပါတယ်။ Myanmar Studies ဘာသာရပ်ဟာ နိုင်ငံတကာတက္ကသိုလ်တွေအနေနဲ့ တော်တော်လေးစိတ်ဝင်စားတဲ့ဘာသာရပ်တစ်ခု ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဒီဘာသာရပ်ကို တိုးချဲ့ဖွင့်လှစ်ပြီးတော့ ထူးချွန်ကျောင်းသား ကျောင်းသူတွေ မွေးထုတ်လိုတဲ့ ရည်ရွယ်ချက်ကလည်း နောင်အခါမှာ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ဒီဘာသာရပ်အနေနဲ့လည်း ကျောင်းသားကျောင်းသူတွေအတွက်ရော၊ ဆရာ ဆရာမတွေအတွက်ပါ ပူးပေါင်းဆောင်ရွက်လို့ရမယ့် ဘာသာရပ်တစ်ခုဖြစ်လာဖို့ အလားအလာရှိလို့ဖြစ်ပါတယ်”ဟု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်မြင့်ဦးက ပြောပြသည်။

မြန်မာမှုဘာသာရပ်နှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများ ပိုမိုနားလည်သိရှိနိုင်ရေးအတွက် ပါမောက္ခအား ဆက်လက်မေးမြန်းခဲ့ပါသည်။

**မေး ။ ။ မြန်မာစာဘာသာနဲ့ မြန်မာမှုဘာသာရပ် ကွာခြားချက်ကို ရှင်းပြပေးပါ။**

ဖြေ။ ။ အဓိကကတော့ မြန်မာစာဘာသာရပ်က မြန်မာစာပေနဲ့ မြန်မာဘာသာစကားဆိုတဲ့ အဓိကပင်မကြီး နှစ်ခုပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ မြန်မာစာပေ၊ မြန်မာ့ဘာသာစကား၊ မြန်မာ့ယဉ်ကျေးမှုဆိုတဲ့ ဒီအဓိကကဏ္ဍကြီးသုံးရပ်ပေါင်းစည်းထားတဲ့ဘာသာရပ်ဖြစ်ပါတယ်။ မြန်မာမှုကျရင်တော့ ဒီထက်ပိုကျယ်ပြန့်ပြီးတော့ မြန်မာ့ရေမြေနဲ့ပတ်သက်ပြီးတော့ ပထဝီဘာသာရပ်လိုဟာမျိုးပါလာမယ်။ မြန်မာ့တိုင်းရင်းသားမျိုးနွယ်စုတွေနဲ့ဆိုင်တဲ့ မနုဿဗေဒဘာသာရပ်လိုမျိုးပါလာမယ်။ မြန်မာ့အတွေးအခေါ် အယူအဆနဲ့ဆိုင်တဲ့ မြန်မာ့ဒဿန ဒီလိုမျိုး ပါလာမယ်။ မြန်မာတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ အရေးအရာတွေ ကျယ်ကျယ်ပြန့်ပြန့် ပိုပြီးလေ့လာနိုင်တဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်ကတော့ မြန်မာစာပေ၊ မြန်မာဘာသာစကားနဲ့ စာပေဘာသာစကားထဲက ယဉ်ကျေးမှုအဓိကကဏ္ဍသုံးခုကို ပင်တိုင်ထားတာဖြစ်ပါတယ်။ မြန်မာမှုဘာသာရပ်ကျတော့ နယ်ပယ်ကို ဖြန့်ကြက်ပြီးတော့ ပေါင်းစည်းဘာသာရပ်ဖြစ်တဲ့အတွက် မြန်မာ့အရေးအရာနဲ့ဆိုင်တဲ့ ဆက်နွှယ်နေတဲ့ ဘာသာအားလုံးကို သူ့အတန်းစဉ်အလိုက် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်တွေမှာပါဝင်တဲ့ ဘာသာရပ်တွေထဲကမှ စိတ်ကြိုက်ရွေးချယ်ပြီးတော့ မြန်မာ့ရေးရာ၊ မြန်မာမှုနဲ့ ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသွားနိုင်မှာဖြစ်ပါတယ်။ ဒါကတော့ မြန်မာစာအထူးပြုနဲ့ မြန်မာမှုအထူးပြု ပညာရပ်နှစ်ခုရဲ့ အဓိကကွာခြားချက်ပါ။

**မေး ။ ။ ရမှတ်တူညီစွာ သတ်မှတ်ချက်ကိုလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ မြန်မာစာနဲ့ မြန်မာမှုကို အရည်အချင်းအနေနဲ့ အတူတူလို့သတ်မှတ်ထားတာဖြစ်ပါတယ်။ အနိမ့်ဆုံးရမှတ်ဆိုတာကတော့ နောက်ဆုံးလျှောက်နိုင်တဲ့ အနေအထားကို ပြောတာပါ။ မြန်မာစာနဲ့ မြန်မာမှုကိုတော့ မြန်မာစာဌာနကပဲ ဦးစီးပြီးလုပ်မှာဖြစ်တဲ့အတွက် တက်မယ့်ကျောင်းသားတွေကို ဆရာတို့အနေနဲ့ အရည်အသွေးတူလို့ပဲ သတ်မှတ်တယ်။ ဌာနတစ်ခုတည်းကပဲ Major နှစ်ခုကို တာဝန်ယူတာဖြစ်တဲ့အတွက် Major တစ်ခုက မြင့်တယ်၊ တစ်ခုကနိမ့်တယ်ဆိုတာမျိုးလည်း မဖြစ်သင့်ဘူးလေ။ မြန်မာစာအထူးပြုမှာတော့ မြန်မာစာအမှတ်ကို မြှင့်ထားပြီးတော့ မြန်မာမှုမှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာမျှပြီးတော့ အနိမ့်ဆုံးရမှတ်အနေနဲ့ သတ်မှတ်ထားတာဖြစ်ပါတယ်။ စုစုပေါင်းရမှတ်ကို အတူတူပဲထားလိုက်တာဖြစ်ပါတယ်။ နောက် ဝိဇ္ဇာချွန်ဆုအနေနဲ့ပေးမယ့် ကျောင်းသားကျောင်းသူများက အတူတူပဲ သတ်မှတ်ထားပါတယ်။

မြန်မာမှုဘာသာရပ်ကတော့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဒီဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း လေ့လာခြင်းအားဖြင့် အကျိုးကျေးဇူး အများကြီးရှိမှာပါ။ အထူးသဖြင့် နိုင်ငံတကာနဲ့ ဆက်သွယ်တဲ့အခါမှာ ဒီဘာသာရပ်နဲ့ပတ်သက်ပြီး ပြန်ပြီးအသက်မွေးဝမ်းကျောင်းပြု တာပဲဖြစ်ဖြစ်၊ Tourism လုပ်ငန်းလုပ်ကိုင်တာပဲဖြစ်ဖြစ် မြန်မာမှုနဲ့ပတ်သက်ပြီးတော့ ခြေခြေမြစ်မြစ် ကျယ်ကျယ်ပြန့်ပြန့် ပိုပြီးသိလာနိုင်မယ်။ နောက်ပြီး နိုင်ငံတကာတက္ကသိုလ်တွေနဲ့ ဆောင်ရွက်တဲ့အခါမှာလည်း Myanmar Studies ဆိုတဲ့ဘာသာရပ်က မြန်မာ့အကြောင်းလေ့လာနေတဲ့ နိုင်ငံတကာတက္ကသိုလ်တော်တော်များများမှာ ဒီဘာသာရပ်ကရှိတဲ့အတွက်ကြောင့် နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့အခါမှာလည်းပဲ ဒီဘာသာရပ်ချင်း ချိတ်ဆက်လို့ရနိုင်တဲ့ အလားအလာတွေ အများကြီးရှိလာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

မြန်မာမှုဘာသာရပ် ပထမနှစ် ပညာသင်နှစ်ဝက်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ မြန်မာစာပေ(ပုဂံခေတ်)၊ Myanmar History & Culture၊ မြန်မာ့ရေးရာနှင့် အင်္ဂလိပ်စာတို့ကို သင်ယူရမည့်အပြင် မြန်မာ့ပထဝီ၊ အခြေခံပါဠိ၊ ယုတ္တိဗေဒ၊ မြန်မာ့ဓလေ့ထုံးတမ်း မိတ်ဆက်၊ မြန်မာ့ဓလေ့ထုံးတမ်းဆိုင်ရာ မနုဿဗေဒ စသည့် ဘာသာရပ်များထဲမှ မိမိနှစ်သက်ရာ နှစ်ဘာသာကို ရွေးချယ်သင်ယူနိုင်သည်ဟု သိရသည်။

**(ခင်ချိုဝင်း)**



## ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ် (၂၁)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု ယိမ်းအကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ခင်နှင့် ပြည်နယ် စာရင်းစစ်ချုပ် ဦးထွန်းစံအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက အဖွင့်အမှာစကား ပြောကြားသည်။



မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ တိုင်းရင်းသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပြဇာတ်ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# တို့မြန်မာ့ရပ်ရှင်

❖ ၁၉၂၀ မှစခဲ့တဲ့ မြန်မာ့ရုပ်ရှင်
ခရီးနှင် ထောက်မနား၊ ရာပြည့်ဆီသို့သွားဆဲ
အားခဲရင်း ရှေ့ဆက်၊ တိုင်းပြည်အတွက်ဖြစ်စေ။
❖ အမျိုးသားအရေးပေမို့၊ ကြိုးစားပေးအစဉ်
မြင်သာပွင့်လင်း၊ လေညင်းသာခိုက်
အားစိုက်ကြ မဖြစ်မနေ။
❖ အရိုးကို အရွက် မဖုံးစေရ
မြန်မာမှု၊ မြန်မာ့ဟန်
မြန်မာ့သဏ္ဌာန်ကို အခြေပြု
ပြည်သူ့အတွက် မြန်မာ့ရုပ်ရှင်။
❖ မည်သို့ပင် ယှဉ်ကာတွေး
ဉာဏ်ရည်ပြေးတဲ့ တို့မြန်မာ
မဖြစ်စရာ ဘယ်မရှိ
ထက်သူတွေ များပါဘိ
ကမ္ဘာက သိစေချင်။
❖ တီထွင်ဆန်းသစ်၊ အိုင်တီခေတ်နှင့်အညီ
ပြည်တွင်းသာမက၊ ပြည်ပထိပို့ရန်
ညွှဲ့သလား အပြောမခံ
ဇာတိမာန်ကိုပြ
"မြန်မာ့ရုပ်ရှင်ကွ"လို့ ဆိုကြစို့ . . .။ ။

**(၁၃-၁၀-၂၀၁၄ ရက် မြန်မာ့ရုပ်ရှင်နေ့ကို ဂုဏ်ပြုလျက်)**

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

# အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)နှင့် အုပ်စု(ဃ)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**ဥဇဘက်ကစ္စတန် - နှစ်ဂိုး**
**ယူအေအီး - နှစ်ဂိုး**

ဥဇဘက်ကစ္စတန်အသင်းမှာ ယခုပွဲတွင် ထပ်မံအနိုင်ရရှိလျှင် ကွာတားဖိုင်နယ်ကို စောစီးစွာ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသော ချေပဂိုးကြောင့် အခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။ ဥဇဘက်ကစ္စတန် အသင်းမှာ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း Set-pieces များမှ ဂိုးများပြန်ပေးခဲ့ရသောကြောင့် အမှတ်ပြည့်မရခဲ့ခြင်းဖြစ်သည်။ ယူအေအီးအသင်းမှာ ယခုပွဲ၌ သရေတစ်မှတ်ရယူနိုင်ခဲ့၍ နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်များရှိသွားခဲ့သည်။

ပထမပိုင်းတွင် ယူအေအီးအသင်းက ခံစစ်ကို ဦးစားပေးကစားခဲ့သောကြောင့် ဥဇဘက်ကစ္စတန်အသင်း တောက်လျှောက်ဖိကစားနိုင်ခဲ့သည်။ သို့သော် ၂၄ မိနစ်တွင် ယူအေအီးအသင်း မထင်မှတ်ဘဲ ဂိုးစရခဲ့ပြီး ပြစ်ဒဏ်ဘောမှ အဗ္ဗဒူလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဥဇဘက်ကစ္စတန်အသင်း ချေပဂိုးရရှိနိုင်ရန် ကြိုးပမ်းခဲ့ရာ ၄၁ မိနစ်တွင် ဂိုးပြန်ရခဲ့ပြီး ရှိုမူရိုဒေါ့ဗ်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ဥဇဘက်ကစ္စတန်အသင်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် အူရင်ဗော့ဗ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ယူအေအီးအတွက် အဖိုးတန်ချေပဂိုးကို ပွဲပြီးခါနီး၌ အာမက်က သွင်းယူခဲ့ခြင်းဖြစ်သည်။

**သြစတြေးလျ - တစ်ဂိုး**
**အင်ဒိုနီးရှား - ဂိုးမရှိ**

နှစ်သင်းစလုံး ပထမဆုံးနိုင်ပွဲရရှိရေးအတွက် ကြိုးပမ်းခဲ့ကြပြီး သြစတြေးလျအသင်းက ဒုတိယပိုင်းတွင် သွင်းယူသော တစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့သည်။ သြစတြေးလျအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဆိုတီရိုက သွင်းယူပေးခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ဥဇဘက်ကစ္စတန်နှင့် သြစတြေးလျအသင်းတို့က လေးမှတ်စီ၊ ယူအေအီးအသင်းက နှစ်မှတ်နှင့် အင်ဒိုနီးရှားအသင်းက အမှတ်မရသေးပေ။ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ကျင်းပသောပွဲစဉ်များတွင် အိုမန်အသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ တစ်ဂိုးစီသရေကျသွားပြီး ကာတာအသင်းနှင့် အီရတ်အသင်းတို့မှာလည်း တစ်ဂိုးစီသရေကျသွားခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ဃ)၌ အီရတ်နှင့် ကာတာအသင်းတို့က လေးမှတ်စီ၊ အိုမန်နှင့် မြောက်ကိုရီးယားတို့က တစ်မှတ်စီ ရရှိထားသည်။

ယနေ့ပွဲ
ညနေ ၃ နာရီခွဲ
(သုဝဏ္ဏကွင်း)
တရုတ်-ဗီယက်နမ်
ညနေ ၆ နာရီခွဲ
(သုဝဏ္ဏကွင်း)
မြန်မာ-အီရန်

**(ရှိုင်းထက်ဇော်)**



ယူအေအီးနှင့် ဥဇဘက်ကစ္စတန်တို့ ယှဉ်ပြိုင်နေစဉ်။

**○ အာရှယူ-၁၉မှ**

ဒုတိယပွဲ
ကာတာ - တစ်ဂိုး
အီရတ် - တစ်ဂိုး

နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်နိုင်ကြပြီး အခွင့်အရေးများ ရရှိကြသည်။ သို့သော် ရရှိသော ဂိုးသွင်းခွင့်များကို တိုက်စစ်မှူးများက အသုံးမချနိုင်ကြချေ။ အီရတ်အသင်း၏ ဦးဆောင်ဂိုးကို ၃၉ မိနစ်တွင် ဘာရှာက ပင်နယ်တီမှ သွင်းယူခဲ့ပြီး ကာတာအသင်းအတွက် ခြေပဂိုးကို ၅၁ မိနစ်တွင် အယ်လ်ဆာတီက အလွတ်တည်ကန်ဘောမှ ပြန်လည်သွင်းယူခဲ့သည်။ အနိုင်ဂိုးရရန် နှစ်သင်းစလုံး မစွမ်းဆောင်နိုင်ကြသဖြင့် တစ်မှတ်စီဖြင့် ကျေနပ်ခဲ့ရသည်။ ကာတာအသင်းနှင့် အီရတ်အသင်းတို့ တစ်ပွဲနိုင်တစ်ပွဲ သရေ လေးမှတ်ရရှိကာ အုပ်စုတက်ရန် အခြေအနေကောင်းနေကြသည်။

ဝဏ္ဏသိဒ္ဓိကွင်း
(ပထမပွဲ) ညနေ ၃း၃၀
တောင်ကိုရီးယားနှင့် ဂျပန်
(ဒုတိယပွဲ) ညနေ ၆း၃၀
ထိုင်းနှင့် ယီမင်

**ဥတုရာသီ တောကိုမှီ၏**

**❖ နိုင်ငံတကာမှ**

ပရိသတ် အားပေးမှုနှင့်အတူ တတိယအချီမှာပင် သတ္တိအောင် လက်ရည်ပြန်တက်လာပြီး တရစပ်ပြန်လည် တိုက်ခိုက်လာနိုင်သည်။ တစ်ချီတွင် သီတိပတ်ချ် ဟာကွက်ချောင်းနေစဉ်အတွင်း သတ္တိအောင်၏ လျှပ်တစ်ပြက်ခြေကန်ချက်က သီတိပတ်ချ်၏လည်ကုပ်ကို မိမိရရထိပြီး လဲကျကာ ပြန်မထနိုင်သဖြင့် သတ္တိအောင်(မြန်မာ)တတိယအချီမှာပင် အလဲထိုးအနိုင်ရသွားသည်။

ပြည်နယ်/တိုင်းဒေသကြီး ရွှေဆုရှင် ဂေါ်မူတို(သတ္တိ/မြန်မာ)နှင့် မွေထိုင်းချန်ပီယံ သန့်ဝါလက်ခ် (ထိုင်း)တို့ ပွဲစဉ်တွင် ပထမအချီ စစချင်းပင် ဂေါ်မူတိုက တိုက်စစ်ဖြင့်စတင်သည်။ သန့်ဝါလက်ခ်(ထိုင်း)က ခံစစ်ဖြင့် အပိုင်ကွက်ချောင်းနေသည်။ နောက်ဆုံးအချီပြည့်သည်အထိ ဂေါ်မူတိုနှင့် သန့်ဝါလက်ခ်တို့ ရေကုန်ရေခမ်း ယှဉ်ပြိုင်ထိုးသတ်၍ အနိုင်၊ အရှုံး မပေါ်ဘဲ ပူးတွဲသရေဖြင့်အဆုံးသတ်ခဲ့သော်လည်း ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

နောက်ဆုံးပွဲစဉ်ဖြစ်သည့် ရွှေခါးပတ်ချန်ပီယံနှင့် ဒဂုံရွှေဆုရှင် စိုးလင်းဦး (ဒို့ရိုးရာ/မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ပတ်ဆန်ဂွန်(ထိုင်း) တို့ တွဲဆိုင်းဖြစ်သည်။ ပထမအချီ စစချင်းပင် ပတ်ဆန်ဂွန်ခြေကန်ချက်က စိုးလင်းဦး၏ ဇက်ပိုးကိုထိ၍ စိုးလင်းဦး အနားတောင်းရသည်။ ပြန်အစတွင် ပတ်ဆန်ဂွန် အပိုင်ကွက်ချောင်းပြီး ဝိုက်လက်သီးဖြင့် အထိုးတွင် စိုးလင်းဦး၏ ချိုစောင်းဖြင့်ညှပ်၍ ဘယ်လက်ကောက်ဝတ် ဒဏ်ရာရရှိသွားကာ ဆက်လက် မယှဉ်ပြိုင်နိုင်တော့ဘဲ ပထမအချီမှာပင် စိုးလင်းဦးဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ ခဲ့သည်။

မျိုးဆက်သစ် သုံးချီစိန်ခေါ်ပွဲများ ယှဉ်ပြိုင်ရာ စောထူးအောင် (ဒို့ရိုးရာ) နှင့် ထော်ဖိုး(ထော့မဲပါ)တို့ တွဲဆိုင်းတွင် စောထူးအောင်က လည်းကောင်း၊ သိန်းဇော်ဦး(ဒို့ရိုးရာ)နှင့် ဗိုလ်သုခ (ကျိုက်လတ်)တို့ ပွဲစဉ်တွင် သိန်းဇော်ဦးကလည်းကောင်း၊ စောဘွဲ့မှူး(ကညော) နှင့် ရဲရင့်အောင်(အဖြူရောင်သွေးသစ်) တို့ ပွဲစဉ်တွင် ရဲရင့်အောင်ကလည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး နိုင်ရဲလင်း(ဒို့ရိုးရာ)နှင့် စောရှိုင်းထွန်း(ကျိုက်လတ်)၊ စောဖွဲ့မာန်(ဒို့ရိုးရာ) နှင့် ဇင်ကိုပူး(ပုလော)၊ ပုည(ရွှေဖူး)နှင့် သားနဂါး(ဝါဆို)တို့ ပွဲစဉ်များမှာ ပူးတွဲသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

# ဆိုင်ကလုန်းမုန်တိုင်း "ဟွဒ်ဟွဒ်"အိန္ဒိယနိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့ည ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟွဒ်ဟွဒ်" (Hud Hud) သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေကို ဗီဇာကာပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

❖ **သင်္ဘောကြီးများမှ**

တည်ဆောက်ပြင်ဆင်ရေးလုပ်ငန်းများ နှင့် သင်္ဘောကျင်းနှင့်ဆက်စပ်သော လုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ မြန်မာ့သင်္ဘောကျင်း လုပ်ငန်းအနေနဲ့ အဆင့်မြှင့်တင်ဖို့ ရင်းနှီးမြှုပ်နှံမယ့်ငွေကြေးအရင်းအနှီး၊ ခေတ်မီ သင်္ဘောတည်ဆောက်တဲ့ နည်းပညာ၊ နိုင်ငံတကာရေယာဉ်တည်ဆောက်ရေး၊ ဈေးကွက်ရရှိမှုတွေ လိုပါတယ်။ ပြည်ပမှာရှိတဲ့ သင်္ဘောကျင်းလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုနဲ့ဖက်စပ်ဆောင်ရွက်မှသာ တိုးတက်မှုတွေဖြစ်လာမယ်၊ နိုင်ငံအတွက်လည်း သံထည်လုပ်ငန်းတိုးတက်လာမှာဖြစ်ပါတယ်။ ဖက်စပ်လုပ်ဖို့ တင်ဒါခေါ်လိုက်တယ်၊ ဗီယက်နမ်ကုမ္ပဏီက ရသွားတယ်"ဟု မြန်မာ့သင်္ဘောကျင်းလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ(ထုတ်လုပ်) ဦးမြင့်ဇော်က ပြောသည်။

ဗီယက်နမ်ကုမ္ပဏီအနေဖြင့် မြန်မာ့သင်္ဘောကျင်းတွင် လက်ရှိအသုံးပြုနေသော စက်ရုံ၊ အလုပ်ရုံ၊ လွှန်းကျင်း၊ လွှန်းလမ်းများအား အဆင့်မြှင့်တင်သွားပြီး ခေတ်မီစက်ကိရိယာပစ္စည်းများဖြင့် တန်ချိန် ၂၂၀၀၀ ရေယာဉ်များ တည်ဆောက်နိုင်ရန် လွှန်းကျင်းသစ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် လက်ရှိတစ်နှစ်ဝင်ငွေကျပ် ၆ ဒသမ ၅ ဘီလီယံရရှိပြီး ဗီယက်နမ်ကုမ္ပဏီနှင့် ဖက်စပ်ထူထောင်ပြီးပါက ပထမနှစ်တွင် ငွေကျပ် ၁၁ ဒသမ ၉ ဘီလီယံနှင့် နောင် ၁၀ နှစ်တွင် ငွေကျပ် ၉၁ ဒသမ ၈ ဘီလီယံထိ ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

"ဒီကုမ္ပဏီက ဗီယက်နမ်မှာ လက်ရှိ တန်ချိန် ၃၀၀၀၀ လောက်ရှိတဲ့ သင်္ဘောကြီးတွေ တည်ဆောက်နေတဲ့ သင်္ဘောကုမ္ပဏီပါ။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှာရှိတဲ့ အင်ဂျင်နီယာတွေနဲ့ လုပ်သားတွေကို လူ့စွမ်းအားအရင်းအမြစ်တွေဖွံ့ဖြိုးဖို့ ပြည်ပမှာ သင်တန်းတွေပေးသွားမယ်၊ သင်္ဘောတည်ဆောက်မယ့်ဈေးကွက်ကိုလည်း သူတို့ပဲ ရှာသွားမယ်"ဟု ဦးမြင့်ဇော်က ဆက်လက်ပြောသည်။

နိုင်ငံတကာတွင် ကုန်စည်ပို့ဆောင်ရေးကဏ္ဍသည် အဓိကပင်လယ်ရေကြောင်းမှ ပို့ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ပြည်တွင်း ပြည်ပ ပို့ကုန် ၈၀ ရာခိုင်နှုန်းသည် ပင်လယ်ရေကြောင်းမှဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံတကာသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုမှာလည်း ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၃၃၄ စင်းအထိ ရှိလာပြီး ယခင်ကထက် တိုးတက်များပြားလာကြောင်း သိရသည်။ ထို့အတူ ရေကြောင်းကုန်စည်ပို့ဆောင်ရေးအတွက် သင်္ဘောပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းသည်လည်း နိုင်ငံ၏ကုန်ထုတ်လုပ်ငန်းအဖြစ် အဓိကစီးပွားရေးအခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ပြောင်းလဲလာသော ခေတ်နှင့်အညီ လိုက်ပါပြီး နိုင်ငံတကာဈေးကွက်ဝင်ရေယာဉ်ကြီးများ တည်ဆောက်ရေးအတွက် ရေယာဉ်တည်ဆောက်ပြင်ဆင်နိုင်မှုစွမ်းပကားကို မြှင့်တင်ဆောင်ရွက်ရန် နည်းပညာ၊ အတွေ့အကြုံရှိသည့် ဗီယက်နမ်ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်တော့မည်ဖြစ်ရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းလုပ်သားများအနေဖြင့် နည်းပညာနှင့် အတွေ့အကြုံသစ်များ ရရှိလာမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူများ ရရှိလာမည်ဖြစ်သည်။ ။

# ဆိုင်ကယ်များတွင် ဖောင်းကြွနံပါတ်ပြားများ စနစ်တကျတပ်ဆင်သင့်

**စစ်ကိုင်း အောက်တိုဘာ ၁၂**

တရားဝင်လိုင်စင်ပြုလုပ်ကြသည့် မော်တော်ဆိုင်ကယ်များအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)မှ ထုတ်ပေးသည့် ဆိုင်ကယ်နံပါတ်ပြားများသည် အရည်အသွေးညံ့ဖျင်းပြီး သေသပ်ကောင်းမွန်စွာ စနစ်တကျ လုပ်ကိုင်ပေးမှုမရှိသဖြင့် မကြာခဏထိခိုက်ရှနာမှု၊ ဒဏ်ရာရရှိမှုများ ဖြစ်ပွားရကြောင်း သိရသည်။ (ကညန)ရုံးများတွင် မော်တော်ဆိုင်ကယ်များကို တရားဝင်မှတ်ပုံတင်ခြင်းဆောင်ရွက်သည့်အခါ သတ်မှတ်ထားသည့် အခွန်အခများကို ပေးဆောင်ကြရသည့်အပြင် ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားများအတွက် ငွေကျပ် ၅၀၀၀ ကိုပေးသွင်းကြရကြောင်း၊ (ကညန)ရုံးမှ တရားဝင်ထုတ်ပေးသည့် ဖောင်းကြွနံပါတ်ပြားများမှာ သံပြားအနားစောင်းများကို သပ်ရပ်စနစ်ကျစွာ လုပ်ကိုင်ပေးထားခြင်းမရှိသဖြင့် ဆိုင်ကယ်တွင် တပ်ဆင်ထားပါက ကိုင်တွယ်မိသူများကို ထိခိုက်ရှနာခြင်း၊ မတော်တဆထိခိုက်မိသော အခြားယာဉ်၊ စက်ပစ္စည်းကိရိယာများကို ပွန်းရှမှုများ ဖြစ်ပွားစေခြင်းကို ကြုံတွေ့ကြရကြောင်း သိရသည်။

"ဆိုင်ကယ်လိုင်စင် လုပ်တော့ (ကညန)ကို နံပါတ်ပြားဖိုး ငွေကျပ် ၅၀၀၀ ပေးသွင်းကြရတယ်။ (ကညန)က ဖောင်းကြွနံပါတ်ပြားနှစ်ခု ထုတ်ပေးတယ်။ နံပါတ်ပြားတွေရဲ့ သံပြားအနားစောင်းတွေက ထက်ရှနေတယ်။ အချို့က တရားဝင်သတ်မှတ်ထုတ်ပေးထားတဲ့ နံပါတ်ပြားကို မပြုပြင်ရဲတော့ ထုတ်ပေးတဲ့အတိုင်း တပ်ထားရတယ်။ ဆိုင်ကယ်ကို တပ်ထားတဲ့ နံပါတ်ပြားရဲ့ သံပြားစောင်းတွေက ထက်ရှနေတော့ ကိုင်တွယ်မိတဲ့သူတွေ မကြာခဏထိခိုက်ဒဏ်ရာရရှိကြတယ်။ လူစည်ကားတဲ့၊ လမ်းကျပ်တဲ့နေရာတွေမှာဆိုရင် ဆိုင်ကယ်နံပါတ်ပြားနဲ့ချိတ်မိပြီး ဆိုင်ကယ်တွေ ဆေးပွန်းတာ၊ အစင်းအရာတွေထင်တာ၊ လူတွေကို ထိရှမိတာတွေ မကြာခဏဖြစ်တာကို ကြုံကြရတယ်။ ကောင်းမှုတော်ဘုရားပွဲရက်ကဆိုရင် လူတွေစည်ကားတော့ ဆိုင်ကယ်နံပါတ်ပြားနဲ့ ထိရှမိပြီး အရဖော်တော်အဖွဲ့ထဲက မိန်းကလေးတစ်ယောက် ထိခိုက်မိတာ တွေ့လိုက်ရတယ်။ ငွေကျပ် ၅၀၀၀ တိတိပေးသွင်းကြရတဲ့ ဆိုင်ကယ်ဖောင်းကြွနံပါတ်ပြားတွေကို စနစ်တကျနဲ့ သပ်ရပ်ကောင်းမွန်အောင် လုပ်ပေးသင့်ပါတယ်" ဟု ဆိုင်ကယ်စီးနင်းသူတစ်ဦးက ပြောသည်။

(ကညန)အနေဖြင့်လည်း နံပါတ်ပြားကြောင့် ထိခိုက်ရှနာမှုများ မဖြစ်ပွားစေရန် ဖောင်းကြွနံပါတ်ပြားများကို သပ်ရပ်ကောင်းမွန်စွာ ထုတ်လုပ်ပေးသင့်ကြောင်း၊ ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့်လည်း အခြားသူများအား ထိခိုက်ရှနာပွန်းပဲ့မှုများ ဖြစ်ပေါ်မှု မရှိစေရန်(ကညန)မှ ထုတ်ပေးသည့် ဆိုင်ကယ်နံပါတ်ပြားများကို ထက်ရှနေသည့်အခြေအနေအတိုင်း တပ်ဆင်ခြင်းမပြုသင့်ကြောင်း၊ နံပါတ်ပြားများကို မူလအခြေအနေအတိုင်း မပျက်စီးစေဘဲ ထက်ရှနေသည့် သံပြားအနားစွန်းများကို ပြန်လည်ပြုပြင်ပြီး တပ်ဆင်သင့်ကြောင်း ပြောဆိုလျက်ရှိကြသည်။ **(နန္ဒာမင်းလွင်)**



# စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သစ္စာမူကြိုသာသနာ့ဝေယျာဝစ္စလူငယ်အဖွဲ့မှ အသင်းသား အသင်းသူ ၁၄၀ တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအသုံးပြုရန် (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြသည်။ **(သတင်းစဉ်)**

# တိုင်းရင်းဆေးအပေါ် သူတို့အမြင်

**ဒေါက်တာလွင်ကို**

လွန်ခဲ့တဲ့ ခုနစ်နှစ်ခန့်ကပါ။ မန္တလေးမြို့ပေါ်မှ ဂုဏ်သရေရှိ ကြေးရတတ်အမျိုးသမီးများအား ဖိတ်ကြား၍ ထိုင်းဆေးပညာရှင်အဖွဲ့က အသည်းရောင်အသားဝါ (ဘီ) ပိုးနှင့် (စီ)ပိုးအကြောင်း ထိုင်းဆရာဝန်သုံးဦးက ဟောပြောကြသည်။ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဟောပြောပွဲသို့ ကျွန်တော့်ဇနီးအား ဒရိုင်ဘာတစ်ဦးအဖြစ်နှင့် လိုက်ပို့ရသည်။ ညနေ ၃ နာရီခွဲတိုင်အောင် ဟောပြောပွဲမပြီးသဖြင့် ကျွန်တော် ဒရိုင်ဘာအဝတ်အစားနှင့်ပင် ဟောပြောပွဲခန်းမသို့ ဝင်ထိုင်ရန်ကြိုးစားပါသည်။ ခန်းမတစ်ခုလုံး အမျိုးသမီးထုနှင့် ပြည့်လျှံနေသဖြင့် ထိုင်စရာနေရာမရှိပါ။ ထို့ကြောင့် လွတ်နေသော ရှေ့ဆုံးတန်းဆိုဖာပေါ်တွင် ဝင်ထိုင်ရပါတော့သည်။ ထိုင်းအမျိုးသမီးဆရာဝန်တစ်ဦးက ဆွေးနွေးပါသည်။ သူမ၏ ဆွေးနွေးချက်ထဲတွင် တိုင်းရင်းဆေးများသည် အသည်းကို ပျက်စီးစေပါသည်။ ဒါကြောင့် တိုင်းရင်းဆေးများကို တတ်နိုင်သမျှ မသုံးစွဲသင့်ကြောင်း ဆွေးနွေးသွားသည်။

တိုင်းရင်းဆေးများသည် သူတို့ပြောသလို ဖြစ်နိုင်ခြေနည်းမှန်းသိပါသည်။ ယခုပင် သူပြောသောစကားများက ကျွန်တော့်အသည်း၊ ကျွန်တော့်နှလုံးကို ထိခိုက်ရုံမျှမက ကျွန်တော့်သွေးများကို ဆူပွက်စေပါသည်။ ထို့နောက် ကျွန်တော့်ဘေးနားရှိ ဆွေးနွေးလိုသူများအတွက်ထားသည့် မိုက်ခွက်ကိုတောင်း၍ ကျွန်တော့်ကို ဆွေးနွေးခွင့်ပြုပါဟု ပြောလိုက်ပါသည်။

သဘာပတိက ခေါင်းညိတ်သောအခါ "ကျွန်တော် အနောက်တိုင်းဆရာဝန်တစ်ယောက်ပါ။ လောလောဆယ်တော့ တိုင်းရင်းဆေးတက္ကသိုလ်မှာ (Rector) တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော့် ဗဟုသုတ၊ ကျွန်တော့်အမြင်နဲ့ တာဝန်အရပြောတယ်လို့ သဘောထားပေးပါ။ တိုင်းရင်းဆေးတွေဟာ အသည်းကို ထိခိုက်ပျက်စီးစေပါတယ်လို့ဆွေးနွေးသွားတာကို ကန့်ကွက်ပါတယ်။ ဘယ်တိုင်းရင်းဆေးက အသည်းကိုထိခိုက်တယ်ဆိုတာကို တိတိကျကျမပြောနိုင်ဘဲနဲ့ ဒီလိုဆွေးနွေးချက်ကို ပြန်လည် withdraw လုပ်ပေးစေချင်ပါတယ်"ဟု ပြောလိုက်ပါသည်။

ထိုအခါ သဘာပတိက "ဆရာရယ် တိုင်းရင်းဆေးမှာ ဆီးကင်းလောက်တို့၊ မန်ကျည်းစေ့လောက်တို့ဆိုတဲ့ အချိန်အဆမမှန်တာမျိုးနဲ့ adulterated (ခတ်ရော)တွေ ပါဝင်လို့ မစားသုံးသင့်တာကို ဆိုလိုတာပါ။" ကျွန်တော်က "သဘာပတိကြီးခင်ဗျား တိုင်းရင်းဆေးတစ်ဖုံ ဈေးကွက်ထဲရောက်လာဖို့ တိုင်းရင်းဆေးသုတေသနဌာနကို ထုတ်လုပ်ချင်တဲ့ ဆေးတစ်ဖုံမှာ ပါဝင်တဲ့ ဆေးပစ္စည်းတွေ Ingredients ကို ပို့ရပါတယ်။ ဆေးဘူးနမူနာတွေကိုပါ ပို့ရပါတယ်။ တိုက်ဆိုင်စစ်ဆေးပါတယ်။ အထူးသဖြင့် adulterated drugs နဲ့ heavy metals တွေ ပါ၊ မပါကို အသေအချာစစ်ဆေးပါတယ်။ နောက်ပြီး ဈေးကွက်ထဲရောက်နေတဲ့ ဆေးတွေကိုလည်း (Rendom selection)လုပ်ပြီး စားသုံးသူအန္တရာယ်ဖြစ်၊ မဖြစ် စစ်ဆေးပါတယ်။ Ingredients, Indications, Dosage, Side effect တွေနဲ့ expired date ကိုလည်း မြန်မာလိုဖော်ပြရပါတယ်။ ဈေးကွက်ထဲရောက်ပြီးသား တိုင်းရင်းဆေးတွေကို ဦးစီးဌာနက ဝန်ကြီးဌာနကိုယ်စား တာဝန်ခံရပါတယ်။"

ဆက်လက်၍ "ကျွန်တော် ဆရာဝန်တစ်ယောက်ပါ။ လူနာတွေကို ဆေးညွှန်ပါတယ်။ လူနာက မမေးရင် ဆေးရဲ့ အာနိသင်(Action)၊ ပါဝင်ပစ္စည်း(Ingredient)နဲ့ ဆေးညွှန်း (Indication) တွေကိုပြောလေ့မရှိပါဘူး။ အချိန်အဆ တစ်ပြား၊ နှစ်ပြားစတဲ့ (Dosage)ကိုပဲပြောပါတယ်။ လူနာတွေကလည်း မမေးကြပါဘူး။ မေးလည်း မမေးဝံ့ကြပါဘူး။ မေးရင်လည်း ဆရာဝန်များက ငြိုငြင်စိတ်ခုသွားမှာကြောက်လို့ထင်ပါတယ်။ ဆရာဝန်တိုင်းကလည်း လူနာကို Action, Ingredient, Indication တွေကို ပြောလေ့ပြောထမရှိပါဘူး။ လူနာမှာတော့ ဒါကို နံနက်(၁)၊ နေ့(၁)၊ ည(၁) ငါးရက်သောက်ဆိုတာလောက်နဲ့ပဲ ဆေးယူပြီး ပြန်လာရတာပါ။ အခုဈေးကွက်မှာရှိတဲ့ တိုင်းရင်းဆေးတွေရဲ့ဘူးပေါ်မှာ ပါဝင်ပစ္စည်း၊ အာနိသင်၊ ရောဂါညွှန်း၊ ဆေးသောက်ရန် ပမာဏအညွှန်းကို မြန်မာတွေ အလွယ်တကူဖတ်နိုင်တာ အားလုံးသိပြီးဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟုပြောခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် Sponsor လုပ်သော ကုမ္ပဏီက အရေးတယူဖိတ်ကြားသဖြင့် လက်ဖက်ရည်ဝိုင်းစားပွဲကို လိုက်ထိုင်ရသည်။ တိုက်တိုက်ဆိုင်ဆိုင် တိုင်းရင်းဆေးကို နားမလည်စွာ ဝေဖန်သူနဲ့မှ ဘေးချင်းယှဉ်လျက်ထိုင်မိသည်။ ထိုအခါ သူက "Dr.,If I speak something wrong, please forget the things."တဲ့။ "Ok, you discussion about Hepatitis B and C are quite good,we got some more knowledge. I do not protest your discussion, but I did protest your concept on harble medicine only. Please understand me." ဟုဆိုကာ ကျွန်တော်၏ visiting card ကိုပေးလိုက်ပါသည်။ သူကလည်း သူ့ visiting card ကိုပေးရင်းပြောပါသည်။

"Thank you very much for pointing out my mistake and forgiveness. You are welcome my sister." ဟု ဆိုကာ အခြားအကြောင်းအရာများကို ရယ်ရယ်မောမောပြောကြပါသည်။

၂၀၁၄ ခုနှစ် ယခုတစ်လအတွင်းမှာ ယခင်(၂၅)နှစ်ခန့်က မိတ်ဆွေဗိုလ်မှူးကြီးဟောင်း ဦးကျော်မြင့်ရောက်လာသည်။ "ဆရာခင်ဗျား တိုင်းရင်းဆေးမှာ ဆရာကြီးလုပ်လာတာပဲ။ ဆေးထုတ်ပါလား။ ကျွန်တော့်မှာ Invester ကောင်းကောင်းရှိတယ်"။ "ကျွန်တော်ထုတ်နေပြီပဲ။ ခြောက်မျိုးတောင်။ မှတ်ပုံတင်ကျတာတောင် လေးနှစ်ရှိပြီ။" "ဒီလိုဆို ကမ္ဘာအနှံ့ဖြန့်ဗျာ။ မြန်မာတိုင်းရင်းဆေး ကမ္ဘာကသိအောင်။" "ကမ္ဘာကသိနေပြီပဲ။ အင်္ဂလန်တို့၊ အော်စီတို့မှာနေကြတဲ့ မြန်မာတွေကတောင် ကျွန်တော့်ဆေး မှာစားတယ်။"

"ကောင်းတယ်ဗျာ။ ဟောင်ကောင်က တိုင်းရင်းဆေးထုတ်ချင်တဲ့အဖွဲ့ ကျွန်တော့်ဆီလာတယ်။ ဆရာနဲ့ မိတ်ဆက်ပေးမလို့။ သူတို့က Technology နဲ့ Invest လုပ်နိုင်မယ်။ ခင်ဗျားက တိုင်းရင်းဆေးကို နားလည်တယ်။ ထုတ်လက်စလည်းရှိတယ်။ လုပ်ဗျာ။ အခု တစ်ကမ္ဘာလုံးက Alternative medicine ဆိုပြီး ရေပန်းစားနေတယ်။ Herbal စစ်စစ် အရည်အသွေးကောင်းတဲ့ ဆေးတွေကို တောင့်တနေကြတယ်။ ခင်ဗျား ဖြည့်စွမ်းပေးပါလား။ မြန်မာ့မြေပေါ်မှာပဲစိုက်။ မြန်မာပြည်မှာ စက်ရုံတည်။ Good Agricultural Practice, Good Processing နဲ့ Good Manufacturing Practice လုပ်ပေးလိုက်ရင် မြန်မာ့တိုင်းရင်းဆေး ကမ္ဘာကသိမှာပါ။ ဒီမှာပဲ ဘယဆေးပင်တွေစိုက်၊ နွယ်ချိုကစပြီး နံ့သာဖြူ နံ့သာနီက အဆုံးပေါ့ဗျာ။ လုပ်နိုင်တုန်းလေး လုပ်သွားစမ်းပါဗျာ။ ခင်ဗျားအကျိုး၊ နိုင်ငံ့အကျိုးပေါ့" ဟုဆိုကြသည်။ ကျွန်တော်က "ဗိုလ်မှူးကြီး ခင်ဗျားက GAP တို့၊ GMP တို့ပါသိနေတဲ့ဟာပဲ။ မိတ်ဆွေကြီးပဲလုပ်ပါတော့"ဆိုရာ "ဆရာပဲ လုပ်လို့ရမှာ။ ဆရာက ဆရာဝန်လေ။ ဒါမှ ဆရာဝန်အချို့ရဲ့ တိုင်းရင်းဆေးကို မြင်နေတဲ့ Mindset ကို ကောင်းမွန်တိကျမှန်ကန်အရည်အသွေးပြည့်မီတဲ့ ဆေးထုတ်ပြပြီး ပြောပြမှ ပြောင်းနိုင်မှာ။ ကျွန်တော်တို့က ပတ်စာခွာဖျာသိမ်းကူညီပါမယ်" ဆိုခဲ့လေသတည်း။

သြော်---- Mindset, Mindset နေရာတကာ သူမပါမပြီးပါလား။ ။

**အခုဈေးကွက်မှာရှိတဲ့ တိုင်းရင်းဆေးတွေရဲ့ ဘူးပေါ်မှာ ပါဝင်ပစ္စည်း၊ အာနိသင်၊ ရောဂါညွှန်း၊ ဆေးသောက်ရန် ပမာဏအညွှန်းကို မြန်မာတွေ အလွယ်တကူဖတ်နိုင်တာ အားလုံးသိပြီး ဖြစ်ပါတယ်။**

ပြည်တွင်းရေးရာ

# တောင်သမန်အင်း၊ ဦးပိန်တံတားကြီးအနီးတွင် ဗိသုကာလက်ရာထူးခြားသည့် ရှေးဟောင်းသမ္မုဒ္ဒေစေတီကို ဖူးမြော်လေ့လာနိုင်

**အမရပူရ အောက်တိုဘာ ၁၂**

အမရပူရမြို့နယ် နာမည်ကျော်တောင်သမန်အင်းစောင်း တောင်မင်းကြီးဘုရားအနီးရှိ သမ္မုဒ္ဒေစေတီသည် ဗိသုကာလက်ရာ ပုံသဏ္ဌာန်ထူးခြားသဖြင့် ပြည်တွင်း၊ ပြည်ပမှ ရောက်ရှိလာသည့် ဘုရားဖူးဧည့်သည်များက အထူးစိတ်ဝင်စားကြကြောင်း သိရသည်။ ယင်းစေတီသည် နာမည်ကျော် တောင်သမန်အင်းအနီး မြန်မာနိုင်ငံတစ်ဝန်းမှ စာရေးဆရာ၊ ကဗျာဆရာများနှင့် စာပေလောကသားများ တွေ့ဆုံကာ စာပေဆိုင်ရာအခမ်းအနားများ မကြာခဏကျင်းပလေ့ရှိသည့် တောင်လေးလုံးကျောင်းတိုက်၏ ရှေ့ဝင်ပေါက်အနီးတွင် တည်ရှိကြောင်း၊ စေတီတော်မှာ ကွမ်းတောင်ပုံသဏ္ဌာန်ရှိပြီး ဂူလိုဏ်ပေါက်ကလေးများပြုလုပ်ကာ ဂဏ္ဍဝိဋ္ဌု၊ သဲစုမကပွင့်တော်မူကြကုန်သည့် ဘုရားရှင်များ၏ ရုပ်ပွားတော်၊ ရုပ်တုငယ်များကို ထည့်သွင်း၌ာပနာပြု၍ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဗိသုကာလက်ရာပုံသဏ္ဌာန်ထူးခြားပြီး အမြင်ဆန်းပြားသဖြင့် နာမည်ကျော်တောင်သမန်အင်းနှင့် ဦးပိန်တံတားကြီးသို့ လာရောက်လည်ပတ်ကြသူများမှာ စိတ်ဝင်စားစွာ ဖူးမြော်မှတ်တမ်းတင်ခြင်းများ ပြုလုပ်ကြကြောင်း၊ အဆိုပါ သမ္မုဒ္ဒေစေတီကို ဘိုးတော်ဘုရားလက်ထက် စာတော်ပြင်အရာရှိကသည်းဈေးကောက် ဦးပညာက တည်ထားခဲ့ကြောင်း၊ စေတီတော်ပတ်လည်တွင် စိန်တောင်များဖြင့် ကာရံထားကြောင်း သိရသည်။

စေတီတော်မှာ လေးမျက်နှာလိုဏ်မုခ်ပါရှိပြီး လိုဏ်ဂူငယ်များစွာဖြင့် စေတီတော်တစ်ခုလုံးကို ထူးခြားဆန်းကြယ်စွာ မွမ်းမံတည်ဆောက်ထားသည်ကို ဖူးတွေ့ရသည်။ လိုဏ်ဂူပေါက်နှင့်တကွ ဆင်းတုတော် ၈၈၈ ဆူကို ထည့်သွင်းပူဇော်ထားကြောင်း သိရသည်။ ဘုရားဒါယကာ ဦးပညာသည် ဘိုးတော်ဘုရားလက်ထက်တွင် အင်းဝမြို့၌ ကြီးကျစ်သည့်လုပ်ငန်း လုပ်ကိုင်စားသောက်နေထိုင်သော်လည်း အမတ်ကြီး ဦးပေါ်ဦးကပင် ဆရာတစ်ဆူအဖြစ်ဆည်းကပ်ရသည့် ပညာရှိတစ်ဦးဖြစ်ကြောင်း၊ ဘိုးတော်ဘုရား၏ သတ္တဋ္ဌာနဘုရားတည်နေဟန်အမေးကို ဦးပေါ်ဦးက ဦးပညာထံ ဆည်းကပ်မေးမြန်း ဖြေဆိုခဲ့ရသည်ဟု ဆိုပါသည်။ ဦးပေါ်ဦး၏ လျှောက်ထားချက်အရ ဘိုးတော်ဦးဝိုင်းသည် သူ၏လက်ထက်တွင် ပညာရှင်များဆင်းရဲနွမ်းပါးမှုမရှိစေရဟူ၍ ဦးပညာအား အမရပူရမြို့တော်သို့ ခေါ်ဆောင်ကာ စာတော်ပြင်အရာရှိခန့်ထားခဲ့သည်။ အမရပူရမြို့ ကသည်းဈေးမှ တစ်နေ့လျှင် ငွေကျပ်ခြောက်ပြားနှုန်းကောက်ခံကာ တောင်သမန်အင်းအနီး တောင်မင်းကြီးဘုရားမြောက်ဘက်တွင် သတ္တဋ္ဌာနစံတော်မူနေဟန်ဂူပုထိုးလိုဏ်စေတီတော်များ တည်ထားခဲ့ကြောင်း၊



အဆိုပါ သမ္မုဒ္ဒေစေတီမှာလည်း သတ္တဋ္ဌာနဘုရား၊ အောင်ခြင်းရှစ်ပါးဘုရားများနှင့် အတူတည်ထားခဲ့သည့် စာတော်ပြင်အရာရှိ ဦးပညာ၏ကောင်းမှုဖြစ်ကြောင်း သိရသည်။ သမ္မုဒ္ဒေစေတီသည် တောင်မင်းကြီးဘုရား အနောက်ဘက် တောင်လေးလုံးကျောင်းတိုက်ရှေ့ လမ်းသွယ်ဘေးတွင်တည်ရှိနေသဖြင့် အလွယ်တကူဝင်ရောက်ဖူးမြော်လေ့လာနိုင်ကြောင်း သိရသည်။

**(နန္ဒာမင်းလွင်)**

## မင်းတုန်းမင်းတရားကြီးရုပ်တုအကြောင်းကို လေ့လာသမျှ မန္တလေးမြို့အကြောင်းကိုလေ့လာခြင်းနှင့် တူညီနေကြောင်းဧည့်လမ်းညွှန်တို့ရှင်းပြ




**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့သည် နိုင်ငံတကာခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်နိုင်သော မြို့ပင်ဖြစ်သည်။ နန်းတော်၊ မြို့ရိုး၊ ကျုံးတို့ကို အထူးနှစ်သက်သဘောကျလေ့ရှိသည့် နိုင်ငံတကာခရီးသွားဧည့်သည်များသည် မြနန်းစံကျော် ရွှေနန်းတော်အတွင်း မင်းတုန်းမင်းတရားကြီး ရုပ်တုအားရွှေရောင်တောက်ပနေသော ပလ္လင်ထက်တွင် ထားရှိခြင်းကို အထူးနှစ်သက်ကာ သဘောကျလေ့ရှိသည်။ သဘောကျခြင်းနှင့်အတူ မင်းတုန်းမင်းတရားကြီးအကြောင်းကို မေးမြန်းလေ့ရှိကြသည်။ ဧည့်လမ်းညွှန်များ၏ ညွှန်းဆိုမှုတွင် မင်းတုန်းမင်းတရားကြီးအကြောင်းကိုလေ့လာသမျှ မန္တလေးမြို့အကြောင်းကို အကုန်လေ့လာခြင်းနှင့်ညီသည်ဟုပင်ဆိုတတ်ကြသည်။

မင်းတုန်းမင်းတရားကြီး မန္တလေးရတနာပုံရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနတည်ရန် ၁၂၁၁ခု တန်ခူးလပြည့်ကျော် ၁၀ ရက် မှန်နန်းစနုဆောင်တွင် အမိန့်တော်တစ်ရပ်ချမှတ်ခြင်းမှအစပြုကာ စတင်တည်ဆောက်ခဲ့သည်ဟု သိရသည်။မန္တလေးမြို့တည်၊ နန်းတည်ခြင်းအကြောင်းသည် မန္တလေးမြို့ရှိ စေတီပုထိုးများအကြောင်းပင်ဖြစ်နေသည်။ မြို့တည်ခြင်းနှင့်အတူ ကျုံးတော်၊ မဟာလောကမာရဇိန်စေတီတော်၊ သိမ်တော်၊ မဟာအတုလဝေယံကျောင်းတော်၊ ပိဋကတ်တိုက်တော်-သုဓမ္မာဇရပ်တော်တို့ပါ တည်စေသည်ဟုသိရသည်။

မင်းတုန်းမင်းတရားကြီးကို အကြောင်းပြုကာ မေးလာသမျှဘုရင့်အမိန့်တော်အကြောင်းမှစကာ နတ်ထိန်းများပြအိုးပြာသာဒ်တံခါး၁၂ရပ်၊ ဗဟိုရ်စည်၊ မှန်နန်းတော်၊ ကျုံးချောင်းမြောင်းကန်လေးပြင်လေးရပ်၊နန်းမြို့တွင်း၂၃၉၀ဝင်း၊ ပြင်မြို့ရိုး မြို့တံခါး ၅၇ရပ်၊ ရှေးခေတ်မန္တလေးဈေးများ၊ ဥယျာဉ်များ၊ (၈)ဌာနအဆောက်အဦ ဇရပ်ကြီးများ၊ စက်ရုံများ၊ ၁၄၄ဌာနခွဲဝေအုပ်ချုပ်ပုံနည်းစနစ်များ၊ ကျောင်းတိုက်များ၊ ဝင်းများ၊ ရပ်ကွက်အခေါ်အဝေါ်များ၊ မှူးကြီးမတ်ရာများမှအစ သမိုင်းဝင်နေရာအားလုံး အကြုံးဝင်နေပေသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်းမှ ရွှေရောင်ပလ္လင်ထက်တွင်ခန့်ထည်စွာတည်ရှိနေသော မင်းတုန်းမင်းတရားကြီး ထိုင်နေဟန်ကိုကြည့်ကာ အသေးစိတ်လေ့လာသမျှ ရှေးခေတ်မြန်မာများ၏ စည်းစနစ်၊ လုပ်ကိုင်ပုံနည်းစနစ်၊ နေထိုင်မှု၊ လူမှုရေး၊ စီးပွားရေး၊ ရတနာပုံခေတ်လက်နက်စက်ရုံများနှင့် အခြားစက်ရုံများ၊ လက်နက်စမ်းသပ်တီထွင်မှုများ၊ သဘော်ာကျင်းများ၊ ကိုးကွယ်ယုံကြည်မှုများမှအစ အကြောင်းအရာများစွာကို သိရှိရမည်ဖြစ်ကြောင်းဧည့်လမ်းညွှန်တစ်ဦးက အတိုချုံးရှင်းပြ၍ သိရသည်။ **(တိမ်တမန်)**

## မကွေးမြို့၏ မြသလွန်ဘုရားပွဲတော်တွင် ပျောက်ဆုံးနေသော ကလေးငယ်အား မိဘထံပြန်အပ်

**မကွေး အောက်တိုဘာ ၁၂**

သမိုင်းဝင် စေတီတော်ကြီးဖြစ်သော မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၇၈)ကြိမ်မြောက်ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးကျင်းပရာ ကြက်ပျံမကျစည်ကားလှသဖြင့် မြင်းကင်းကျေးရွာမှ သားအမိသားအဖသုံးယောက် ဘုရားပွဲတော်သို့ လာရောက်ကြရာတွင် သားဖြစ်သူ မောင်နောင်ရိုးလွင်သည် မိဘများနှင့်ကွဲကွာသွားသဖြင့် ကြက်ခြေနီ ရုံးသို့လာရောက်အကြောင်းကြား၍ ပွဲတော်၌ တာဝန်ကျကြက်ခြေနီ တာဝန်မှူးနှင့် အဖွဲ့သည် ၆ နာရီခွဲမှ စတင်၍ ရှာဖွေကြရာ ဇာတ်ရုံသွားသည့် ညောင်ပင်အောက်မှ ပြန်လည်တွေ့ရှိသဖြင့် မိဘများထံအပ်နှံပေးခဲ့နိုင်ကြောင်း သိရသည်။

မိခင်ဖြစ်သူက သားဖြစ်သူကို ပြန်လည်တွေ့ရှိသဖြင့် ကြက်ခြေနီအဖွဲ့ကို အထူးကျေးဇူးတင်ရှိကြောင်း ဘုရားပွဲတော်တွင် တာဝန်ကျ ကြက်ခြေနီရုံးသို့လာရောက်ပြောကြားသွားကြောင်း ကြက်ခြေနီလူကြီးများက ပြောပြသည်။ **ဇာဇာ(မကွေး)**

## အမျိုးသမီးငယ်တစ်ဦး အဆိပ်သောက်သေဆုံး

**မှော်ဘီ အောက်တိုဘာ ၁၂**

မှော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မှော်ဘီဆေးရုံသို့ အမျိုးသမီးငယ်တစ်ဦး အဆိပ်သောက်သေဆုံး၍ ရောက်ရှိနေကြောင်း သတင်းအရ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက သွားရောက်စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနေ (၁၇)နှစ်အရွယ်အမျိုးသမီးငယ်ဖြစ်ကြောင်း သိရပြီး ၎င်း၏ မိခင်ဖြစ်သူအား မေးမြန်းရာ သေဆုံးသူသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား နှစ်နှစ်ကျရှုံးထားသူတစ်ဦးဖြစ်ကြောင်း၊ စာမလိုက်နိုင်သည့်အတွက် မိခင်ဖြစ်သူမှာ မကြာခဏဆိုဆုံးမလေ့ရှိပြီး အခင်းဖြစ်နေ့ နံနက် ၈ နာရီခွဲခန့်ကလည်း ကျူရှင်သွားရန်ပြင်ဆင်နေစဉ် မိခင်ဖြစ်သူမှ ဆိုဆုံးမခဲ့ရာ သေဆုံးသူ အမျိုးသမီးငယ်မှ အိပ်ခန်းအတွင်းဝင်ရောက်၍ စိုက်ပျိုးရေးသုံးရွက်ဖြန်းဆေးအား သောက်ခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသောကြောင့် အမျိုးသမီးငယ် သေဆုံးမှုနှင့် ပတ်သက်၍ မှော်ဘီမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၃၄/၂၀၁၄)ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄ဝ)**



## ကွန်တိန်နာ ယာဉ်အရှိန်လွန်တိုက်မိ

**ရန်ကုန် အောက်တိုဘာ ၁၂**

ကြည့်မြင်တိုင်မြို့နယ်တွင် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ကမ်းနားလမ်းအတိုင်း ကြည့်မြင်တိုင်ဘက်မှ အလုံဘက်သို့ တာမွေမြို့နယ်နေ ယာဉ်မောင်း ကိုဇော်မျိုးအောင် (၂၈)နှစ်မောင်းနှင်လာသော 6F----ကွန်တိန်နာယာဉ်သည် ကမ်းနားလမ်းနှင့်ဟုမ်းလမ်းဆုံ မီးပွိုင့်အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက် ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မီးနီ၍ရပ်စောင့်နေသော 3C---- ကင်တာဘောက်ယာဉ်နှင့် 3E--- passo အငှားယာဉ်တို့အားတိုက်မိပြီး မီးပွိုင့်ထိပ်ရှိ ကွန်ကရစ်ခာတ်တိုင်နှင့် ကွမ်းယာဆိုင်တို့အား ထပ်မံတိုက်မိခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

**မူးလျှင် မမောင်းနှင့် မောင်းလျှင် မမူးနှင့်**


တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေသည်မှာ 7Stars ရဲ့အစဉ်အလာ
7stars( ရာထူးဝင်သင်တန်းကြီး )
နည်းပြ / သရုပ်ပြ
(အနီးကပ်တန်းခွဲများ စပြီ။)
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။
တိုက်(18 / 3B)၊ သမြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ကျောင်းခွဲ (လုံ၊ဝ) မရှိပါ။
09.421052736, 09.49282366, 09.49653992

HIGHWAY STAR Travels & Tours Co.Ltd
"အတွေးသစ်၊ အမြင်သစ် တွေရရှိဖို့ Highway Star နှင့် ခရီးသွားရို့"
ပြင်ဦးလွင် မီးပုံးပျံပွဲ၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ ပခုက္ကူ၊ ပုဂံညောင်ဦး၊ ပုပ္ပါး } Nov (5)
ကျိုက်ထီးရိုး နေ့ချင်းပြန် (အဆင့်မြင့်)
သရေခေတ္တရာ၊ ပြည်၊ အကောက်တောင်
သံတောင်ကြီး (အပန်းဖြေစခန်း)၊ တောင်ငူ
ကျိုက်ထီးဆောင်း၊ မဲလံ၊ ကျောက်ဝိရူပက္ခာ၊ ဖင်းကျိုက်ရေတံခွန်
30000/-
အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေ
Sania VIP 2+1 (ခရီးသွားအာမခံပါဝင်)
Scania, Yutong, Kinglong, Man
(၅)ဦးဝယ် (၁)ဦးလက်ဆောင်
အမှတ်(၃၃)၊ ပ-အထပ်၊ မာလာမြိုင်(၆) လမ်း၊ လှိုင်မြို့နယ်။
09-253235411, 09-25325422, 09-253241300, 09-250277527
facebook https//www.facebook.com/highwaystar

Pleasant Times Travels & Tours Co.,Ltd
Release Your stress with Pleasant Times
တောင်ကြီး - မီးပုံးပျံပွဲတော် ခရီးစဉ် ( Nov: 5 )
ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပခုက္ကူ ခရီးစဉ် ( Nov: 5 )
မန္တလေး - ပြင်ဦးလွင် - မီးပုံးပျံပွဲတော် ခရီးစဉ် ( Nov: 5 )
ငွေဆောင် ခရီးစဉ် ( Nov: 7 )
ပြည် - အကောက်တောင်(နေ့ချင်းပြန်) ခရီးစဉ် ( Nov: 18 )
အမှတ်(၇၃)၊အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများ ပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

## အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ဝေဖာချောင်း | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၂။ | ငါးပိ | ဝင်းသန်း | Rhodamine 'B' |
| ၃။ | ရှယ်ပုစွန်ငါးပိ | ဝင်းသန်း | Rhodamine 'B' |
| ၄။ | ဝေဖာလုံး(ရောင်စုံ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၅။ | ဝေဖာချောင်း(ရောင်စုံ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၆။ | ဂျယ်လီ(ပန်းရောင်) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၇။ | ရောင်စုံစပ်ကျား ချိုချဉ်ပြား | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၈။ | ချိုချဉ်ပြား(လိမ္မော်) | ဝမ်းဝမ်း | Rhodamine 'B' |
| ၉။ | ချိုချဉ်ပြား(အစိမ်း) | ဝမ်းဝမ်း | Auramine 'O' |
| ၁၀။ | ရောင်စုံ(ဝေဖာချောင်း) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၁။ | ငရုတ်သီးပုံ ချိုချဉ်ချောင်း | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၂။ | ကပ်စေးချိုချဉ်(အာနီလျှာနီ) | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၃။ | တုတ်ထိုးချိုချဉ် | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၄။ | ရောင်စုံဝေဖာ | Angry Bird ရုပ်ပုံပါ | Rhodamine 'B' |
| ၁၅။ | ငရုတ်သီးအရောင်တင်မှုန့် | ဘုရင် | Sudan III |
| ၁၆။ | ငရုတ်သီးအရောင်တင်မှုန့် | ကံ့ကော် | Rhodamine 'B' |
| ၁၇။ | ငရုတ်သီးအရောင်တင်မှုန့် | ရွှေဝါဝင်း | SudanIII |
| ၁၈။ | ကပ်စေးနဲ | အမှတ်တံဆိပ်မပါ | Rhodamine 'B' |
| ၁၉။ | ဝေဖာလုံးအသေး | ကောင်းမှကောင်း | Rhodamine 'B' |

ကျန်းမာရေးဝန်ကြီးဌာန



Angry Bird ရုပ်ပုံပါ ရောင်စုံဝေဖာချောင်း။



ဘုရင်အမှတ်တံဆိပ် ငရုတ်သီးအရောင်တင်မှုန့်။

## စာတည်းမှူးထံသို့ ရောက်ရှိလာသော ပေးစာများ

### ညှော်နံ့များကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၁၉)အထက်လမ်း (၈)ရပ်ကွက်တွင်ရှိသော ဈေးဆိုင်များသည် ယာဉ်သွားလမ်းပေါ်တွင် ကျူးကျော်ရောင်းချနေပါသဖြင့် ကားရပ်ရန်မလုံလောက်ခြင်းနှင့် လမ်းသွားလမ်းလာပြည်သူများအတွက် အနှောင့်အယှက်ဖြစ်စေပါသည်။ ထို့အပြင် ညနေပိုင်းတွင်ဖွင့်သော လက်ဖက်ရည်ဆိုင်(လမ်းဘေး)မှ ညှော်နံ့များသည် ပတ်ဝန်းကျင်၌နေထိုင်ကြသော ရပ်ကွက်သူ ရပ်ကွက်သားများ၏ ကျန်းမာရေးကို ထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

### မီးခိုးများနှင့် ဆူညံသံကြောင့် ပတ်ဝန်းကျင်ထိခိုက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်းအုပ်စုနင်းကြမ်းကျေးရွာအလယ် လူနေအိမ်ထူထပ်သောနေရာ၌ စပါးခွဲလောင်စာသုံးမီးဖိုနှင့် တွဲဖက်အသုံးပြုသည့် ဘက်ထရီအားသွင်းခြင်းနှင့် သံဂဟေဆော်ခြင်းများပြုလုပ်သည့် မီးစက်အင်ဂျင်မှထွက်ရှိသော အလွန်ဆိုးရွားသည့် ညှော်နံ့များ၊ မီးခိုးများနှင့် ဆူညံသံများသည် ပတ်ဝန်းကျင်နေအိမ်များသို့ ပျံ့နှံ့လျက်ရှိရာ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကို များစွာထိခိုက်လျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူ**

### အထက်တန်းကျောင်း ငွေပဒေသာပင် ပြန်လည်ဝေဆာစေချင်

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ငွေပဒေသာပင်အဖြစ် စိုက်ထူလှူဒါန်းခဲ့သော အလှူငွေများအား ကျောက်တန်းမြို့ ငွေစုဘဏ်တွင် အပ်နှံခဲ့သော်လည်း စာရင်းထိန်ချန်ခြင်း၊ ဘဏ်တိုးငွေကိုလည်း ကိုယ်ကျိုးအတွက် ထုတ်သုံးခြင်းတို့ လုပ်ဆောင်ထားမှုကြောင့် ကျောင်းအတွက် နစ်နာနေပါသည်။ သို့ပါ၍ အဆိုပါ ငွေပဒေသာပင် ဆက်လက်ရှင်သန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျောင်းသားမိဘများ**

### သမ္ဘန်ဆိပ်တံတားများ ရှိစေချင်

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြင့်ကကုန်းကျေးရွာတွင် ပတ်ဝန်းကျင်ကျေးရွာများမှ လှေ၊ သမ္ဘန်၊ သင်္ဘောများနှင့် လာရောက်ဆိုက်ကပ်သည့်အခါ လွယ်လင့်တကူ ဆိုက်ကပ်နိုင်သည့် ကျေးရွာပိုင် တံတား ကိုးစင်းရှိပါသည်။

ယခုအခါ အဆိုပါတံတားမြေနေရာများမှာ ပျောက်ဆုံးကွယ်ပျောက်နေပြီး ပွင့်လင်းရာသီတွင် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ပိုက်၊ မီးသတ်သင်္ဘောဆိုက်ကပ် အသုံးပြုရန် တံတားများမရှိဘဲ မြင့်ကကုန်းကျေးရွာတွင် တံတားများ လုံးဝပျောက်ကွယ်နေပါသည်။ သို့ပါ၍ မြင့်ကကုန်းကျေးရွာတွင် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဖယ်ရှားပေးနိုင်ရေး သက်ဆိုင်ရာမှ အမြန်ဆုံး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျေးရွာသားတစ်ဦး**




NOKIA 108

PREMIUM KEYPAD PHONE FOR MYANMAR

- Myanmar font တပါတည်းပါရှိခြင်း
- MP3 player ပါရှိခြင်း
- ကင်မရာပါရှိခြင်း
- ဘက်ထရီသက်တမ်းကြာရှည်ခြင်း
- လိုင်းဆွဲအားကောင်းခြင်း
- Dual Sim (GSM)
- Bluetooth အသုံးပြုနိုင်ခြင်း
- 1 Year Official Warranty
- Free 4GB Micro SD Card!

https://www.facebook.com/nokiamyanmar

**Nokia Showroom & Service Center**: 152A, Shwe Gone Taing Road, Bahan Township, Yangon; Ph Nos: 09 31873054 (Retail), 09 421143000 (Wholesales)

**Official Nokia Phones available at the following major shops in Myanmar: Yangon:** Jaymart, KMD, Orbit, e-city, Lugyimin, Mr Fone, Elite, Mobile mother **Pathein:** Sun Mobile, Mobile Zone **Pyay:** Wise Power, NSM, Zaw **Bago:** 342 Mobile, Junction Mobile **Myeik:** Elite **Dawei:** DCom **Pha An:** Treasure Net, Zenith, **Mawlamyine:** Mobile Zone, KMD, UOK, Shwe Phone Mon **Taungoo:** Tae Kabar, Hello, Dr G, Mobile house **Nay Pyi Daw:** 3D, KMD, e-city **Meiktila:** KMD **Mandalay:** KMD, e-city, YK, Pink **Loikaw:** Orbit **Magway:** Orbit, KMD **Lasho:** KMD **Myitkyina:** Elite **Taunggyi:** i-Angel

အနုပညာ

# ရဟန်းမစားရသော ဆွမ်းတစ်နပ်နှင့် . . .

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

လောကမှာ ဆရာ့ဝတ္တရား၊ တပည့်ဝတ္တရားများနှင့်အညီ ဆရာကောင်းတပည့်၊ တပည့်ကောင်းဆရာများအဖြစ် သံယောဇဉ်ကြီးမားစွာ အပြန်အလှန်ဆက်ဆံခဲ့ကြသည့် ဆရာတပည့်ပေါင်းများစွာရှိသော်လည်း ယခုတင်ပြမည့် ဆရာတပည့်အတွဲကတော့ သာမန်ထက် ထူးခြားနေသယောင်ထင်မိသည်။ ရေစက်ဆုံကြုံခဲ့ကြလေသလားမသိ၊ ဆရာတပည့် လက်ပွန်းတတီး နေခဲ့ကြသော ကာလမှာ နှစ်ပေါင်း(၅၀)ကြာလေသည်။ သွေးမတော်သားမစပ် တစိမ်းပင်ဖြစ်လင့်ကစား ဆရာလုပ်သူကလည်း သားသမီးအရင်းနှင့်မခြား၊ တပည့်လုပ်သူကလည်း မိဘအရင်းအလားဂါရဝထား၏။ မိမိတတ်စွမ်းသမျှ ဆရာစားမချန် သင်ပြပေးလိုသောဆရာနှင့် ပညာကိုတန်ဖိုးထားရယူလိုသော တပည့်တို့ ဆုံစည်းမှုသည် မေတ္တာအရာမှာသာမက အနုပညာပိုင်းဆိုင်ရာမှာပါ များစွာအကျိုးဖြစ်ထွန်းစေခဲ့သည်။ ထိုဆရာတပည့်ကား အခြားမဟုတ်၊ အများသိပြီးဖြစ်သည့် စာရေးဆရာဒါရိုက်တာ ဆရာကြီးဦးသုခနှင့် ဒါရိုက်တာမောင်နှင်းမိုး။

တစ်ခါတစ်ရံ လူလူချင်းပေါင်းသင်းရသည်မှာ လွယ်မယောင်နှင့်ခက်သည်။ လူတစ်ဦးနှင့်တစ်ဦး စိတ်ဆန္ဒခြင်းတစ်ထပ်တည်းကျရန်မလွယ်၊ ပုထုဇဉ်လူသားများဖြစ်သည့်အတွက် စိတ်တို့သည် တစ်သမတ်တည်းသွားခဲ၏။ ဆရာကြီးဦးသုခသည် မှန်ရာကို တဲ့ထိုးပြောတတ်သည့်အတွက် ဘုကလန့်၊ ပေါင်းရခက်သူဆိုပြီး အနားမကပ်ရဲကြ။ ဆရာမောင်နှင်းမိုးကတော့ ထိုသို့မဟုတ်၊ ဆရာကြီး၏ဝမ်းတွင်းအဇ္ဈတ္တစိတ်ရင်းအလှကို ထိုးထွင်းသိပုံရသည်။ အန္တိတာလည်းခံသည်။ သို့ဖြစ်၍ ဆရာကြီးနှင့် ကာလရှည်ကြာ နေထိုင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆရာကောင်းတပည့်ပန်းကောင်းပန်ဆိုသော စကားနှင့်အညီ ဆရာကြီးဦးသုခကို တစ်တိုင်းပြည်လုံးသိကြသလို၊ ဆရာကြီး၏အနုပညာအရှိန်အဝါဖြင့် ဒါရိုက်တာမောင်နှင်းမိုးကိုလည်း မသိသူရှားလှသည်။ ဆရာကြီးလောက် လက်စွမ်းမထက်သော်လည်း ကြိုးစား၍ အမီလိုက်သည်။ တပည့်ကောင်းပီသစွာ လေ့လာသင်ယူအားထုတ်မှုတို့ကြောင့် အနုပညာလောကအလယ် ဆရာမောင်နှင်းမိုး မျက်နှာမငယ်ခဲ့ရ။ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ၊ ဗီဒီယိုဇာတ်ကားပေါင်းများစွာ၊ ရုပ်မြင်သံကြားဇာတ်လမ်းပေါင်းများစွာ ရိုက်ကူးခဲ့ပြီး အောင်မြင်ထင်ရှားသော ဒါရိုက်တာအဖြစ်သို့ရောက်ရှိခဲ့ခြင်းက ဆရာကောင်းတပည့်ပီသမှုကို ပြလျက်ရှိသည်။ ဆရာကြီးဦးသုခသည် အသက်(၈၀)အရွယ်သို့ရောက်သောအခါ အမြင်အာရုံများ မကောင်းတော့ပေ။ သို့သော် စိတ်ဓာတ်ပြင်း၏၊ ဇွဲမလျှော့။ အိုမင်းမစွမ်းဘဝမှာပင် ဘာသာ၊ သာသနာအကျိုးအတွက် ဇာတ်လမ်းကောင်းများကို ဖန်တီးတင်ဆက်ခဲ့သည်။ ဆရာကြီးဖြစ်လိုသော ဆန္ဒများကို အစွမ်းကုန်ဖြည့်ဆည်းခဲ့သူက ဒါရိုက်တာမောင်နှင်းမိုး။ ဆရာကြီးသည် အသက်အရွယ်ရလာသောအခါ စိတ်ပင်ရှိသော်လည်း ရုပ်ခန္ဓာက လိုက်နိုင်စွမ်းမရှိ။ ထိုသို့သော အခြေအနေမျိုးတွင် အားကိုးရသည့်၊ မျက်နှာလွှဲရသည့် တပည့်ကောင်းအနားမှာ မရှိပါက "ရဟန်းစားရသော ဆွမ်းတစ်နပ်"၊ "ရဟန်းမစားရသော ဆွမ်းတစ်နပ်(သီလဝိသုဒ္ဓိ)"နှင့် "တစ်ပါးသီလ"တို့ကဲ့သို့သော ရုပ်မြင်သံကြားဇာတ်လမ်းကောင်းများ ပေါ်ပေါက်မလာနိုင်။

သည်နေရာတွင် အလျဉ်းသင့်တုန်း "ရဟန်းမစားရသော ဆွမ်းတစ်နပ်" ဇာတ်လမ်းရိုက်ကူးမှုနှင့် အခက်ကြုံရပုံလေးရေးပြချင်သည်။ ထိုဇာတ်လမ်းကိုတော့ အများကြည့်ပြီး သိပြီးဖြစ်မည်။ အိမ်မှာချစ်၍ မွေးထားသည့် ကြိုးကြာငှက်က ပတ္တမြားကိုအစာမှတ်၍ ကောက်ယူမျိုချလိုက်သည်။ ဒါကို မီးဖိုခန်းသို့ ခဏထွက်သွားသည့် ဇော်လင်း(မဏိကာရ)က မသိ၊ အိမ်မှာ ဆွမ်းခံကြွလာသည့် ရဟန်းခိုးသည်ထင်၍ ရိုက်နှက်မိသည်။ ဇော်လင်းဒေါသဖြစ်နေစဉ် အနားကပ်လာသည့် ကြိုးကြာငှက်ကို ကိုင်ပေါက်လိုက်သည့်အခါ ကြိုးကြာငှက်သေသွားမှ ပတ္တမြားကို ကြိုးကြာငှက်မျိုချလိုက်ကြောင်း ဇော်လင်းသိလိုက်ရသည်။ ကြိုးကြာငှက်သေသွား၍ ချိုပြုံး(သုမနာ) လွမ်းခန်း၊ ဇော်လင်းက ရဟန်းကို ရှိခိုးတောင်းပန်ခန်းတို့မှာ ဇာတ်လမ်း၏ အထွတ်အထိပ်။ ထိုနေရာတွင်ပင် ကြိုးကြာငှက်သည် အဓိက ကျနေသည်။ သူ့အခန်းကို ချန်လှပ်ထား၍ မရ။ လူကိုသင်ပြဖို့ မခဲယဉ်းသော်လည်း ကြိုးကြာငှက်ရဖို့၊ သင်ပြဖို့ကခက်ပြန်သည်။ ကြိုးကြာငှက်မရပါက ထိုဇာတ်လမ်းရိုက်ဖို့မဖွယ်၊ ကြိုးကြာငှက်ရပါမှ ဆရာကြီး ဦးသုခ၏ ဆန္ဒပြည့်ဝပေတော့မည်။ သို့ဖြစ်၍ တပည့်ကျော် မောင်နှင်းမိုး ကြိုးကြာငှက်ရှာပုံတော်ဖွင့်ရသည်။

ဦးစွာပထမ မြစ်ဝကျွန်းပေါ်ဒေသမှ ကြိုးကြာငှက်တစ်ကောင်ရသည်။ လေ့ကျင့်နေစဉ် သေဆုံးသွား၍ ရန်ကုန်နှင့်လှော်ကား တိရစ္ဆာန်ဥယျာဉ်တို့မှ ကြိုးကြာငှက်များနှင့်ရိုက်ရန်ကြံသည်။ အဆင်မပြေ။ မီးထိုးမခံ၊ လူကြောက်ကြသည့်အတွက် ကြံရာမရ၊ နောက်ဆုံးသတင်းစာမှ ကြိုးကြာငှက်အလိုရှိကြောင်း ကြော်ငြာခဲ့ရာ ကျုံပျော်မြို့ ဘုန်းကြီးတစ်ပါးထံမှ ကြိုးကြာငှက်တစ်ကောင်ရသည်။ ထိုကြိုးကြာလိမ္မာပုံများ ဘုန်းကြီးတွေ့လျှင် ဦးချရှိခိုးသည်။ ဘုန်းကြီးဆွမ်းခံထွက်တိုင်း ဆွမ်းချိုင့်ဆွဲလိုက်သည်။ သည်လောက်လိမ္မာတာ၊ အဆင်မပြေစရာ မရှိ၊ ရန်ကုန်သို့ခေါ်ပြီး ဇာတ်လမ်းမရိုက်မီ မင်းသမီးချိုပြုံးနှင့် ရင်းနှီးအောင်ထားသည်။ ချိုပြုံးကလည်းချော့မော့၍ ရင်းနှီးအောင် ကြိုးစားသည်။ သို့သော် ကြိုးကြာသည် ချိုပြုံးကို အနားကပ်မခံ၊ ချိုပြုံးအနားကပ်တိုင်း ဆိတ်ဆိတ်လွှတ်သည့်အတွက် မင်းသမီးချိုပြုံးဒဏ်ရာရသည်သာ အဖတ်တင်၏။ ထိုကြိုးကြာကို ကျုံပျော်သို့ ပြန်ပို့လိုက်ရသည်။ နောက်ဆုံးဟင်္သာတမြို့မှရသည့် ကြိုးကြာငှက်နှင့်ကျမှ အဆင်ပြေသည်။ လွယ်လွယ်နှင့်တော့ ရိုက်ကူး၍မရ။ မြန်မာ့နည်းမြန်မာ့ ဟန်ဖြင့် အတော့်ကို ကြိုးစားရိုက်ယူရသည်။

အဆိုပါကြိုးကြာငှက်ကို ရိုက်ကွင်းတွင်ယဉ်ပါးအောင်ထားရာ ခေါ်လျှင်လာ၊ ကျွေးလျှင်စား၊ ဇော်လင်းနှင့်ချိုပြုံးက ကိုင်တွယ်ပွတ်သပ်ပေးလျှင်လည်း သဘောကျသည် ထင်၏။ ငြိမ်သက်စွာနေသည်။ သို့ရာတွင် တကယ်ရိုက်သည့်အခါ အငြိမ်မနေ၊ ဟိုသွားသည်သွားလိုရာမရောက်၊ ခဏခဏပြန်ရိုက်ရသည်။ ပတ္တမြားမျိုချလိုက်သည့်ဟန်၊ ရိုက်ကူးရန်အတွက် အပြင်မှာ ငုံးဥကျွေးပြီး လေ့ကျင့်ပေးထားရာ ငုံးဥကို လိုလိုလားလားကောက်ယူမျိုချလေ့ရှိ၏။ တကယ်ရိုက်မည်ဆိုတော့ ဘယ်လိုကျွေးကျွေးငုံးဥကို လုံးဝမစား၊ မတတ်သာသည့်အဆုံး ထိုကြိုးကြာငှက်ပါးစပ်ကို အတင်းဖြဲပြီး ငုံးဥကို ထိုးထိုးသွင်းရသည်။ သို့ဖြစ်၍ ငှက်လည်းမသက်သာ၊ ငုံးဥလည်ချောင်းထဲဆင်းသွားသည့် သဏ္ဍာန်မှာ ပတ္တမြားမျိုချသည့်ဟန် ပေါ်လွင်သည့်အတွက် ရိုက်ကူးသူများအမောပြေရပြန်သည်။ အရေးကြီးဆုံးအခန်းဖြစ်သော ဇော်လင်းဒေါသဖြစ်ကာ ရိုက်လိုက်၍ ကြိုးကြာငှက်လွင့်စဉ်သွားပြီး သေဆုံးခန်းရိုက်ရန်အတွက် တိရစ္ဆာန်ဆေးကုဆရာဝန်များခေါ်ယူပြီး ညှိနှိုင်းတိုင်ပင်ရသည်။

အရိုက်ခံရသော ကြိုးကြာငှက်သည် ချက်ချင်းမသေနိုင်၊ မသေခင်အကြောဆွဲကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေပုံကိုလည်း ရိုက်ပြချင်သေးသည်။ နောက်မှတဖြည်းဖြည်းငြိမ်ကျသေဆုံးသွားစေချင်သည်။ သည်တော့ ကြိုးကြာငှက်ကို မေ့ဆေးပေးရိုက်မှရမည်။ မေ့ဆေးမပေးခင် ကြိုးကြာငှက်ကို ပေါင်ချိန်၊ အစာမည်မျှကျွေးမည်၊ မေ့ဆေးမည်မျှ ပေးမည်ကို တွက်ဆကြရသည်။ ကြိုးကြာငှက်ကို ရိုက်ချလိုက်၍ လွင့်စဉ်သွားမည့်နေရာ၊ ချိုပြုံးဝင်လာပြီး အကြောဆွဲနေသော ကြိုးကြာငှက်ကို ပွေ့ကာ "သား၊ သား" ဟုခေါ်ရင်း ဇော်လင်းရှိရာသို့ လှည့်ပြောရမည့်စကား၊ နောက်ဆုံး ကြိုးကြာသေသွားသည်ကို မြင်ရ၍ အော်ငိုကာပြောရမည့်စကားလုံးများကို ကြေညက်အောင် ဇာတ်တိုက်ရသည်။ ဇော်လင်း၊ ပလာတာတို့ဝင်ရထွက်ရမည့် နေရာအနေအထားအားလုံးကို အမှားအယွင်းမရှိရအောင် အထပ်ထပ်အခါခါ လေ့ကျင့်ကြရသည်။ ကြိုးကြာငှက်ကို ပွေ့ထားရမည့် ချိုပြုံးကိုလည်း ကြိုးကြာငှက်လှုပ်နေသရွေ့ အက်ရှင်ဆက်လုပ်နေရန်နှင့် ကြိုးကြာငှက်ငြိမ်ကျသွားမှ (သေဆုံးသွားသဖြင့်)ဇော်လင်းကို ပြစ်တင်ပြောဆိုရန် မှာထားရသည်။

အားလုံးရိုက်ကူးရန် အဆင်သင့်ဖြစ်သည်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့က ကြိုးကြာငှက်ကို မေ့ဆေးထိုးပေးလိုက်သည်။ ပါဝင်သရုပ်ဆောင်သူများ၊ ကင်မရာအဖွဲ့၊ မီးအဖွဲ့တို့နှင့်အတူ လာရောက်ကြည့်ရှုနေကြသော ပရိသတ်များပါ ကြိုးကြာငှက်အတွက် စိုးရိမ်စိတ်ဖြင့် ရင်တထိတ်ထိတ်ဖြစ်နေကြသည်။ လူပေါင်းများစွာရှိသည့် ရိုက်ကွင်းတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေပြီး မေ့ဆေးထိုးထားသော ကြိုးကြာငှက်ကိုသာ အာရုံဝင်စားနေကြသည်။ ကြိုးကြာငှက်မေ့ခါနီးလောက်တွင်(ဇော်လင်းရိုက်၍ လွင့်ထွက်သွားပုံဖြစ်အောင်) ကင်မရာချိန်ထားရာ ဘောင်အတွင်းသို့ ပစ်လိုက်ရပါသည်။ သည့်နောက် ဇာတ်တိုက်ထားကြသော အစီအစဉ်အတိုင်း ကြိုးကြာငှက်လွင့်သွားရာသို့ ချိုပြုံးဝင်လာပွေ့၊ ဇော်လင်းကို ရန်တွေ့စကားများဖြင့် ငိုကာပြောရသည်။ (ကြိုးကြာငှက် ငြိမ်မသွားမချင်း ချိုပြုံးခမျာ အချိန်အတော်ကြာငိုလိုက်၊ ဇော်လင်းရှိရာ လှည့်စကားပြောလိုက်နှင့် အက်ရှင်ဆက်လုပ်နေရရှာသည်။) ကြိုးကြာငှက်ငြိမ်ကျသွားမှ ချိုပြုံးက ကြိုးကြာငှက်ကို ပွေ့ပိုက်ပြီး "အမယ်လေး သွားပါပေါ့လားသားရေ"ဟု ငိုချလိုက်သည်။ (ဤအထိ ကင်မရာနှစ်လုံးဖြင့် တောက်လျှောက် ရိုက်ထားရသည်။ ကင်မရာနှင့် မီးလုံးများကို ဟိုပြောင်းဒီပြောင်းလုပ်၍ မရ။ အချိန်လုနေရသည်။ မေ့ဆေးပြယ်မှာ စိုးရိမ်ရသောကြောင့်) ကြိုးကြာနှင့် ပတ်သက်သမျှ အဓိကဇာတ်ဝင်ခန်းများ အားလုံး အပြည့်အစုံ ရိုက်ကူးရရှိပြီးသည်နှင့် ကြိုးကြာငှက်ကို ဆရာဝန်က ဖြေဆေးထိုးပေးလိုက်သည်။ ခဏအကြာ မေ့ဆေးပြယ်မှ ကြိုးကြာငှက်ကိုသေချာစွာစမ်းသပ်စစ်ဆေးကြည့်ရှုရသည်။ ဇော်လင်းရိုက်၍ လွင့်သွားဟန်ဖြစ်အောင် ကြိုးကြာငှက်ကို ပစ်လိုက်ရာ လည်တိုင်ရှည်သော ကြိုးကြာငှက်သည် ဦးခေါင်းနှင့် ကြမ်းပြင်ထိခိုက်မိကာ ခေါင်းတွင် ဖူးရောင်သောဒဏ်ရာ ရရှိသွားသည်။ ဇော်လင်းက ချိုပြုံးပွေ့ပိုက်ထားသော ကြိုးကြာကို ရင်ခွဲရန်ဆွဲယူ၊ ချိုပြုံးက မပေးဘဲ အတင်းပြန်ဆွဲနှင့် နှစ်ဦးလုကြသည့်အတွက် ကြိုးကြာငှက်မှာ နှလုံးအရမ်းခုန်ကာ ကိုယ်ပူချိန်ပါ တက်လာသည်။ ဆရာဝန်များက တိရစ္ဆာန်ဥယျာဉ်သို့ ယူသွားကာ စိတ်ချရသည်အထိ လိုအပ်သလို ကုသပေးသည်။ ရိုက်ကူးရေးအဖွဲ့သားများ ကျန်သောဇာတ်ဝင်ခန်းများ ရိုက်သာနေရသည် ကြိုးကြာငှက်အတွက် ရတက်မအေး။ ဆရာဝန်များအဖွဲ့က တိရစ္ဆာန်ဥယျာဉ်အရောက်တွင် ကြိုးကြာငှက်ကို အားဆေးသွင်း၊ ဆေးထိုးဖြင့် အထူးဂရုစိုက်ကာ ပြုစုပေးကြ၍ ကြိုးကြာငှက် ပြန်လည်လန်းဆန်းလာကာ စိတ်ချရသောအခါမှ ပြန်ပေးသည်။ သည်တော့မှ ရိုက်ကူးရေးအဖွဲ့များ သက်ပြင်းချနိုင်တော့သည်။ ။












အားကစား

## အာရှယူ-၁၉ ပြိုင်ပွဲ အုပ်စု(က)နှင့် (ဂ) နောက်ဆုံးပွဲစဉ်များ ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

အာရှယူ-၁၉ ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များပြီးဆုံးတော့မည်ဖြစ်၍ အုပ်စု(က) နှင့်(ဂ) အုပ်စုနောက်ဆုံး ပွဲစဉ်များကို အောက်တိုဘာ ၁၃ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲစဉ်များကို တစ်ချိန်တည်းကစားမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် အုပ်စု(ဂ)ပွဲစဉ်များအဖြစ် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ တရုတ်နှင့် ဗီယက်နမ်၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်း၌ တောင်ကိုရီးယားနှင့် ဂျပန်၊ ညနေ ၆ နာရီခွဲတွင် အုပ်စု(က) ပွဲစဉ်များအဖြစ် သုဝဏ္ဏကွင်း၌ မြန်မာနှင့်အီရန်၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်း၌ ထိုင်းနှင့်ယီမင်တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အောက်တိုဘာ ၁၂ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ အိမ်ရှင်မြန်မာနှင့်ယီမင်အသင်းတို့က လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်၊ အုပ်စု(ဂ)၌ လက်ရှိချန်ပီယံတောင်ကိုရီးယားအသင်းနှင့် တရုတ်အသင်းတို့က လေးမှတ်စီ၊ ဂျပန်အသင်းက သုံးမှတ်တို့ရရှိပြီး ကွာတားဖိုင်နယ်သို့တက်ရောက်ရန် အပြိုင်ဖြစ်နေသည်။ နှစ်ပွဲစလုံးရှုံးထားသည့် အုပ်စု(က)မှ အီရန်အသင်းနှင့် အုပ်စု(ဂ)မှ ဗီယက်နမ်အသင်းတို့မှာ တစ်ပွဲကစားရန်ကျန်သေးသော်လည်း အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

အိမ်ရှင်မြန်မာအသင်းမှာ ရမှတ်လေးမှတ်ဖြင့် နောက်တစ်ဆင့်တက်ရန်



အခြေအနေကောင်းနေပြီး အီရန်အသင်းနှင့်နောက်ဆုံးပွဲတွင် သရေတစ်မှတ် ရရှိရုံဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ (2014 AFC 19 Championship) အုပ်စု(က)တွင်ပါဝင်သည့် အိမ်ရှင်မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုအဖွင့်ပွဲတွင် ယီမင်အသင်းနှင့် ဂိုးမရှိသရေပွဲ၊ အုပ်စု ဒုတိယပွဲစဉ်မှာ ဒေသတွင်းအစဉ်အလာပြိုင်ဘက်ဖြစ်သည့် ထိုင်းယူ-၁၉ အသင်းကို သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိထားသည်။ အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရဂိုး သုံးဂိုး၊ ပေးဂိုးမရှိ၊ ရမှတ် လေးမှတ်ဖြင့် အုပ်စုထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သို့သော် မြန်မာယူ-၁၉ အသင်း ကွာတားအဆင့်တက်ရောက်ခွင့် (အုပ်စုအဆင့် ကျော်ဖြတ်နိုင်ရေး)အတွက် အမှတ်လိုအပ်နေသေးသည့် အနေအထားဖြစ်နေ၍ အောက်တိုဘာ ၁၃ ရက်တွင် အီရန်အသင်းနှင့် ကစားရမည့် အုပ်စုနောက်ဆုံးပွဲစဉ်ကိုလည်း မြန်မာအသင်းအနေဖြင့် အထူးအာရုံစိုက်ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ အမှားမခံသည့် ပွဲတစ်ပွဲဟု သတ်မှတ်နိုင်သည်။

## ကွာတားအဆင့်တက်ခွင့်အတွက် အားကုန်ထုတ်ကစားမည့် မြန်မာယူ-၁၉ အသင်း

မြန်မာအသင်းကွာတားအဆင့်တက်ရောက်နိုင်ရေးအတွက် အီရန်နှင့်ပွဲတွင် အနိုင် သို့မဟုတ် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ရန် လိုအပ်နေသည်။ အကြောင်းမှာ အနိမ့်ဆုံးသရေတစ်မှတ်ရရှိလျှင် အုပ်စုတွင်းပြိုင်ဘက် ယီမင်နှင့် ထိုင်းတို့၏ ပွဲတွင်မည်သည့်ရလဒ်ပင်ပေါ်ထွက်ပါစေ မြန်မာယူ-၁၉ အသင်းကွာတားအဆင့်ကို တက်လှမ်းနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ သရေတစ်မှတ်ဆိုသည်မှာလည်း ရယူနိုင်သည့် အနေအထားရှိနေသည်။ လွယ်ကူမည်တော့ မဟုတ်၊ ပြိုင်ဘက်သည် အာရှထိပ်သီးအသင်းဖြစ်နေ၍ ယခင်ပွဲများထက် ဂရုစိုက်ရမည်။ အားကုန်ထုတ်ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်သည်။ အီရန်လူငယ်အသင်းသည် အုပ်စုနှစ်ပွဲကစားအပြီး နိုင်ပွဲမရသေး၊ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်ကျော်ဖြတ်နိုင်ရန် မဖြစ်နိုင်တော့သည့်အသင်း ဖြစ်နေသည်။ ဂုဏ်သိက္ခာအတွက် လူစုံထုတ်ပွဲထွက်ယှဉ်ပြိုင်မည်လား သို့မဟုတ် အရန်ကစားသမားများနှင့်သာ ရင်ဆိုင်ကစားမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ယီမင်နှင့်ပွဲတွင် တစ်မှတ်၊ ထိုင်းနှင့်ပွဲတွင် သုံးမှတ် နှစ်ပွဲပေါင်း လေးမှတ်ရယူနိုင်ခဲ့သည့် မြန်မာယူ-၁၉ အသင်း၏ခြေစွမ်းသည် တစ်ပွဲထက်တစ်ပွဲ ပိုပြီးထက်မြက် ကောင်းမွန်လာသည်ကို တွေ့နေရသည်။ ကစားသမားတစ်ဦးချင်းစီ၏ ခြေစွမ်းရော၊ အသင်းလိုက်စုဖွဲ့မှုအားပါ အကောင်းဆုံးပုံစံ (Peak Form) နီးနီးရရှိ နေသည်ဟု ပြောနိုင်သည်။ ထိုခြေစွမ်းကို အီရန်နှင့်ပွဲတွင် ဆက်ထိန်းပြီး ကစားနိုင်မည်ဆိုလျှင် မြန်မာလူငယ်တို့ ကွာတားအဆင့်တက်ခွင့်ရရန် ရာနှုန်းများနေသည်။ (၂၀၁၅) ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ဆိုသည့် ရည်မှန်းချက်အတွက် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို အသုံးပြုသွားမည်ဖြစ်သည်ဟု ကြိုပြီးထုတ်ဖော်ပြောကြားထားသော နည်းပြကြီး ဂတ်မီဆီအနေဖြင့် ယခုပွဲကို အကောင်းဆုံးနည်းဗျူဟာ၊ နည်းစနစ်ပိုင်းနှင့် ပွဲထွက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲထွက်ကစားရမည့် ကစားသမားများကလည်း နည်းပြကြီး၏ ကစားကွက်ပုံစံကို အကောင်းဆုံးခြေစွမ်းနှင့် အံဝင်ခွင်ကျဖြစ်အောင် အားကုန်ထုတ်ကစားကြမည်မှာ ကျိန်းသေပေါက်သေချာနေကြောင်း ရေးသားလိုက်ရပါသည်။

**(ဝင်းထွဋ်ဦး)**

## သားလေးမင်းပြည့်စုံသန့်အတွက် မွေးနေ့ဆုတောင်း

* ပန်းကြာပဒုံ၊ ပမာပုံသို့
ဝတ်မှုန်စွင့်ကား၊ ပွင့်ချပ်များနှယ်
ဖွေ့သားပြည့်စုံ မွှေးပါစေ။
* ငွေနှင်းကြွေစ၊ ဟေမန္တ၏
မြပဝါအား၊ ခြုံ၍ထားသို့
မေ့သားပြည့်စုံအေးပါစေ။
* "သင်း၍ ထုံပျံ့"
"နှင်းငွေခြုံဖြန့်"
"မင်းပြည့်စုံသန့်"
ရနံ့လည်းသင်း၊ အဆင်းရည်မွန်
ထူးချွန်ပညာ၊ မြင့်မြတ်စွာဖြင့်
လူ့ရွာကောင်းကျိုး၊
သယ်ပိုးနိုင်စေ၊ တောင်းဆုခြွေသည်
ဖေဖေ့ရင်နှစ် သားရွှေစင်။
ဆယ့်ရှစ်နှစ်ပြည့် မွေးနေ့ရှင်။
သက်ဆုံးတိုင်ပင် ထာဝစဉ်။
ချမ်းမြေ့ပျော်ရွှင်ပါစေချင်။

ဖေဖေ- ဦးမြင့်ထွေး(ဒု-ညွှန်ချုပ်၊ ပြန်ကြားရေး)
မေမေ- ဒေါ်မိုးစန္ဒာမြင့်

## ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ်အဖြစ် (၂၃) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း အောက်တိုဘာ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို ပြိုင်ပွဲတစ်ရပ်အနေဖြင့်မဟုတ်ဘဲ အမြင်အာရုံချို့ယွင်းအားနည်းသူများဖြစ်သော်လည်း စိတ်ခွန်အားလန်းဆန်းလာစေရန်၊ ခင်မင်ရင်းနှီးမှုနှင့်အတူ စိတ်အားငယ်မှုပြေပျောက်ပြီး သက်ရှည်ကျန်းမာပျော်ရွှင်မှုများ ပိုမိုရရှိပြီး အထောက်အကူပြုစေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် (၂၃)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင် လမ်းလျှောက်ပွဲတွင် ကြည့်မြင်တိုင် မျက်မမြင်သင်တန်းကျောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်မိတ်သဟာယသင်တန်းကျောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ မုံရွာရောင်ခြည်သစ်ပရဟိတ မျက်မမြင်ကျောင်း၊ ပြင်ဦးလွင် ပရဟိတ မျက်မမြင်ပညာသင်ကျောင်း၊ မိတ္ထီလာရွှေ့ဆောင် မျက်မမြင်ကျောင်း၊ သဃ်န်းကျွန်းမသန်စွမ်း မျက်မမြင်လူမှုဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ လှိုင်သာယာစုပေါင်းအားမာန် မျက်မမြင်အလုပ်သမားများအဖွဲ့၊ စိန်မေရီ မျက်မမြင်အလုပ်ရုံ၊ မျက်မမြင်အကြောပြင်ပညာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ ရမည်းသင်းမေတ္တာဥယျာဉ်ပရဟိတ မျက်မမြင်ကျောင်း၊ Prefect မျက်မမြင်အကြောပြင်ပညာ ပြန့်ပွားတိုးတက်ရေးဖောင်ဒေးရှင်း စသည့် မျက်မမြင် သင်တန်းကျောင်းတို့မှ မျက်မမြင်သင်တန်းသား သင်တန်းသူ ၇၀၀ ကျော်တို့ သတ်မှတ်လမ်းကြောင်းအတိုင်း ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ဟန်တယ်လာအားခေါ်ယူရန် အာဆင်နယ်နှင့်လီဗာပူး စိတ်ဝင်စားနေ

အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကိုအားဖြည့်ရန်အတွက် ချော်ကေးလ်အသင်း၏ ဟော်လန်တိုက်စစ်မှူး ကလော့ရင်ဟန်တယ်လာအားခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။

အာဆင်နယ်အသင်းမှာ ၎င်းတို့၏ အဓိကတိုက်စစ်မှူးများဖြစ်သည့် ဂီရော့ဒ်၊ ပိုဒေါစကီးတို့မှာ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး အသင်း၏တိုက်စစ်ပိုင်းတွင် ဝဲလ်ဘတ်၊ ဆန်ချိုစသည့်ကစားသမားများသာ ကြံ့ခိုင်မှုအပြည့်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်အသင်း နည်းပြ အာဆင်ဝင်းဂါးမှာ လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ဟန်တယ်လာအား အသင်းသို့ အရောက်ခေါ်ယူရန်ဆန္ဒရှိနေပြီး အပြီးသတ်ခေါ်ယူရန် အဆင်မပြေခဲ့ပါက ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းမှာလည်း အားနည်းနေသည့် တိုက်စစ်ပိုင်းအတွက် ဟန်တယ်လာအားခေါ်ယူအားဖြည့်လိုနေပြီး လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ပေါင် ၁၆ သန်းဖြင့် အပြီးသတ်ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

ဟန်တယ်လာမှာလည်း ချော်ကေးလ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သကဲ့သို့ ပရီမီယာလိဂ်သို့ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် ချော်ကေးလ်အသင်းနှင့် လမ်းခွဲရန် နီးစပ်နေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**















Customer Contact Center **01-2399 888**

**samsungmyanmar**

**Samsung Customer Service Plaza (Sule)** (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅) ၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ဖုန်း - (၀၁) ၃၇၈၂၁၆ ၊ ၃၇၈၂၁၇

**Samsung Customer Service Plaza (Thein Phyu)** (မိုဘိုင်းဖုန်း နှင့် အီလက်ထရောနစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁) ၊ သိမ်ဖြူလမ်း ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့။ဖုန်း - (၀၁) ၃၉၄၅၈၂ ၊ ၃၈၉၃၀၄

**Samsung Customer Service Plaza (Mandalay)** အမှတ် (၅၇၃) ၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၃လမ်းကြား) ၊ မန္တလေးမြို့။ဖုန်း - (၀၂) ၇၆၂၄၃

# အောင်သုခစေတီတော် ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာပွဲ ကျင်းပ

**သပိတ်ကျင်း၊ အောက်တိုဘာ ၁၂**

သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်အုပ်စု၊ အောက်ပုဏ္ဏားကျေးရွာရှိ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အောင်သုခစေတီတော်အား ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာခမ်းအနားကို အဆိုပါကျောင်းတိုက်တွင် အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီကကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားသို့ အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမိသားစုမှ ထီးအလှူရှင် ဒေါက်တာအောင်သန်း (ဒုဥက္ကဋ္ဌ MDA)၊ စိန်းဖူးတော်အလှူရှင် ဦးအောင်မြင့်မိသားစု ရတနာမိုးမြေကုမ္ပဏီ၊ စေတီတော်ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဒေါက်တာကျော်ဇင်ဦး-ဒေါ်ဖြူဖြူခိုင်၊ ဦးသိန်းဇော် (Japan Heart)၊ လုပ်အားဒါနကုသိုလ်ပါဝင်ကြသော ကျေးရွာဒါယကာ၊ ဒါယိကာမများ စုပေါင်းတက်ရောက်ကြပြီး ပင့်သံဃာ အပါး ၃၀ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက်ဆွမ်းဆန်စိမ်းလောင်းလှူကာလှူဒါန်းမှုအစုစုတို့အတွက် အောင်သုခကျောင်းဆရာတော်မှ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် စေတီများ၊ ကျောင်းဆောင်များ အများအပြား ပျက်စီးခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအလှူရှင်များမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ဧရာဝတီတိုင်းဒေသကြီးညောင်တုန်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ညောင်တုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရပ်ကွက်နှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်(၁/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်တင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းတို့က အသီးသီးအမှာစကားပြောကြားသည်။

သင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားများ စုစုပေါင်း ၁၄၀ တက်ရောက်ကြပြီး သင်တန်းလေ့ကျင့်သင်ကြားမှုများကို ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၀၇၆)

# (၅၆) ကြိမ်မြောက် သံဃာ့ဂိုဏ်းပေါင်းစုံမှ ဝါတော်ကြီးသော ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပ

**နတ်တလင်း၊ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ သကျမဟာမြတ်မုနိဘုရားကြီး သာသနာ့ဗိမာန်တော်တွင် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ဘုရားကြီးဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၅၆) ကြိမ်မြောက် သံဃာ့ဂိုဏ်းပေါင်းစုံမှ ဝါတော် ၄၈ ဝါအထက် ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲ၌ အရှင်သူမြတ် ၁၅ ပါးအားပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌ ဇေယျဝတီကျောင်းဆရာတော် ဦးဇဋိလက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

သခွတ်ကုန်းအနောက်ကျောင်းဆရာတော် ဦးတေဇောဘာသမှ ငါးပါးသီလခံယူမြင့်ပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များကို အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အဆိုပါလှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြကာ နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

(၀၇၁)

# မွန်ပြည်နယ် ရေးမြို့ အလင်းအိမ်စာဖတ်အသင်းမှ သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ မြေရိုက်ပိုစတာစိုက်ထူမှုများ ဆောင်ရွက်

**ရေး၊ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ရေးမြို့ အလင်းအိမ်စာဖတ်အသင်းမှ မောင်ဘုန်းမြတ်ဟန်ဦးဆောင်သော လူငယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် နံနက် ပိုင်းမှစ၍ မြို့ပေါ်ရပ်ကွက် ရန်ကြီးအောင်မှ ပြည်သူ့ရင်ပြင်ကျုံးရေလယ်ဘုရားလမ်း သီရိနန္ဒာရပ်တပ္ပလင်နှစ်ဆူ ဘုရားရှေ့နေရာများတွင် သဘာဝပတ်ဝန်းကျင်နှင့် စားသုံးသူအခွင့်အရေးနှင့်စပ်လျဉ်းသော အကြောင်းအရာများကို စိုက်ထူခဲ့ကြောင်း သိရသည်။

ယင်းသို့စိုက်ထူရခြင်းမှာ ရပ်ရွာလူထုများသိရှိစေရန် အစိုးရ နှင့်ကုမ္ပဏီများမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မည့်လုပ်ငန်းများကို ရေးမြို့တွင် လက်လွတ်စပယ် မပြုလုပ်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေးထားသည့် အချက်များရှိသည်ကိုအစိုးရနှင့် ကုမ္ပဏီများသိရှိစေရန်ရည်ရွယ်စိုက်ထူခြင်းဖြစ်ကြောင်း သိရသည်။



ဎင်းဆိုင်းဘုတ်များကိုမြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများအထိ နေရာအနှံ့အပြားများတွင် စိုက်ထူးထားရှိသွားမည်ဖြစ်ကြောင်း ၎င်းအသင်းမှ မောင်ဘုန်းမြတ်ဟန်က ပြောသည်။

**ထွန်းထွန်း(ရေး)**

**အမြတ်ဆုံး ကိုးဘွဲ့ရ မဟာသိမ်တော်ကြီးတွင် လှူဒါန်းနိုင်ပါပြီ၊ ရန်ကုန်တိုင်းအတွင်း တရားပွဲများ ပင့်လျှောက်နိုင်ပါပြီ။**

နိုင်ငံကျော်ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော်၊ အရှင်အာစာရာလင်္ကာရ ၏ ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး (၄)ထပ် သိမ်တော်ကြီးကို တန်ဆောင်မုန်းလပြည့်နေ့၌ စတင် ဆောက်လုပ်မည်ဖြစ်ပါ၍ အမြတ်ဆုံးသိမ်အလှူကို လှူဒါန်း နိုင်ကြပါပြီ။ မြေအလှူ/ကျောင်းအလှူ/စေတီအလှူ/တံတိုင်းအလှူ/ပဒေသာပင်အလှူတို့ကိုလည်း ကျပ်ငါးသောင်းစီ ဖြင့် လှူဒါန်းနိုင်ပါပြီ။ ရန်ကုန်တိုင်းအတွင်း တရားပွဲဝင့်လျှောက်လိုသူများလည်း စ,တင်ဆက်သွယ်ပင့်လျှောက်နိုင်ပါပြီ။ ကိုးဘွဲ့ရကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်။ (၀၉-၄၂-၁၁၄၃၃၈၆ / ၀၉၂၁-၁၀၃၀၅ / ၀၉၄၂-၈၁၁၈၇၃ / ၀၉-၄၄၀၀၀၁၄၁၄)

**ဦးထွန်းရွှေ(MMO-၂၁၈၀၁၃)နှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်-၃၅၅နေ ဦးကိုကိုထွေး [၁၂/စခန(နိုင်)၀၁၅၉၅၀]၏ အထူးကိုယ်စားလှယ်စာရရှိ သူ ဒေါ်ဝင်းသန္တာခင်[၁၂/စခန(နိုင်)၀၅၉၃၅၅]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ မြေကွက်အမှတ်-၇၉/စ၊ ဧရိယာ ၁၂. ၆၃၀ဧက၏ တရားဝင် မခွဲစိတ်ရသေးသော (အလျား ၁၄၀×အနံ ၇၅)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆင့်ဆင့်များဖြင့် ဒေါ်မြမြဦး (AD-၀၀၃၄၁၁)ထံမှ ဦးထွန်းရွှေသည် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ဦးကိုကိုထွေးသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချလက်ရောက်ပေးအပ်ခဲ့ပါသည်။ လူကြီးမင်းတို့ ရောင်းချခဲ့သော မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်ပေးရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက အရောင်းအဝယ်မှတ်ပုံတင်ရန် သက်ဆိုင်ရာရုံးများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမူ(စဉ်-၈၂၂၃) LL.B,D.B.L,D.M.L
တရားလွှတ်တော်ရှေ့နေ
တိုက်-၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၃၉၉၁

**ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င-၁၃)၊ မြေကွက်အမှတ် (၂၁၃)မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၃)၊ မြေကွက်အမှတ် (၂၁၃)၊ အကျယ်အဝန်း (၆၀×၆၀)ပေရှိ ဒုတိယဗိုလ်မှူးကြီးကျော်မြင့် (AE-၂၂၉၃၁၀)အမည်ဖြင့် တည်ရှိသောပါမစ်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှမြင့်[၁၀/မလမ (နိုင်) ၁၃၃၂၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးနိုင်မိုးအောင်
[၈/ရနခ(နိုင်)၀၉၃၄၂၃]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်နိုင်လင်း(မြိတ်)
အထက်တန်းရှေ့နေ
အမှတ်(၄၈/၁၁၅၈)ထိပါလမ်း၊ အမှတ်(၁၉)ရပ်ကွက်၊ (သံဒင်း)၊ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၂၆၈၆၁၁၊ ၀၉-၇၃၀၂၀၅၉၈

**"ပြန်လည်ရုပ်သိမ်းကြောင်း"**

ရန်ကုန် မြို့ ၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော အိမ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်သူများညှိနှိုင်းဖြေရှင်းပြီးပြတ်သည်ဖြစ်၍ (၃၀-၉-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာ-၈ ပါကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လက်လက်လင်း စဉ်-၂၆၄၃၅
ဦးအောင်ဉာဏ်မင်း စဉ်-၂၉၈၆၁
ဒေါ်အေးသဲခိုင် စဉ်-၄၁၃၅၄
(အထက်တန်းရှေ့နေများ)
"ဝင်းထက်" စီးပွားရေးနှင့် ဥပဒေလမ်းညွှန်လုပ်ငန်း
အမှတ်(၁၀၁)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ မြေကွက်အမှတ် (၁၃၅၁)၊ မြေကွက်တည်နေရာအမှတ် (၁၃၅၁)၊ တပင်ရွှေထီးလမ်း၊ ၄၀ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ဦးလှညွှန့်[၁၂/ဥတထ(နိုင်)၀၂၃၈၅၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးလှညွှန့်နှင့် ဇနီး ဒေါ်အမာဇင်ကွယ်လွန်နှင့် ဦးအန်ထော်နီ(ခ)သန့်ဇင်၊ ဦးနေဝင်းဦးတို့ လူပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်ခဲ့ပါသဖြင့် (၁)ဒေါ်ဘိုမ(ခ)ချယ်ရီဆွေ[၁၂/ဥတထ(နိုင်)၀၂၅၀၀၂]၊ (၂)ဦးဆံနီ(ခ)အောင်ဇော်မိုး [၁၂/ဥတထ(နိုင်)၀၂၅၀၁၅]၊ (၃)ဒေါ်ဆွေဆွေအေး[၁၂/ဥတထ(နိုင်)၀၂၅၀၀၁]၊ (၄)ဒေါ်နီလာလင်း[၁၂/ဥတထ(နိုင်)၀၃၂၅၄၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ငွေးချိုတောင်ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ချောက်၊ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ဇီးပွားရွာရှိ ငွေးချိုတောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နှင့် ၃ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ (အောက်တိုဘာ ၁၀ ရက်) သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် ဇီးပွားရွာမှ အမျိုးသမီးငယ်များက ရွာလုံးကျွတ်မျှ ဘုရားဆွမ်းတော်ကြီးပွဲ တင်လှူပူဇော်ခြင်းကို အတီး အမှုတ် အက အခုန်များ၊ ယိမ်းအဖွဲ့များဖြင့် လှည့်လည်ပူဇော်ကြသည်။ အဆိုပါ ဗုဒ္ဓပူဇနိယ ပွဲတော်သည် အနီးဝန်းကျင်ကျေးရွာများမှ ဘုရားဖူးပြည်သူများဖြင့် ခြိမ့်ခြိမ့်သဲမျှ စည်ကားခဲ့ကြောင်း သိရသည်။

"ဒီနေ့က ဆွမ်းတော်ကြီးပွဲလှည့်တာပါ။ ရွာကတော့ အိမ်ပေါက်စေ့ ကလေး၊ လူကြီး အကုန်လိုက်ကြတာပဲ။ မနက်ဖြန်ကျရင်တော့ မနက် ၉ နာရီလောက်မှာ တံခွန်လှည့်ပူဇော်ကြမှာပါ။ ညနေ ၅ နာရီလောက်မှာ တစ်ခါ မီးကြာလှည့်ပူဇော်ပွဲလုပ်ကြဦးမှာပါ။ ဆွမ်းတော်ကြီးပွဲနဲ့ တံခွန်သွင်းတာကတော့နှစ်စဉ် လုပ်နေကြပါ။ မီးကြာလှည့်တာကတော့ ဒီနှစ်မှ စတင်ပြီးလုပ်ကြမှာပါ။ တံခွန်သွင်းတာကတော့ ကျောက်ပန်းတောင်းဘက်က စည်ပေါက်ကုံးရွာကလည်း နှစ်တိုင်းတံခွန်သွင်းပါတယ်" ဟု ဇီးပွားရွာသူ မဝင်းဥမ္မာကျော်က ပြောသည်။

ငွေးချိုတောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ဘွဲ့တော်အပြည့်အစုံမှာ 'ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့် မြတ်စွာဘုရား' ဖြစ်ပြီး သိကြားမင်းကြီးက ဒက္ခိဏသာခါ မဟာဗောဓိပင်အသားဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ထုလုပ်၍ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီးထံ ဆက်သခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရားသည် အလောင်းစည်သူမင်းတရားကြီး ကိုးကွယ်ခဲ့သည့် ဘုရား ၁၁ ဆူအနက်မှ တစ်ဆူဖြစ်ကြောင်းလည်း သိရသည်။ ငွေးချိုတောင် ဆုတောင်းပြည့် ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့် ဘုရားကြီးမှာ ညာဏ်တော်အမြင့် နှစ်တောင်တစ်မိုက်ခန့်သာရှိပြီး ကောဇာသက္ကရာဇ် ၄၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် ထိုစဉ်က ရွှေချိုးတောင်ဟု အမည်တွင်သော ယခုငွေးချိုတောင်ပေါ်သို့ အလောင်းစည်သူမင်းကြီးကိုယ်တော်တိုင် ပင့်ဆောင်ပူဇော်ထားရှိခဲ့ခြင်းဖြစ်သည်။

ငွေးချိုတောင် ဆုတောင်းပြည့်ဘုရားကြီးသည် မိုးခေါင်သည့်ဒေသများက ပင့်ဆောင်ပူဇော်ပါက မိုးရွာလေ့ရှိခြင်း၊ သားသမီးမထွန်းကားသည့် မိသားစုများ သားဆုပန်ပါက ဆုတောင်းပြည့်ခြင်း စသည်ဖြင့် ထူးခြားမှုများရှိသော ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူ



ဖြစ်သည်။ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း စသည့်မြို့နယ်များအတွင်းရှိ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ အထူးယုံကြည်ကိုးကွယ်ကြပြီး ဘုရားပွဲတော်ရက်များတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ၊ လှည်းများဖြင့် စုဝေးရောက်ရှိလာကြရာ ဘုရားပရဝုဏ်အတွင်း ဖွင့်လှစ်ထားရှိသည့် ဆယ့်နှစ်ပွဲဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ လှည်းဝိုင်းကြီးများဖြင့် ပြည့်ကျပ်လျက်ရှိနေပြီး ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မော်လမြိုင်မြို့တွင် ထော်လာဂျီနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

**မော်လမြိုင်၊ အောက်တိုဘာ ၁၂**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းလမ်း ဗုဒ္ဓဝင်ဘုရားလမ်းဆုံတွင် အောက်တိုဘာ ၉ ရက် ညနေ ၅ နာရီခွဲခန့်က ထော်လာဂျီယာဉ် နှင့် မော်တော်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်မင်းသူ ၂၈ နှစ် မောင်းနှင်လာသော ထော်လာဂျီယာဉ်သည် တောင်ဝိုင်းဗုဒ္ဓဝင်လမ်းဆုံဘက်မှ ဘုရားဘက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင် ဘုရားဘက်မှ ဗုဒ္ဓဝင်လမ်းဆုံဘက်သို့ ချမ်းပြည့်စုံ ၁၉ နှစ် မောင်းနှင်ပြီး နောက်တွင် ဝေယံထွန်း ၁၇ နှစ် လိုက်ပါလာသော ဟွန်ဒါဒရင်း ၁၂၅ ဆိုင်ကယ်နှင့် လမ်းလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ချမ်းပြည့်စုံမှာ ဦးခေါင်းစုတ်ပြဲဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဝေယံထွန်းမှာ ဒဏ်ရာများရရှိပြီး သတိမေ့မျောခဲ့ကာ မော်လမြိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ချမ်းပြည့်စုံနှင့် ကျော်မင်းသူတို့အား မုပွန်နယ်မြေရဲစခန်းမှ ယာဉ်(ပ) ၃၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ အရ အမှုဖွင့်ထားကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**ဘားအံ၊ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်တွင် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီ၌ ဘားအံမြို့ ဇွဲကပင်ခန်းမရှေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ကရင်ပြည်နယ်ယဉ်ကျေးမှုမောင်မယ်အဖွဲ့မှ အောခူအောခေါ်လွှသီချင်းဖြင့်လည်းကောင်း၊ သဘင်ဂီတအစည်းအရုံးကျောင်းသား၊ ကျောင်းသူများမှ တိုင်းရင်းသားရိုးရာအကများဖြစ်သောပအိုဝ့်ရိုးရာအက၊ ပုဂံအက၊ ကရင်ဒုံးယိမ်းအကများဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။

ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီတွင် စတင်ယှဉ်ပြိုင်ကြရာ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ပြည်နယ်အဆင့် ယှဉ်ပြိုင်ခြင်းကို အောက်တိုဘာ ၁၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်လှစ်

**သပိတ်ကျင်း၊ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက ကမ္ဘာအေးမြို့ကွက်သစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သန့်ဇင်ဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ချောင်းကြီး၊ ဇရပ်ကွင်း၊ လိပ်ကျ၊ ကွင်း(၃၀)၊ ဝက်သေ၊ ဖက်ရှည်၊ ကြာညှပ်၊ တွင်းငယ်ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိဖြစ်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

**တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)**
**ကထိန်လျာသတ်နှင့်ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ**

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ကထိန်လျာသတ်နှင့် ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။ အသင်းဝင်များ ရန်ကုန်ရောက် တောင်တွင်းကြီး မြို့နယ်သူ မြို့နယ်သားများကြွရောက်ကြည်ညိုလှူဒါန်းနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄)ရက် ၂၆. ၁၀. ၂၀၁၄ ရက်နေ့ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၈)နာရီမှ (၁၂)နာရီအထိ
ကျင်းပမည့်နေရာ - သုဂတောရကျောင်း (အင်းပူမြို့နယ်အသင်းကျောင်း) ရွှယ်တော်မြတ်စေတီတော် ပရဝုဏ်အတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ကထိန်လျာသင်္ကန်းဒိုင်ခံ (၁)စုံလျှင် ကျပ် ၅၀၀၀ိ/- ၊ ဆွမ်းနှင့် နဝကမ္မအလှူငွေအတွက် ကျပ် ၂၀၀၀ နှင့် ကထိန်ခံကျောင်းအတွက် ပဒေသာပင်လှူဒါန်းလိုပါက ဝိဇ္ဇာစရဏာသုခကျောင်း (တောင်တွင်းကြီးမြို့နယ် အသင်းကျောင်း) ဖုန်း ၀၉-၄၄၉၀၀၄၅၀၉၊ ၀၁-၉၆၉၉၆၀၂ ၀၁-၆၄၇၁၆၃၊ ၀၉-၈၆၃၂၀၈၉၊ ၀၉-၇၃၁၄၀၉၅၉ နှင့် နီးစပ်ရာ အမှုဆောင်များထံတွင် သဒ္ဓါတတ်အား နည်းများမဆို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

တောင်တွင်းကြီးမုန့်တင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

အမှုဆောင်အဖွဲ့၊ တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

**Luxury Leisure** Travels & Tours
**မြတ်စည်းစိမ် အဆင့်မြင့်ခရီးသွားဝန်ဆောင်မှု**

| | | | |
|---|---|---|---|
| မန္တလေး-ပြင်ဦးလွင် *မီးပုံးပျံပွဲ | (၄ ည/ ၅ ရက်) | Nov-5 | ၁၂၅၀၀၀ိ/ - |
| ဖားအံ-မော်လမြိုင်-ကျိုက္ကမီ-စက်စဲ | (၃ ည/ ၄ ရက်) | Nov-21 | ၉၀၀၀၀ိ/ - |
| ပုဂံ-ညောင်ဦး-ပုပ္ပါး | (၃ ည/ ၄ ရက်) | Dec-24 | ၉၅၀၀၀ိ/ - |
| ပြည်-ထုံးဘို (အကောက်တောင်) | အပတ်စဉ် စနေ | | ၃၀၀၀၀ိ/ - |
| ဘီးလင်း-မဲလံတောင်-ကျိုက်ပေါလောမှဲ့ရှင် | အပတ်စဉ် စနေ | | ၃၀၀၀၀ိ/ - |

အမှတ်(၁၇၂)၊ ပထပ်၊ ၃၈-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Tel : 01-378891, 378892, 09-253 352 223

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ စိုက်မွေး(၁)မြေကွက်အမှတ်(၂)၊ မြေကွက်တည်နေရာအမှတ် (၃/၁/၅)၊ ဘုရင့်နောင်လမ်း၊ လေးဒေါင့်ကန်၊ စစ်မှုထမ်းဟောင်းစံပြကျေးရွာ၊ စိုက်မွေး(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးအောင်တင်[၁၂/လကန(နိုင်)၀၆၁၆၂၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်တင်(ဖခင်)နှင့် ဒေါ်စိန်ခင်(မိခင်)တို့ ကွယ်လွန်သဖြင့် (၁)ဦးမြင့်နိုင်[၁၂/ဒဂတ(နိုင်)၀၉၅၉၆၆]၊ (၂)ဒေါ်ခင်မြင့်[၁၂/ဗတထ(နိုင်)၀၀၃၁၇၃]၊ (၃) ဦးအောင်မြင့်[၁၂/မတရ(နိုင်)၀၅၃၆၅၄]၊ (၄) ဦးမောင်မောင်မြင့်[၁၂/သကတ(နိုင်)၀၄၉၅၇၇]၊ (၅)ဒေါ်စန်းစန်းမြင့်[၁၂/ဒပန(နိုင်)၀၂၂၄၉]၊ (၆)ဦးအေးမြင့်[၁၃/တကန(နိုင်)၀၆၉၉၉၃]၊ (၇)ဒေါ်တင်တင်မြင့်[၁၂/လကန(နိုင်)၀၅၉၃၀၉]၊ (၈)ဦးသိန်းမြင့်[၁၂/ဒဂတ(နိုင်)၀၈၉၂၁၃]၊ (၉) ဒေါ်သွယ်သွယ်မြင့် [၁၂/လကန(နိုင်)၀၅၉၃၀၈]တို့က ကွယ်လွန်သူတို့၏ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြပြီး ဒေါ်ခင်မြင့်၊ ဦးမောင်မောင်မြင့်၊ ဦးအောင်မြင့်၊ ဒေါ်တင်တင်မြင့်တို့ထံမှ GP-၁၅၆၃၀(၉-၆-၁၄)နှင့် ဦးမြင့်နိုင်၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးမြင့်၊ ဦးသိန်းမြင့်တို့ထံမှ GP-၁၅၆၂၇(၉-၆-၁၄)ရသူ ဒေါ်ခင်ဆွေဆွေလင်း [၁၂/လကန(နိုင်)၀၀၁၈၈၉]က ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆၆၃)၊ မြေကွက်တည်နေရာအမှတ်(၆၆၃)၊ (၁၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးတင်အေး၊ ဒေါ်ခင်သန်းဦး၊ ဦးသူရညွန့် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အေး[၁၂/သဃက(နိုင်)၁၂၇၁၀၈]၊ ဒေါ်ခင်သန်းဦး[ISN-၅၅၀၄၀၇]ဦးသူရညွန့်[၁၂/သဃက(နိုင်)၁၄၉၈၆၄] တရားရုံး များကိုယ်စား ဘီလစ်ဒေါ်ရီရီလှ[၁၂/ဥကမ(နိုင်)၀၅၅၂၉၈]မှ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ်-၄၃/၁၄(၁၈-၇-၂၀၁၄)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၂၉/၂၀၁၄နှင့်ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တရားရုံး၏ ၂၇-၈-၂၀၁၄ရက်စွဲဖြင့် ဘီလစ်ခန့်ထားကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်ရန်ရှိ မရှိအများသိစေရန်ကြော်ငြာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၀၊ ကွင်းအမည် ညောင်တစ်ပင်ကွင်းပေါ်၊ ဦးပိုင်အမှတ်(၆၃/၁)(၆၃/၈)(၆၃/၉)(၆၄/၁) (၆၅)ရှိ ဦးစိုးမြင့်[၁၃/နခန(ဧည့်) ၀၀၀၁၃၈] အမည်ပေါက်လယ်ယာမြေ နှင့်ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်ယာမြေ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက လယ်ယာမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိအိမျိုး အထက်တန်းရှေ့နေ **(LL.B)** (စဉ်-၄၀၄၆၂)
အောင်သမာဓိအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

**ကန့်ကွက်ရန်ရှိ မရှိအများသိစေရန်ကြော်ငြာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၀၊ ကွင်းအမည် ညောင်တစ်ပင်ကွင်းပေါ်၊ ဦးပိုင်အမှတ်(၆၆)(၆၇/၄)(၆၈/၁)(၇၆/၁)ရှိ ဦးစိုးမြင့်[၁၃/နခန(ဧည့်)၀၀၀၁၃၈] အမည်ပေါက် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်ယာမြေ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက လယ်ယာမြေအရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိအိမျိုး အထက်တန်းရှေ့နေ **(LL.B)**
(စဉ်-၄၀၄၆၂)
အောင်သမာဓိအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ

# ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင် သန့်ရှင်းရေးပြုလုပ်

**မကွေး၊ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အရေးပါသော ပြည်သူ့ဆေးရုံကြီးဝင်း အတွင်းအပြင်နေရာများ၌ အမှိုက်သရိုက်၊ ချုံနွယ်ပိတ်ပေါင်းနှင့် အညစ်အကြေးများကြောင့် ဆေးရုံတက်လူနာများ၊ မိသားစုဝင်များ၊ ကလေးသူငယ်များတွင် ကြုံတွေ့နေရသည့် အနံ့ဆိုးများ၊ ခြင်ပုန်းအန္တရာယ်များ ကင်းစင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆည်မြောင်းဝန်ထမ်းအင်အား ၁၁၀ ဦးခန့်ဖြင့် အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




ပြည်သူ့ဆေးရုံ သန့်ရှင်းရေးဝန်ထမ်းများအနေဖြင့် နေ့စဉ် နံနက်နှင့် ညနေပိုင်းအချိန်များတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသော်လည်း ဆေးရုံဝင်း အတွင်းနှင့်အပြင်ရှိ အမှိုက်သရိုက်နှင့် မြက်တောများ၊ ချုံနွယ်များကို မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ကျန်းမာရေးအတွက် အမြဲတမ်း စောင့်ကြည့်ရှင်းလင်းရန်မှာ လိုအပ်ချက်တစ်ခုဖြစ်သည်။

အဆိုပါလိုအပ်ချက်အားတစ်စိတ်တစ်ဒေသဝိုင်းဝန်းကူညီဖြေရှင်း သည့်အနေဖြင့် ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေးရုံး)၊ တည်ဆောက်ရေး ၃၊ တည်ဆောက်ရေး ၈၊ စက်မှုတိုင်း ၃ နှင့် ရေအားလျှပ်စစ်ရုံးတို့မှ တာဝန်ရှိသူများဦးဆောင်၍ ဝန်ထမ်းအင်အား ၁၁၀ ဖြင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းမှ အမှိုက်များ ဆယ်ယူခြင်း၊ ဌာနပိုင်မော်တော်ယာဉ်များဖြင့် မကွေးမြို့ပြင် အမှိုက်ကျင်းများသို့ အမှိုက်စွန့်ပစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **ဓေယျတု(မကွေး)**

# ဗိုလ်ချုပ်လမ်းမကြီးပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရေး၊ အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရေးမြို့ အမှတ် ၁၉ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ကြပ်ဇော်မိုးဦးသည် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းသို့ မိမိယာဉ်ကြောအတိုင်း မောင်းနှင်ရောက်ရှိစဉ် မျက်နှာချင်းဆိုင်မှ မငြိမ်းငြိမ်းစိုး ၂၆ နှစ် သီရိခေမာရပ်ကွက် ရေးမြို့နေသူမောင်းနှင်၍ မမိုးစန္ဒာဝင်း ၂၉ နှစ် သီရိခေမာရပ် ရေးမြို့နေသူ လိုက်ပါစီးနှင်းလာသော ဟွန်ဒါဝေ့ဖ်အဖြူရောင်ဆိုင်ကယ်မှာ တစ်ဖက်လမ်းယာဉ်ကြောသို့ ရောက်ရှိပြီး မော်တော်ယာဉ်၏ ဝဲဘက်ရှေ့မီးသီးနေရာအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိရာ မော်တော်ယာဉ်၏ ဝဲဘက်မီးသီးကွဲကြေသွားပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ဆီးခုံဒဏ်ရာရ၍ အတွင်းလူနာ(မစိုးရိမ်ရ) နှင့် ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသူမှာ ခါးနာ၊ ယာလက်ဖျံဒဏ်ရာဖြင့် ပြင်ပလူနာ (မစိုးရိမ်ရ) အဖြစ် ရေးမြို့ဆေးရုံတွင် အရေးပေါ်ကုသလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ရေးမြို့ မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေး

**ဝက်လက်၊ အောက်တိုဘာ ၁၂**

နိုင်ငံတော်မှ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသများတွင် လူမှုရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဝက်လက်မြို့နယ်တွင် အခြေခံပညာကျောင်း ၂၃ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်းခွဲခုနစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းခွဲငါးကျောင်း စုစုပေါင်း ၂၃ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနမှ ကျေးလက်တောရွာများရှိ အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေး၍ ဒေသခံကျောင်းသား၊ ကျောင်းသူများ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ပွင့်လင်းလာကြောင်း သိရသည်။ **နန်းမြင့်(ပြန်/ဆက်)**

# အကြိမ်(၄၀)မြောက် စုပေါင်းမဟာဘုံကထိန်နှင့် ဆီမီးပူဇော်ပွဲကျင်းပ

**လိပ်သို၊ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ်၊ လိပ်သိုမြို့တွင် နှစ်စဉ် သတင်းကျွတ်ကာလတွင် ကျင်းပမြဲဖြစ်သော အကြိမ် (၄၀) မြောက် စုပေါင်းမဟာဘုံကထိန်ပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်ကြရာ စုပေါင်းမဟာဘုံကထိန် ပဒေသာပင်များအား အောက်တိုဘာ ၈ ရက်တွင် လှည့်လည်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘုံကထိန်လှည့်လည်ရာတွင် ဌာနဆိုင်ရာ စုပေါင်းပဒေသာပင်၊ အမှတ်(၁)စစ်ဗျူဟာ ပဒေသာပင်၊ ရဲတပ်ဖွဲ့ပဒေသာပင်၊ ဗုဒ္ဓဘာသာလူငယ်များ ပဒေသာပင်များအပါအဝင် စုစုပေါင်း ပဒေသာပင်ရှစ်ခု တန်ဖိုးငွေ ၁၂ သိန်းကျော်တန် ပဒေသာပင်များအား မြို့တွင်းလမ်းမကြီးအတိုင်း လှည့်လည်အပူဇော်ခံကာ လိပ်သိုမြို့တော်ဦး ရန်ကြီးအောင်ဘုန်းတော်ကြီးကျောင်းတွင် ကပ်လှူခဲ့ကြသည်။

ထို့နောက် လိပ်သိုမြို့အမှတ်(၁)စစ်ဗျူဟာနှင့် အမှတ်(၆၀၃) တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေခံပြည်သူများမှ မြို့တော်ဦးကျောင်းဆရာတော်ထံတွင် သာဓုအနုမောဒနာ တရား နာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါနေ့ ညနေ ၆ နာရီတွင် ရန်ကြီးအောင်ဆုတောင်းပြည့်စေတီတော်တွင် သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ကြကြောင်း သိရသည်။

**မနွယ်(လိပ်သို)**

# ဟိုပင်မြို့နယ် မြေနုကျေးရွာတွင် ဆင်နင်း၍ လူတစ်ဦးသေဆုံး ၎င်းဆင်မှ ကျွဲတစ်ကောင်ကိုလည်း ထိုးသတ်ခဲ့

**ဟိုပင်၊ အောက်တိုဘာ ၁၂**

မိုးညှင်းခရိုင်၊ ဟိုပင်မြို့နယ်၊ မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာတွင် ဆင်နင်းခံရ၍ လူတစ်ဦးသေဆုံးခဲ့ပြီး ၎င်းဆင်မှ ထိုးသတ်ခဲ့၍ ကျွဲတစ်ကောင်လည်း သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် မိုးညှင်းခရိုင် ဟိုပင်မြို့နယ် မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာမှ ဦးကျော်ဟိန်း(ခ)ကုလားကြီး အသက် ၄၇ နှစ်သည် နန့်စော်လော်ကွင်းလယ်တဲရှိ ကျွန်းပင်တွင် ကျွန်းရွက်ခူးနေစဉ် နန့်စော်လော်ကွင်းနှင့် တစ်ဆက်တည်း အရှေ့ဘက်ကွန်ပါတောင်ပေါ်မှ ဆင်းလာသည့် ဆင်တစ်ကောင်မှ ၎င်းအားလိုက်သဖြင့် ထွက်ပြေးခဲ့ရာ တဲအနီး သဲဖြူချောင်းစပ်အရောက်တွင် နှာ မောင်းဖြင့်ရိုက်လှဲကာ တက်နင်းခဲ့၍ ဝဲဘက်နောက်နံရိုးတွင် ညိုမဲကျိုးကြေဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အဆိုပါဆင်မှာ ကွင်းဘက်သို့ ပြန်ထွက်သွားခဲ့ပြီး နန့်စော်လော်ကွင်း ဦးသိန်းလွင်၏လယ်တဲ၌ ချည်နှောင်ထားသော ကျွဲတစ်ကောင်ကိုလည်း ထိုးသတ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများသို့ ပစ္စည်းများလှူဒါန်း

**စဉ့်ကူး၊ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ဟသ်ာဖိုလ်ကျေးရွာအုပ်စု၊ စည်ပင်ကျွန်းကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၇၅ စုအတွက် စဉ့်ကူးမြို့နယ် ကြက်ခြေနီအသင်းမှ တာပေါ်လင်မိုးကာ (၁၈ ပေ × ၁၅ ပေ) ၇၅ ချပ်၊ မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ အိမ်ထောင်စု ၇၅ စုအတွက် စုပေါင်း၍ အဝတ်အထည်ပိန်အိတ် အကြီး၊ အသေး ၁၂၁ အိတ်၊ ဆန်အိတ် ၃၄ အိတ်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆပ်ပြာမှုန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီတွင် မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၎င်းကျေးရွာ အိမ်ထောင်စုဝင်များထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြင့်သူ (စဉ့်ကူး)**

TIPTOP CAPACITY DEVELOPMENT INSTITUTE OF MYANMAR

"အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးမှုသင်တန်း"

- အိမ်ခြံမြေပိုင်ဆိုင်မှု စစ်ဆေးခြင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း။
- GP / SP / နိုတြီ အကြောင်း သိကောင်းစရာ။
- အိမ်ခြံမြေ (ဘဏ်ချေးငွေ၊ အာမခံထားခြင်း) ဆိုင်ရာ ကိစ္စရပ်များ။
- အိမ်ခြံမြေ ဈေးကွက် ရှာဖွေမှုနှင့် စီမံခန့်ခွဲမှု။
- အိမ်ခြံမြေ လုပ်ငန်းရှင်တို့ သိသင့်သမျှ ဥပဒေ။

၁၈-၁၀-၂၀၁၄ မှ ၂၃-၁၁-၂၀၁၄ (စနေ၊တနင်္ဂနွေ) နံနက် (၉း၀၀) နာရီ မှ (၁၁း၀၀) နာရီ

"အဆင့်မြင့် အိမ်၊ခြံ၊မြေ အကျိုးဆောင်သင်တန်း"

- အိမ်ခြံမြေနှင့် ပတ်သက်သည့် စာချုပ်အမျိုးမျိုး။ (ရောင်း/ဝယ်/ငှား/စရန်ပေး/လွှဲပြောင်း/ပေးကမ်း/ကျမ်းကျိန်)
- အိမ်ခြံမြေ အမည်ပြောင်းခြင်း၊ ဂရန်သစ်ထုတ်ခြင်း၊ စည်ပင်ရုံးဆိုင်ရာ လုပ်ငန်းစဉ်များ။
- ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ။
- အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စီရင်ထုံး ဆုံးဖြတ်ချက်များ။
- အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီ၊ အစုစပ် ကုမ္ပဏီ တည်ထောင်ခြင်း ဗဟုသုတများ။

၁၈-၁၀-၂၀၁၄ မှ ၁၆-၁၁-၂၀၁၄ (စနေ၊တနင်္ဂနွေ) နံနက် (၁၂း၀၀) နာရီ မှ (၂း၀၀) နာရီ

အမှတ် (၁၃၃)၊ ဒုတိယထပ်၊ လမ်း (၃၀)အလယ်လမ်း။ ၀၁-၂၅၄၈၈၉၊ ၀၉-၇၃၀ ၅၀ ၃၇၀၊

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)
အဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲ၊ နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့တံဆိပ်ရသူများ၊ ပြည်တွင်းပြည်ပ ပါရဂူဘွဲ့နှင့်ထူးချွန်ဆုရရှိပြီး မွေးရပ်မြေကို ဂုဏ်တင့်စေသူများအား ဂုဏ်ပြုပွဲ၊ မြို့နယ်အသင်းသို့လှူဒါန်းထားသူများအား ဂုဏ်ပြုပွဲနှင့် ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင် ထားသည်ဖြစ်စေ၊ အသင်းမဝင်ထားသည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ ။ ။ တက္ကသိုလ်များဓမ္မာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်။
နေ့ရက် ။ ။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်(တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၉ နာရီတိတိ
မှတ်ချက် ။ ။ နေ့လယ်စာဖြင့်တည်ခင်း ဧည့်ခံပါမည်။

အသင်းနှင့်ပတ်သက်၍ အကြံပေးလိုပါက စာဖြင့်/ဖုန်းဖြင့်သော်လည်းကောင်း၊ အစည်းအဝေးကျင်းပသောနေ့တွင် သော်လည်းကောင်း အသင်းအလုပ်အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်အကြံပြုနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဆက်သွယ်ရန်ဖုန်းနံပါတ်များ
ဦးသက်လွင်-၀၉-၅၁၆၃၈၆၆၊ ဦးညွန့်ရွှေ-၀၉-၅၁၅၀၃၇၇၊ ဦးသောင်းမြင့်-၀၉-၅၀၈၉၃၆၁၊ ဦးသက်ပိုင်-၀၉-၄၂၁၀၅၃၂၈၅၊ Dr.မျိုးကိုမြတ်-၀၉-၅၄၀၀၆၄၀

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၃၀၀-က)၊ မြေကွက်တည်နေရာအမှတ်(၃၀၀-က)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စောယဉ် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောယဉ်ကို တရားပြိုင်ထား၍ ဦးအောင်ထွန်းဦးမှ တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးတွင် တရားလိုပြု၍ စွဲဆိုသော တရားမကြီးမှုအမှတ်(၇၇/၁၄)၏ စီရင်ချက်နှင့် ဒီကရီမှုအမှတ်(၆၅/၁၄)၏အမိန့်(၂၈-၈-၂၀၁၄)ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဗမာအေးရပ်ကွက်၌ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

**ရန်ကုန်၊ အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက် ရပ်ကွက်အလှူရှင်များ၏ လှူဒါန်းငွေဖြင့် အလျား ၂၀ ပေ၊အနံ ၁၆ ပေ၊ အမြင့် ၂၂ ပေရှိ ကျပ်ငွေ ၃၅ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သော တစ်ထပ်အုတ်တိုက် အဆောက်အအုံသစ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဇင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေ၊ ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ဗမာအေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဘွားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဥပမာသာဓကများဖြင့် ပြောကြားသည်။

ထို့နောက် ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငွေမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နီနီအေးတို့က သုတရသ စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘိုသောင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

# အဘိဓမ္မာ အခါတော်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**သပိတ်ကျင်း၊ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် သပိတ်ကျင်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ကုသိုလ်ပြုငါးလွှတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနပိုင် မွေးမြူရေးစခန်းများမှ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော သဘာဝရေလျှံကွင်းများသို့ နှစ်စဉ် ငါးမျိုးများ ဖြန့်ထည့်ပေးလျက်ရှိရာ ပြင်ဦးလွင်ခရိုင်အတွင်း မတ္တရာမြို့နယ်၊ ရေနံ့သာစခန်းမှ ယခုနှစ် ငါးမျိုးဖြန့်ဝေမှုအတွက် ငါးမြစ်ချင်း၊ ငါးမှန်ကြီး သားပေါက်အကောင်ရေ ၁၅ သန်း၊ ရွှေဝါငါးကြင်း ၅၀၀၀၀ ၊ တီလားဗီးယားသားပေါက် ၅၀၀၀၀ အပါအဝင် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၆ သိန်းအား အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါငါးလွှတ်ပွဲသို့ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်၊ ရေနံ့သာစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ မြို့နေပြည်သူများမှ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ငါးသောင်းကျော်အား ကုသိုလ်ဖြစ် စုပေါင်းဒါနပြု လွှတ်ခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ရန်ကုန်–နေပြည်တော်အမြန်လမ်း မိုင်တိုင် ၇၁/၂ နှင့် ၇၁/၃ ကြား ပိုင်ရှင်မဲ့ကားတစ်စီး တိမ်းမှောက်

**ကျောက်တံခါး၊ အောက်တိုဘာ ၁၂**

ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်အမြန်လမ်း မိုင်တိုင် ၇၁/၂နှင့် ၇၁/၃ ကြားတွင် ကားတစ်စီးတိမ်းမှောက်မှု အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီခွဲ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တာဝန်မှူးနှင့် စခန်းမှူး ရဲအုပ်ငွေအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သိန်းဗိုနှင့် လမ်းရှင်းအဖွဲ့များ သွားရောက်စစ်ဆေးရာ နီဆန်း ကိုရိုလာ (အဖြူရောင်) ကားတစ်စီး နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့အလာ လမ်း၏ညာဘက်တွင် တိမ်းမှောက်နေပြီး ကျွန်းစကွဲယား ၂၆ ချောင်း၊ ၁ ဒသမ ၀၂ တန် နီးပါး တွေ့ရှိရသဖြင့် ယာဉ်နှင့်ပစ္စည်းများအား ပိုင်ရှင်မဲ့သိမ်းဆည်း၍ အနီးပတ်ဝန်းကျင်သက်သေများစစ်ဆေးခြင်းနှင့် စုံစမ်းမှုများပြုလုပ်၍ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသိန်းအေး(ဖဒို)**

# လူမှုဖူလုံရေးအဖွဲ့မှ လုပ်ငန်းခွင်ထိခိုက်သေဆုံးသူမိသားစုထံသို့ ခံစားခွင့်ပေးအပ်

**စစ်ကိုင်း၊ အောက်တိုဘာ ၁၂**

စစ်ကိုင်းမြို့နယ်၊ လူမှုဖုံလုံရေးအဖွဲ့မှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ အာမခံအလုပ်သမားတစ်ဦးအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် နာရေးစရိတ်ခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က စစ်ကိုင်းစက်မှုဇုန်ရှိ ဟွန်ဒါ (မြန်မာ) သစ်အချောထည်စက်ရုံ၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

လူမှုဖုံလုံရေးအဖွဲ့တွင် အာမခံထားရှိသူ စစ်ကိုင်းစက်မှုဇုန်ရှိ ဟွန်ဒါ (မြန်မာ)သစ်အချောထည်စက်ရုံမှ စက်ပြင်တာဝန်ခံ ဦးထွန်းထွန်းသည် စက်ရုံတွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ကွယ်လွန်သွားခဲ့ရာ ကျန်ရစ်သူမိသားစုတို့အား စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းနှင်းဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်အရပ်ရပ်ကို လာရောက်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းနှင်းဦး၊ စစ်ကိုင်းမြို့နယ်တာဝန်ခံ ဒေါ်စိုးစန္ဒာဝင်းနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးကိုကိုမြင့်၊ ဟွန်ဒါ(မြန်မာ) သစ်အချောထည်စက်ရုံမှူး ဦးအုန်းသောင်း၊ ဝန်ထမ်းများနှင့် ကွယ်လွန်သူ ဦးထွန်းထွန်း၏မိသားစုတို့ တက်ရောက်ခဲ့ကြသည်။

ကွယ်လွန်သူ အာမခံအလုပ်သမား ဦးထွန်းထွန်း၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၁၃၅၀၀၀၀ နှင့် နာရေးစရိတ်ခံစားခွင့် ကျပ် ၅၄၉၀၀ တို့အား တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်နှင်းနှင်းဦးက ပေးအပ်ရာ ကွယ်လွန်သူ၏ဖခင် ဦးပေါက်ကျော်က လက်ခံရယူခဲ့သည်။



အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပါရှိသည့် အာမခံစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်အနေဖြင့် ထိခိုက်မှုမဖြစ်မီ လေးလအတွင်း ရရှိခဲ့သည့် ပျှမ်းမျှလုပ်ခနှင့် ထည့်ဝင်ကြေးကာလအပေါ်မူတည်၍ ပျှမ်းမျှလုပ်ခ၏ ၃၀ ဆမှစတင်၍ ၈၀ ဆအထိ ခံစားခွင့်ရှိကြောင်း၊ နာရေးစရိတ် ခံစားခွင့်အနေဖြင့် မည်သည့်အကြောင်းကြောင့်မဆို သေဆုံးပါက ပေးသွင်းခဲ့သည့် ထည့်ဝင်ကြေးကာလအပေါ်မူတည်၍ နောက်ဆုံးလေးလ ပျှမ်းမျှလုပ်ခ၏ ၁ ဆမှ ၅ ဆအထိ နာရေးစရိတ်အဖြစ် ခံစားခွင့်ပေးအပ်ကြောင်း၊ သေဆုံးသူက ကျန်ရစ်သူအကျိုးခံစားခွင့်အတွက် အမည်စာရင်းပေးသွင်းထားသူသာ ခံစားခွင့်ရှိကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

MINN KYAN SITT TRAVELS & TOURS
တောင်ကြီးမီးပုံးပျံပွဲတော် (အထူး) Nov 5, 14
ငပလီ-ပုဂံ Oct 24, Nov 5
မန္တလေး-စစ်ကိုင်း Oct 24, Nov 5
ပြည်အကောက်တောင် Oct 17, 24, 31,Nov..
ကျိုက်ထီးရိုး၊ ဘုရားဖူး Oct 17,18,24,25,31
ချောင်းသာ/ငွေဆောင် Oct 24, Nov 5
ဗန်ကောက် Nov 5, 21, Dec...
စင်ကာပူ Nov 5, 21, Dec...
ဗီယက်နမ် Nov 5, 21, Dec...
ကမ္ဘောဒီးယား Nov 5, 21, Dec...
မဟာဗောဓိ Nov 1, 22, Dec 6
ချောင်းသာ/ငွေဆောင်
အမှတ်(၆၆)၊ အခန်း(၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ သင်္ဃန်းကျွန်း
ဖုန်း - 01 566 713 ~ 4, 09 254 263 357 , 09 49 318 628
E-mail: info@minnkyansitt-travels.com Website: www.minnkyansitt-travels...

EUGENIA STAR Tours & Travels
- ပုပ္ပါး-ပုဂံ-ပခုက္ကူ
- စစ်ကိုင်း-မန္တလေး- ပြင်ဦးလွင်
- တောင်ကြီး(တန်ဆောင်တိုင်ပွဲ)- အင်းလေး-ပင်းတယ
- လွိုင်ကော်(ကြက်ဂူ)-ပင်လောင်း-နေပြည်တော်
- ထားဝယ်ရှင်ကိုးရှင်- ကမ်ချနာပူရီ
ဖုန်း-၀၉-၂၅၀၃၈၇၅၂၀၊ ၀၉-၂၅၀၃၉၀၀၂၀၊ ၀၉-၂၅၀၅၃၆၁၁၀

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၃၉၃၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၅၀၇၃၃၄၅
Nov-3, Dec-23 ထွက်မည်
ဘန်ကောက်မြို့ဘုရား ၇-ရက် ၁သိန်း+ဘတ်၃၀၀၀/ ထားဝယ်၊ ကော့သောင်း၊ ရနောင်း၊ သုငွေးကျွန်း ၇-ရက် ၁.၂သိန်း+ဘတ် ၃၀၀၀/ တာချီလိတ်၊ ချင်းမိုင် ၁၀-ရက် ၁.၃သိန်း+ ဘတ်၃၀၀၀/

## ပျောက်ဆုံးကြောင်း

ကျွန်တော်တို့ VALTEC ကုမ္ပဏီ၏ သွင်းကုန်လိုင်စင် (အမှတ်-IL3 14-15 0055 03/04/2014) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၅၉၂၅၅၈၇၉

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်အမှုသည်များဖြစ်ကြသည့် ဒေါ်မြတ်မြတ်ခိုင်နှင့် ဒေါ်စန်းစန်းခိုင်တို့၏ လွှဲအပ်ချက်နှင့်အညီ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈)ဟုခေါ်တွင်သော တိုက်၏မြေညီထပ်(ခေါင်းရင်းခန်း) အကျယ်အဝန်း ပေ(၁၂½×၅၀)ရှိ တိုက်ခန်းသည် မိခင်ဒေါ်ကြည် ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းဖြစ်သကဲ့သို့ ယင်းတိုက် ခန်းရှိရာ တိုက်နှင့်ကပ်လျက်ရှိသည့် ရွှေနဂါးအမည်ရသစ်ဆိုင်သည် ဒေါ်မြတ်မြတ်ခိုင် လိုင်စင်အမည်ပေါက်ဖြစ်သဖြင့် အဆိုပါတိုက်ခန်းနှင့် သစ်ဆိုင်တို့အား ကျွန်ုပ်အမှု သည်များဖြစ်ကြသည့် ဒေါ်မြတ်မြတ်ခိုင်[၁၂/ကမတ(နိုင်)၀၂၁၀၅၈]နှင့် ဒေါ်စန်းစန်းခိုင်[၁၂/ကမတ(နိုင်)၀၀၀၉၃၆]တို့၏ တရားဝင်စာဖြင့် ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ ပေးကမ်းအာမခံထားခြင်း၊ လွှဲပြောင်း အမည်ပြောင်းခြင်း စသည်တို့ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာတရားရုံးတော်မှ နေ၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးငွေဦး(ကြို့ပင်ကောက်) **(LL.B)** တရားလွှတ်တော်ရှေ့နေ ဦးစည်သူအောင်သန်း **(LL.B)** အထက်တန်းရှေ့နေ

ရုံး-အမှတ် (၅၆၁)၊ (ပထမထပ်)၊ **MAC**-တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ဦးကျော်ထွန်း[၁၂/မရက(နိုင်)၀၃၇၃၆၃]ပိုင်ဆိုင်သည့် ဦးမျိုးသန့်[၁၂/ဗတထ(နိုင်)၀၁၄၇၅၀]အမည်ပေါက် အမှတ်(၃၇၆)၊ မဟာသီရိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် အိမ်၏မြေဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံရာဇဝင်မူရင်း၊ စာချုပ်စာတမ်း(၂)စောင်၊ ဦးကျော်ထွန်းနှင့်ဒေါ်စန်းစန်းကြည်တို့၏ နိုင်ငံသားကတ်နှင့်အိမ်ထောင်ဦးစီး ဦးကျော်ထွန်းအမည်ပါ သန်းခေါင်စာရင်းမူရင်းတို့သည် ဗဟန်းမြို့နယ်၊ သလ္လာဝတီလမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၆၈၇၈၊ ၀၉-၂၅၆၃၄၈၃၆၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ်(၂၄၄)၊ မြေကွက်တည်နေရာအမှတ်(၂၄၄)၊ ဦးဥတ္တမလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဒေါ်ခင်ငွေမြင့် (TGK-၀၇၅၈၅၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား လှိုင်သာယာမြို့နယ်၊ တရားမမှုအမှတ်-၂၁၂/၂၀၁၃ အရောင်းမှတ်ပုံတင်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၂၂-၄-၂၀၁၄ ရက်စွဲပါ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် ၃၄/၂၀၁၄ ဖြင့် ဘီလစ်ခန့်အပ်သည့် ၃၀-၇-၂၀၁၄ရက်စွဲပါ အမိန့်စာတို့တင်ပြ၍တရားရုံးဒေါ်ခင်ငွေမြင့်ကိုယ်စား တရားရုံးဘီလစ် ဒေါ်နော်အောင်သိန်းကြွယ်[၁၂/လသယ(နိုင်)၀၀၂၃၂၂]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာခြင်းအား တရားရုံး ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပြည်တွင်းရေးရာ**

## ဘိန်းအစားထိုးသီးနှံ(နှစ်ရှည်ပင်)ပေးအပ်ပွဲ ကျင်းပ

**မောက်မယ်၊ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ တောင်သူများအား ဘိန်းအစားထိုးသီးနှံ (နှစ်ရှည်ပင်) ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်စိုးက ဘိန်းအစားထိုးသီးနှံ (နှစ်ရှည်ပင်) ပေးအပ်ရခြင်းနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးပပျောက်ရေး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့မှ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ဘိန်းအစားထိုး နှစ်ရှည်ပျိုးပင်များဖြစ်သော ရှောက်ချိုပျိုးပင် ၉၀၀၊ ပျားလိမ္မော်ပျိုးပင် ၆၀၀၊ လက်ဖက်ပျိုးပင် ၁၀၀၀၊ ကော်ဖီပျိုးပင် ၁၅၀၀ တို့အား အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

## tqkd u? ta&;? twpD;k qif/ rdjyifyJGS



**ရန်ကုန်၊ အောက်တိုဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင်၏ (၂၀) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲဖွင့်ပွဲကို အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ ဆောက်လုပ်ရေးယန္တရားတောင်ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ သဘင်ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြား၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သဘင်ကောင်စီဥက္ကဋ္ဌ ဦးစိန်ဝင်းတင်၊ မြောက်ပိုင်းခရိုင် (မ. ထ. သ) ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဖျော်ဖြေရေးအစီအစဉ် အပျိုတော်အကဖြင့် မမေသဲထိုက်မှစတင်၍ ကပြဖျော်ဖြေကာ ဂီတစာဆို တက္ကသိုလ်အပန်ငယ် ရေးသားဂုဏ်ပြုစပ်ဆိုထားသော “လက်ဆင့်ကမ်းစို့ မြန်မာ့အမွေ” သီချင်းအား တေးသံရှင်များမှ သီဆိုဖျော်ဖြေကြ၍ အင်းစိန်မြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ တေးသံရှင် မေခလာမှ “ဖိုးလမင်းကို အောင်သွယ်ခိုင်းရမယ်” သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲအတွက် ချီးမြှင့်မည့် ငွေကျပ်ဆယ်သိန်းကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး (ဦးစီးကော်မတီဥက္ကဋ္ဌ) က လက်ခံခဲ့သည်။ ထို့နောက် အနုပညာရှင်များမှ သီဆိုကပြဖျော်ဖြေကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များကို ခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# လယ်သမားများ၏စပါးစိုက်ခင်းများ ရေငတ်နေ၍ စိုက်ပျိုးထားသောစပါးများ အောင်ရေရလိုအပ်နေ



**ညောင်ဦး၊ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဖက်တန်းကျေးရွာတွင် ယခင်နှစ်များက ရေအသင့်အတင့်ရရှိခဲ့သောကြောင့် သင့်တင့်သော စပါးအထွက်နှုန်း ရရှိခဲ့သော်လည်း ယခုနှစ်စပါးစိုက်ကွင်း ၁၃၃၆ ရွှေထီးကန်ကွင်း စပါးခင်းများတွင် ရေမရ၍ ရေငတ်လျက်ရှိရာ အောင်ရေရရှိရန် လိုအပ်နေကြောင်း ဒေသခံတောင်သူများ ထံမှ သိရသည်။

“ကျွန်တော်တို့စပါးခင်းတွေ ရေမရတာကြာပါပြီ။ စိမ့်ခြောက်ခြောက်နေပါတယ်။ တစ်ခါတလေကျတော့ ရေက မွန်းတည့် ၁၂ နာရီလောက်မှ လာပါတယ်။ ရေလည်းလာရော နေကပူနေပြီ။ တောင်သူတွေ အလုပ်မလုပ်နိုင်တော့ဘူး။ ကျွန်တော်တို့ လယ်တွေကို ရေသွင်းရအောင်က မနက်ခင်းနဲ့မလာ။ တစ်နေကုန်လို့လည်းမလာ ဖြစ်တတ်ပါတယ်။ တစ်ခါတလေမှာ ရေလာမယ်ဆိုပြီး ထွန်ယှဉ်ငှားတယ်။ ရေကမလာတော့ ထွန်ယှဉ်ငှားသမားကို ဘာမှမလုပ်ရဘဲနဲ့ ထွန်ယှဉ်ခပေးရတယ်။ တောင်သူက လယ်ကိုသမန်းကျအောင် ရေထည့်ပြီး ထွန်မွှေချင်တယ်။ ရေမလာတော့ တောင်သူမှာ အလုပ်ပျက်တယ်။ အခုဆိုရင်လည်း ကျွန်တော်တို့စပါးခင်းတွေ ရေလိုနေပါပြီ။ မြေကြီးကလည်း ပက်ကြားအက်ကွဲနေပါပြီ” ဟု တောင်ဖက်တန်းကျေးရွာမှ စပါးစိုက်တောင်သူ ဦးရဲမောင်က ပြောသည်။

“ကျွန်တော်တို့လယ်တွေကို ရေပေးမယ်ဆိုရင်လည်း နည်းနည်းနဲ့မဝနိုင်ဘူး။ ဒီနှစ် ကျွန်တော်တို့ စပါးရနိုင်တော့မှာမဟုတ်ဘူး။ ကျွန်တော်တို့လယ်တွေမှာ ဓာတ်မြေဩဇာကျွေးထားပါတယ်။ တစ်ဧကဆိုရင် ငွေကျပ် ၁၅၀၀၀၀ ကနေ ငွေကျပ် ၂၀၀၀၀၀ နီးပါး အရင်းအနှီးရှိပါတယ်။ အခုလိုစပါးခင်းတွေ ဖုန်းတုံးလုံးတုံးအချိန်မှာ ရေပြတ်နေတဲ့အတွက် စပါးတွေဒီနှစ် ရနိုင်တော့မယ်လို့ မထင်တော့ပါဘူး”ဟု ဖက်ကန်ကျေးရွာ လယ်စိုက်တောင်သူ ဦးသာကျန်က ပြောသည်။

“ကျွန်တော်တို့စပါးတွေ အရင်နှစ်တွေကလည်း ရေပြဿနာ မကြာမကြာ ဖြစ်ဖူးပါတယ်။ ဒီနှစ်မှာတော့ တော်တော်ဆိုးပါတယ်။ အရင်ကလည်း ရေမဝတဝသောက်ရတယ်။ အခုလည်း စပါးပင်တွေ ရေငတ်ပြီး မြေကြီးက ပက်ကြားအက်ကွဲနေတယ်။ စပါးခင်းဆိုတာ မြေကြီးအစိုဓာတ် အမြဲတမ်းရှိမှ ကောင်းတာပါ။ အခုတော့ မြေကြီးက ခြောက်နေတယ်။ ကျွန်တော့်လယ်က ကန်နှစ်ကန်၊ ရေပြွန်နံပါတ် ၇၊ နံပါတ် ၈ နံပါတ် ၉ တို့ဖြစ်ပါတယ်”ဟု ဖက်တန်းရွာမှ ဦးကျော်သန်းကပြောသည်။

ညောင်ဦးမြို့နယ်၊ တောင်ဖက်တန်းကျေးရွာနေ လယ်သမားများသည် နှစ်စဉ် ငါ့သရောက်မြစ်ရေတင်ကို အားကိုး၍ မိုးစပါးများစိုက်ပျိုးနေရခြင်းဖြစ်သည်။ **ကျော်ဌေး**

# စာကြည့်တိုက်ဆောက်မည့်မြေနေရာနှင့် စာသင်ဆောင်အား ဝေါမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကြည့်ရှုစစ်ဆေး

**ဝေါ၊ အောက်တိုဘာ ၁၂**

အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သည် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းကိုင်းကျေးရွာသို့သွားရောက်ပြီး နိုင်ငံတော်အစိုးရမှ မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းဖြင့် ပညာအလင်းစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာအထောက်အကူပြုဥက္ကဋ္ဌ ဦးသိန်းမောင်နှင့် ရပ်မိရပ်ဖများက စာကြည့်တိုက်ဆောက်လုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာမီးလင်းရေးအတွက်လည်း ဆန္ဒပြုတင်ပြကြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် လွှတ်တော်ရန်ပုံငွေ ကျပ် ၄၄ သိန်းဖြင့် တည်ဆောက်ထားသော ရှမ်းကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေရှိ စာသင်ဆောင်နှစ်ဆောင် သမံတလင်းခင်းကျင်းနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ညောင်ခါးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ကျေးရွာရှိ ပြည်သူများ အသိဉာဏ်ဗဟုသုတ ပိုမိုရရှိလာရေးအတွက် စာဖတ်အား ပိုမိုကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

**တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်**
**UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ**

**ပညာရေး ဆွေးနွေးပွဲ**

- တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများအတွက် British Technology Education Council (BTEC, Edexcel) မှချီးမြှင့်မည့် QCF Level 5 အဆင့်ရှိ Higher National Diploma in Computing (UK) အကြောင်း။
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာတစ်ယောက်ဖြစ်စေရန် လေ့လာရမည့်ဘာသာရပ်များအကြောင်းနှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုပုံစံများ။
- တက်ရောက်အောင်မြင်ပါက ဆက်လက်ပညာသင်ယူနိုင်မည့် နိုင်ငံတကာတက္ကသိုလ်ကြီးများနှင့် ဝင်ရောက်လုပ်ကိုင်နိုင်မည့် IT အလုပ်အကိုင်အခွင့်အလမ်းများ။

နေ့ရက် ။ ။ ၁၆ရက် အောက်တိုဘာလ ၂၀၁၄ ( ကြာသာပတေးနေ့ )
အချိန် ။ ။ နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ
နေရာ ။ ။ Sule Shangri-La Hotel (ကုန်းဘောင် ခန်းမ)

* လူဦးရေ ကန့်သတ်ထားပါသဖြင့် မိမိတို့၏နေရာ သေချာစေရန် ကြိုတင် စာရင်းပေးသွင်းပြီး အခမဲ့တက်ရောက်နိုင်ပါသည်။

Call Now : 09 86 288 06 / 09 4500 56104

**“ကန့်ကွက်နိုင်ပါသည်”**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(ဘုရင့်နောင်)၊ (၁)ရပ်ကွက်၊ နွယ်သာကီလမ်း၊ မြေကွက်အမှတ် (၄/၁၈)၊ အလျား(၄၀)ပေ၊ အနံ(၆၀)ပေ (ဧရိယာ-၀. ၀၅၅ ဧက)အကျယ်အဝန်းရှိ (၂၅)နှစ်ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် 100KVA Transformer (၁)လုံး၊ ဖုန်းအမှတ်-၀၁-၆၈၆၂၀၄၊ ကြိုးဖုန်း(၁)လုံးတို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ဦးအောင်နိုင်ဦး (၈/စလန(နိုင်)၀၁၂၄၂၈)နှင့် ဒေါ်နန်းစံခမ်း (၁၃/ကလန(နိုင်) ၀၅၃၄၉၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ငွေကြေး(စရန်ငွေ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစောမျိုးစံ
LL.B, D.B.L, D.I.L, D.M.L

ဒေါ်မြသင်းသွယ်
LL.B., DBL, DML, DLP-WIPO(Switzerland)

တရားလွှတ်တော်ရှေ့နေများ

ရုံး - အမှတ်(၉/၁၁)၊ အခန်း(၁၀၁/F)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၁၄၈၇၉၆၊ ၀၉-၅၄၀၉၇၇၃။
- အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့။
ဖုန်း - ၆၄၅၁၇၈၊ ၆၄၅၁၇၉၊ ၆၄၅၁၈၀၊ ၆၄၅၁၈၁၊ ၆၄၅၁၈၂။

# ကပ္ပတိန်အောင်မြတ်တိုး

## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဖေသိန်း) (မြန်မာ့ရေနံ)-ဒေါ်နုနု(ပို့/ဆက်ဦးစီး)တို့၏ချစ်လှစွာသော သား၊ ဒေါ်လှိုင်မြတ်တင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်၏ဖခင် ကပ္ပတိန်အောင်မြတ်တိုး ရဟတ်ယာဉ်မှူး၊ Air Myanmar Aviation Services Co.,Ltd. သည် ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရာမှ ပျောက်ဆုံးသွားသော မြန်မာ တောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာ ကျေးရွာအနီး၌ ၉-၁၀-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ရဲ-၁၉၂၉၊ ရဲမှူး(ငြိမ်း) အောင်မြတ်တိုး

## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဖေသိန်း) (မြန်မာ့ရေနံ)-ဒေါ်နုနု(ပို့/ဆက်ဦးစီး)တို့၏ ချစ်လှစွာသော သား၊ ဒေါ်လှိုင်မြတ်တင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်၏ဖခင် ရဲမှူး(ငြိမ်း)အောင်မြတ်တိုးသည် ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရာမှ ပျောက်ဆုံးသွားသော မြန်မာတောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာကျေးရွာအနီး၌ ၉-၁၀-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)**
**တပ်ဖွဲ့ဝင်များနှင့်မိသားစုများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ကပ္ပတိန်အောင်မြတ်တိုး

## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဖေသိန်း) (မြန်မာ့ရေနံ)-ဒေါ်နုနု(ပို့/ဆက်ဦးစီး)တို့၏ချစ်လှစွာသောသား၊ ဒေါ်လှိုင်မြတ်တင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်၏ဖခင် ကပ္ပတိန်အောင်မြတ်တိုး ရဟတ်ယာဉ်မှူး၊ Air Myanmar Aviation Services Co.,Ltd. သည် ခါကာဘိုရာဇီတောင်ထိပ်သို့တက်ရာမှ ပျောက်ဆုံးသွားသော မြန်မာတောင်တက်သမားနှစ်ဦးအား ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ပူတာအိုခရိုင် နောင်မွန်းမြို့နယ် လန်ဆာကျေးရွာအနီး၌ ၉-၁၀-၂၀၁၄ ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**Air Myanmar Aviation Services Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

# နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာလက်ဝှေ့သမားများ မွေထိုင်းလက်ဝှေ့ကျော်များကို ပွဲချိုပြတ် အလဲထိုးအနိုင်ယူ



ဂေါ်မူတို (သတ္တိ/မြန်မာ)နှင့် မွေထိုင်းချန်ပီယံ သန်ဝါလက်ခ် (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

သတင်း-အောင်ကျော်ဦး ❖ ဓာတ်ပုံ-ဇာနည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ 'ဒွိရိုးရာ'လက်ဝှေ့အသင်းကစီစဉ်ကျင်းပသည့် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်ကြသည့် ငါးချီအထူးစိန်ခေါ်ပွဲများတွင် ပထမဦးစွာ ပွဲထွက်လာသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေဆုရှင် မိုက်ရိုင်း(ရွှေဖူး/မြန်မာ)နှင့် မွေထိုင်းလက်ဝှေ့ကျော် အန်ယူချစ်တို့ပွဲစဉ်၌ ပထမအချီ စစချင်းမှာပင် မိုက်ရိုင်း၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့် အန်ယူချစ်(ထိုင်း)အနားတောင်းရပြီး ဆက်လက်ယှဉ်ပြိုင်ရာ ပထမအချီမှာပင် မိုက်ရိုင်း၏ ထိုးသတ်တိုက်ခိုက်မှုများကို မယှဉ်ပြိုင်နိုင်တော့ဘဲ မိုက်ရိုင်း(ရွှေဖူး/မြန်မာ)ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်အဖြစ် ပြည်နယ်၊ တိုင်းဒေသကြီး ရွှေဆုရှင် ဖိုးလပြည့်(ရွှေဖူး/မြန်မာ)နှင့် ဆီယာ(ထိုင်း)တို့တွဲဆိုင်းဖြစ်သည်။ ဖိုးလပြည့်ထက်ဆီယာက အလုံးအထည်ပိုသာသည်။ သို့သော် အရွယ်ငယ်သော်လည်း ဖိုးလပြည့်၏ လက်သီးတံတောင် အသိမ်းအနုတ်ကလျှော့တွက်၍မရမှုန်း ဆီယာသိသွားပြီး တတိယအချီ တစ်မိနစ် ၄၃ စက္ကန့်မှာပင် အနားတောင်းလိုက်ရသည်။ တတိယအချီ နှစ်မိနစ် ၁၃ စက္ကန့်မှာပင် ဖိုးလပြည့် ထောက်လက်သီးတစ်လုံးတည်းပစ်သွင်း၍ ဆီယာကို အလဲထိုးအနိုင်ရလိုက်သည်။

ပရိသတ်အကြိုက်ပွဲစဉ်တွဲဆိုင်းက ရွှေခါးပတ်ချန်ပီယံ ဒဂုံရွှေဆုရှင် သတ္တိအောင်(ဒွိရိုးရာ/မြန်မာ)နှင့် သိတိပတ်ချ်(ထိုင်း)တို့တွဲဆိုင်းဖြစ်သည်။ သိတိပတ်ချ်၏ တွဲလုံးလက်သီးများကြောင့် သတ္တိအောင်နားထင်ထိပြီး သွေးဖြာကျကာ ဆရာဝန်၏ခွင့်ပြုချက်ဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ထိုအချိန်မှာပင် ပရိသတ်အားပေးသံက မြင့်တက်လာသည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖**

## ယနေ့ မာတိကာ


နှုတ်ထွက်စကား အလေးထား
စာမျက်နှာ - ၂

သီတင်းကျွတ် အထူးဈေးရောင်းပွဲတွင် နန်းမြို့သူ ဖက်ရှင်ရှိုးပြပွဲ ကျင်းပ
စာမျက်နှာ - ၅

တိုင်းရင်းဆေးအပေါ် သူတို့ အမြင်
စာမျက်နှာ - ၉


# အာရှယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပွဲအုပ်စု (ဃ) ပွဲစဉ်များ တစ်ဂိုးစီဖြင့် သရေကျ

သတင်းနှင့်ဓာတ်ပုံ - ကိုကိုစိုးညွှန့်

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှယူ-၁၉ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အိုမန်နှင့်မြောက်ကိုရီးယား၊ ကာတာနှင့်အီရတ်တို့ တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

| | | | |
|---|---|---|---|
| **ပထမပွဲ** | **အိုမန်** | - | **တစ်ဂိုး** |
| | **မြောက်ကိုရီးယား** | - | **တစ်ဂိုး** |

ခြေရည်တူအသင်းများဖြစ်သော်လည်း အိုမန်အသင်းက အခွင့်အရေးပိုမိုရခဲ့သည်။ မကြာခဏဂိုးပေါက်ကို ကန်သွင်းရသော်လည်း ဂိုးအဖြစ်ရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ၇၂ မိနစ်တွင်မှ မူဘာရက်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲပြီးခါနီးတွင် ချေပဂိုးပြန်ပေးလိုက်ရ၍ တစ်မှတ်သာရခဲ့သည်။ မြောက်ကိုရီးယားအသင်းမှာ ပြိုင်ဘက်အသင်းကို လျှော့တွက်ပြီး ဂိုးပေးလိုက်ရမှ ချေပဂိုးရရန် ကြိုးစားခဲ့သည်။ ချေပဂိုးကို ၈၉ မိနစ်တွင် ဆိုဂျောင်ယော့က ပြန်လည်သွင်းယူခဲ့သည်။ နှစ်သင်းစလုံး တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တစ်မှတ်သာရရှိကာ အုပ်စုအဆင့်နဲ့သာ ကျေနပ်ရဖို့ရှိနေသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



ကာတာအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်စဉ်။


WISCO WIN IRON & STEEL Co., Ltd.

ကမ္ဘာ့အရည်အသွေးစံချိန်မီ သံထည်ပစ္စည်းအမျိုးမျိုးကို နိုင်ငံတကာမှ မှာယူတင်သွင်း၍မြန်မာနိုင်ငံတဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။




ဆိုင်အမှတ် (၁) ↳ အမှတ်(၁၅)၊ ဘီ-၄၊ ရတနာသိင်္ဂီလမ်း၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန် (၃)၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့။ ၀၁-၅၉၀၇၅၆

ဆိုင်အမှတ် (၂) ↳ အဆောင်(၁၃၂)၊ အခန်း(၁)၊ နီလာ(၄)လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၁၄၆၇၂၊ ၀၁-၆၄၇၁၄၆

www.winiron-steel.com e-mail: info@winiron-steel.com

Office Tel: 01-374980~2, 379617, 383742, 384734
09-5105768, 09-5042237


themirror.npt@gmail.com
www.facebook.com/themirrordaily

## OVERALL SERVICE MANAGEMENT CO.,LTD

NO (331/B),(NGA) QUARTER, GA GYI BUS STOP,CONER OF NWE NI STREET AND THUDAMAR ROAD,NORTH OKKALAPA TSP,YANGON.

**1. IT ENGINEER** (5) POST
Must be Gradauted (B.C. Sc ) and well experience is preferred.

**2. IT MARKETING MANAGER** (5) POST

**3. IT MARKETING STAFF** (10) POST
Must be well IT marketing experience

**4.STORE KEEPER** (3) POST
Must be well experience

**Apply with suitable evidences**

CONTACT- 09 250 910 317, 09 85 10 613

APPLY TO "staung76@gmail.com"

## Royal Ace Mega Co.,Ltd

**No.97, Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar**
**Ph: 09-32189631, 09-254445513 (ကုဏ္ဍိုင်းမှတ်တိုင်)**
**E-mail: admin@megaace.com.mm**

အသစ်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့် 2D, 3D ရုပ်ရှင်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွက်လက်တက်ကြွပြီး အရည်အချင်းပြည့်ဝသော အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ Cinema Manager ကျား (၄)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- အသက်(၂၅-၄၀)နှစ်အတွင်း ဖြစ်ရမည်။
- ရုပ်ရှင်လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- အခြေခံ HR စီမံခန့်ခွဲမှုများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရမည်။
- Management ပိုင်းကျွမ်းကျင်၍ လူမှုဆက်ဆံရေးပြေပြစ်ရမည်။

၂။ Cinema Supervisor ကျား (၄)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- အသက်(၂၅-၃၅)နှစ်အတွင်းဖြစ်ရမည်။
- Management ပိုင်းကျွမ်းကျင်၍ လူမှုဆက်ဆံရေးပြေပြစ်ရမည်။
- Cinema Managerကိုယ်စား ရုပ်ရှင်ရုံကို စီမံအုပ်ချုပ်နိုင်ရမည်။

၃။ Building Maintainnance Technician ကျား (၁၀)ဦး
- A.G.T.I(EP) ဘွဲ့ရဖြစ်ရမည်။
- အသက်(၂၅-၄၀)နှစ်အတွင်းဖြစ်ရမည်။
- Air Con, Generator များပြုပြင်တတ်ရမည်။

၄။ Theater Technician ကျား (၁၀)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- အသက်(၂၀-၃၀)နှစ်အတွင်း ဖြစ်ရမည်။
- ရုပ်ရှင်ပြစက်နှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းနိုင်သူဖြစ်ရမည်။

၅။ Cinema Accountant မ (၃)ဦး
- စီးပွားရေးဘွဲ့(သို့) LCCI Level II အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၂၀-၂၅)နှစ်အတွင်း ဖြစ်ရမည်။
- လုပ်သက်အတွေ့အကြုံ (၂)နှစ်ရှိရမည်။

၆။ Ticket Counter Sales မ (၁၂)ဦး
- တက္ကသိုလ်ဝင်တန်း(သို့) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အသက်(၁၈-၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အရောင်းစာရင်းများအား တိကျစွာ ကိုင်တွယ်နိုင်သူ ဖြစ်ရမည်။

၇။ Food & Drinks Counter Sales မ (၁၂)ဦး
- တက္ကသိုလ်ဝင်တန်း(သို့) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အသက်(၁၈-၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အရောင်းစာရင်းများအား တိကျစွာကိုင်တွယ်နိုင်သူဖြစ်ရမည်။

၈။ Theater Attendees ကျား/မ (၂၀)ဦး
- တက္ကသိုလ်ဝင်တန်း(သို့) အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
- အသက်(၁၈-၂၅)နှစ်အတွင်း ဖြစ်ရမည်။
- လုပ်သက်မရှိသူများလည်းလျှောက်ထားနိုင်သည်။

၉။ Building Security (လုံခြုံရေး) ကျား (၁၀)ဦး
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အသက်(၂၅-၄၀)နှစ်အတွင်း ဖြစ်ရမည်။
- ရိုးသားကြိုးစား၍ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- ရဲဝန်ထမ်းဟောင်းများဦးစားပေးမည်။

၁၀။ Cleaner (သန့်ရှင်းရေး) ကျား/မ (၁၀)ဦး
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အသက်(၁၈-၄၀)နှစ်အတွင်း ဖြစ်ရမည်။
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

၁၁။ Maintain Helper (စက်ခန်းအကူ) ကျား (၆)ဦး
- အသက်(၂၂-၃၀)နှစ်အတွင်း ဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- မီးစက်၊ Air condition စက်ပိုင်းဆိုင်ရာများအား သင်ကြားပေးမည်။

မှတ်ချက်။ ။ အမှတ်စဉ်(၁၊၂၊၃၊ ၄၊ ၉၊ ၁၁)အတွက် လိုအပ်လျှင် နေရေးစီးစဉ်ပေးမည်။
အမှတ်စဉ်(၃၊ ၄)အတွက် လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍ ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားပေးမည်။

တာမွေမြို့နယ်၊ သာကေတမြို့နယ်နှင့် နီးစပ်သူများအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် မိမိကိုယ်ရေးရာဇဝင် အကျဉ်းချုပ်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၂၄-၁၀-၂၀၁၄ရက် နောက်ဆုံးထား၍ အမှတ်(၉၇)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၂၁၈၉၆၃၁၊ ၀၉-၂၅၄၄၄၅၅၁၃ သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

Form ပိတ်ရက်ပြီးသော်လည်း CV Form များ ဆက်လက်လျှောက်ထားနိုင်သည်။

## ဝန်ထမ်းအလိုရှိသည်။

**Manager (HR/ Admin )** ကျား (၁)ဦး
- အသက်(၃၀ မှ ၄၅)နှစ်၊ ဘွဲ့ရ
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်

**Office Staff** ကျား/မ(၂)ဦး
- အသက်(၂၀ မှ ၃၀)နှစ်၊ ဘွဲ့ရ၊ Word,Excel ကျွမ်းကျင်၊
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်

**အထွေထွေဝန်ထမ်း** ကျား(၁၀)ဦး
-အသက်(၂၀ မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၉-၇၃၀၂၇၇၃၃

## ( ဝန်ထမ်းအလိုရှိသည်။ )

## SAI KHUNG NOUNG Co.,Ltd.

Real Estate , Law Firm
Construction & Decoration

**✳ Site Engineer** ကျား/မ (၂)ဦး

- ♦ B.E(Civil), Exp(5)years အထက်၊
- ♦ အသက်(၃၀-၄၅)နှစ်အတွင်း၊
- ♦ အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။
- ♦ လျှောက်ထားလိုသူများသည် CV.Form၊ ဓါတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊သန်းခေါင်စာရင်းမိတ္တူ၊ Labour card မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားစသည်တို့ဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းအောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ – အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊(ကျိုက္ကဆံစူပါဝမ်းအနီး)၊ တာမွေမြို့နယ်။ ( Ph : 01 - 551197, 09 254 297998)

## ဝန်ထမ်းအလိုရှိသည်

ဝင်းဂုဏ်ရောင်ကုမ္ပဏီ အုတ်၊ သဲ၊ ကျောက်လုပ်ငန်း၊ (၃၃)တိုးချဲ့ရပ်ကွက်တွင် တာဝန်ထမ်းဆောင်ရန် စာရင်းကိုင် မ(၃)ဦးအလိုရှိသည်။ အသက် ၂၅နှစ်မှ ၃၅နှစ်ကြား၊ LCCI Level 3/ B.A(Eco) လုပ်သက်(၂)နှစ်။

**ဆက်သွယ်ရန် -အမှတ်(၁၂၈၇)၊ ပင်လုံလမ်းနှင့်ကျောင်းလမ်းထောင့်၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၅၈၀၅၅၀၊ ၅၈၁၈၂၃။**

## ယာဉ်မောင်းအလိုရှိသည် ကျား(၂)ဦး

၁။ ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး(၂)နှစ်ရှိရမည်။
၂။ အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။
၃။ အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။

**ဆက်သွယ်ရန် အမှတ်(၁၃၀၁)၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၉၈၇၁၉**

## ONE TEA နို့ဆီ

## မှ အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

| ရာထူး/တာဝန် | လစာ | ဦးရေ |
|---|---|---|
| ၁။ စာရင်းကိုင်ချုပ် | ညှိနှိုင်း | (၃) ဦး |
| ၂။ အကြီးတန်း စာရင်းကိုင် | ၂၀၀,၀၀၀/အထက် | (၅) ဦး |
| ၃။ လက်ထောက် စာရင်းကိုင် | ၂၀၀,၀၀၀/ဝန်းကျင် | (၁၀) ဦး |
| ၄။ ဈေးကွက်ကြီးကြပ်ရေးမှူး | ၂၀၀,၀၀၀/အထက် | (၁၀) ဦး |
| ၅။ အရောင်းကြီးကြပ်ရေးမှူး | ၂၀၀,၀၀၀/အထက် | (၁၀) ဦး |
| ၆။ အရောင်းဝန်ထမ်း | ၁၃၀,၀၀၀/အထက် | (၂၀) ဦး |
| ၇။ ရောင်း/မောင်း(၁တန်ယာဉ်) | ၂၂၀,၀၀၀/အထက် | (၂၀) ဦး |
| ၈။ ယာဉ်မောင်း(၂တန်အထက်ယာဉ်) | ၂၅၀,၀၀၀/အထက် | (၂၀) ဦး |

စိတ်ပါဝင်စားသူများသည် အလုပ်လျှောက်လွှာနှင့်အတူ Junction Square Complex အမှတ်(၁၅)၊ ၃၇-ဆ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ ✆ Hot line: 09 259490009

## ဝန်ထမ်းအလိုရှိသည်။

1. Office Staff ကျား/မ (၅၀) ဦး
2. အင်္ဂလိပ်(ဘာသာပြန်) ကျား/မ (၂၀) ဦး

ကျား/မ မရွေး အလုပ်လုပ်ချင်စိတ်ရှိသူတိုင်း လျှောက်ထားနိုင်သည်။
- အသက် (၂၅) နှစ် အောက်ဖြစ်ရမည်။
- ပညာအရည်အချင်း ဘွဲ့ရပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာ အခြေခံ ရှိသူဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်ချောမောသူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**အသေးစိတ်မေးမြန်းလိုပါက-** Ph-09-421097945, 09-31545608

## (၁-၂) အမြန်တည့်အောင် ရောင်း-ငှားမည်

## (၃) ဆိုင်ဝန်ထမ်း အလိုရှိသည်

၁။ ဗဟန်း၊လုံးချင်း၂-ထပ် မြေ(၁၀၀'×၁၀၀')၊ 7-MB, 12-BR, 16-Air con. ကား(၁၀)စီးဆန့်၊ ပါဝါမီတာ၊ ရေ (ကျိုး+ဝီ)၊ ၂၄-နာရီ ရေမီး၊ ကြိုးဖုန်း(၃)လုံး၊ ထောင့်ကွက်၊ လမ်း(၂)ဖက်ဖွင့် (ညှိနှိုင်းဈေး) ရွှေပြည်သာ (၆၀'×၄၀') ၂ကွက်တွဲ ပါမစ်မြေ တစ်ကွက်ချင်းလည်း ရောင်းမည်။ (ညှိနှိုင်းဈေး)

၂။ (၆)ဘီးကား၊ Fuso Fighter (၇)တန်၊ တန်ကြီး၊ ဘာယာ (၁၁)ပတ်လည်၊ သံဘော်ဒီ (21')၊ အင်ဂျင်(16D)၊ ဥလပိုင်း (2015) အထိ လိုင်စင်ဝင်ပြီး ၉ခ/----------------- (ညှိနှိုင်းဈေး)

၃။ အလိုရှိသည် - ဆိုင်မန်နေဂျာ(ကျား/မ) (၁) အသက် (၃၀-၅၀)ကြား၊ စာရင်းကိုင် မ(၂) အသက် (၁၈-၃၀) ကြား၊ Chief Cook (၁) အသက် (၂၅-၅၀) ကြား၊ Waiter (၂၀)ဦး အသက် (၁၈-၂၀) ကြား၊ (ဘွဲ့ရအတွေ့အကြုံရှိသူ ဦးစားပေးမည်။)

**ဆက်သွယ်ရန်** - 01-523335, 09-2131099, 09-73081770

## JOB VACANCY ANNOUNCEMENT

Zorya Services Ltd is a spare-parts & equipment supplier of major oil & gas operators in Myanmar.

Job Title
Sales Executive (2) posts 1Female/1Male

Interested candidates are welcome to send their CVs to either one of the following emails by 22-10-2014

(1) sales @ zoryaservices.com
(2) harold @ ch-intl.com
(3) win@ch-intl.com

## အမျိုးသမီးအရောင်းဝန်ထမ်းအလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့်နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁**
**(ရုံးချိန်အတွင်းသာ)**

## ဝန်ထမ်းအမြန်အလိုရှိသည်

ရန်ကုန်မြို့တွင် တည်ဆောက်မည့်အဆင့်မြင့် Condominium စီမံကိန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။ Quality Surveyor ကျား/မ (၂)ဦး
- AGTI/BE(Civil) ဘွဲ့ရရှိပြီး Q/S လုပ်ငန်းဖြင့် အတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။

၂။ Asst;Quality Surveyor ကျား/မ (၃)ဦး
- AGTI/BE (Civil)ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

၃။ Civil/Structural Engineer ကျား/မ (၂)ဦး
- BE/ME(Civil) ဘွဲ့ရရှိပြီး လုပ်ငန်းဖြင့်အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- ETABS,STAAD PRO အစရှိသည့် software များအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ on-site Structural ပြဿနာများအား ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

၄။ Site Supervisor ကျား (၂)ဦး
- Any Graduate, Construction Site အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
- Construction Safety Training တက်ရောက်ဖူးသူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV Form၊ ပညာအရည်အချင်း ထောက်ခံစာမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ တစ်လအတွင်း ရယူထားသော ရပ်ကွက်ထောက်ခံစာမူရင်း၊ ကာလာဓာတ်ပုံ(၁)ပုံ၊ အခြားတင်ပြလိုသော အထောက်အထားစာရွက်များနှင့်တကွ လူကိုယ်တိုင်(သို့) Email ဖြင့် ၁၃-၁၀-၂၀၁၄ရက်မှ ၁၉-၁၀-၂၀၁၄ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**လျှောက်ထားရမည့်လိပ်စာ**
**Htun Myat Aung Co.,Ltd**
**အမှတ်(၅/၆)၊ ရွှေကိန္နရီအိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၇၂၄၅၆၊ ၀၁-၅၆၄၅၃၀**
**Email address:htunmyataung.co@gmail.com**

